# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)**


၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်နေ့ | ၂၀၁၇ ခုနှစ်၊ မေ ၁၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ်(၁၉၃)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့အား ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

**ပေကျင်း မေ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် ဇနီး မစ္စ ဖန်းလီယွမ်တို့က ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမအရှေ့ဘက် ရင်ပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## နှစ်နိုင်ငံဆက်ဆံရေးကို အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ပေါ်စေရေးအတွက် အတူတကွဆောင်ရွက်ခဲ့

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်မှ ၁၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျန်းတဲ့ကျန်းတို့နှင့်လည်း သီးခြားစီ တွေ့ဆုံခဲ့ပါသည်။ အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မာစေရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးတိုးတက်စေရေးအတွက် နှစ်ဦးနှစ်ဖက် အလေးအနက် အမြင်ချင်းဖလှယ်ခဲ့ကြပြီး တူညီဆန္ဒများ ကျယ်ကျယ်ပြန့်ပြန့် ရရှိခဲ့ပါသည်။

၂။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်း ဖလှယ်သုံးသပ်ခဲ့ကြပြီး၊ ‘ဆွေမျိုးပေါက်ဖော်’ချစ်ကြည်ရင်းနှီးမှုအပေါ် အလေးထားပြောကြားခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား လွန်ခဲ့သည့် နှစ်ပေါင်း (၆၇)နှစ်ကျော်ကာလက သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့စဉ်ကတည်းကပင် နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်ကို အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့ကြပြီး၊ နှစ်ဖက်ပြည်သူများ၏ လက်တွေ့ကျသော အကျိုးစီးပွားအား ဖော်ဆောင်ပေးသည့် နှစ်နိုင်ငံဆက်ဆံရေးကို အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ပေါ်စေရေးအတွက် အတူတကွ ဆောင်ရွက်ခဲ့ကြကြောင်း နှစ်ဖက်လုံးက သဘောတူညီခဲ့ကြပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖


ငွေစုချင်သူများအတွက်

အထူးအစီအစဉ်

FIXED DEPOSIT

FOR THREE MONTHS

10% p.a INTEREST

(၂၈-၄-၂၀၁၇)ရက်အထိ ၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ)နှင့်အထက်(၃)လတိတိအပ်နှံသူများခံစားခွင့်ရှိပါသည်။

AGDBANK

Asia Green Development Bank Limited.

Tel: 01-23 99 333

မြန်မာ့အလင်း

# ဆယ်စုနှစ်ပေါင်းများစွာဖြတ်သန်းလာနိုင်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်

နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အခြေခံစံနှုန်းများအဖြစ် နိုင်ငံတကာ အသိုက်အဝန်းက ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြသည့် “ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်” ကို ထုတ်ပြန်ကျင့်သုံးခဲ့သည်မှာ ဆယ်စုနှစ်များစွာ ရှည်ကြာတည်တံ့ခဲ့ပြီဖြစ်သည်။ တိတိကျကျဆိုရလျှင် မြန်မာ-တရုတ်နှင့် အိန္ဒိယ သုံးနိုင်ငံတို့မှ ခေါင်းဆောင်ကြီးများက စတင်ဖော်ထုတ်ခဲ့ပြီး ၁၉၅၄ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် ၆၃ နှစ်တာ သက်တမ်းသို့ပင်ရောက်ရှိခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးစသည်ဖြင့် နိုင်ငံတကာရေးရာများတွင် အကျိုးသက်ရောက်စေခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ၁၉၅၄ ခုနှစ် ဇွန်လအတွင်း တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း၏ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ခရီးစဉ်အတွင်း အတူတကွထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မူကြီး (၅) ရပ်မှာ-

(၁) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှုကို အပြန်အလှန်လေးစားရေး၊

(၂) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရေး၊

(၃) တစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် အခြားနိုင်ငံမှ ဝင်ရောက်စွက်ဖက်မှုမပြုလုပ်ရေး၊

(၄) တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား တန်းတူညီမျှစွာ ဆက်ဆံရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုရှိရေး၊

(၅) တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ဖြစ်သည်။

ဖော်ပြပါ မူကြီး ၅ ရပ်ကို စတင်ဖော်ထုတ်ကျင့်သုံးခဲ့ကြသော မူလနိုင်ငံ သုံးနိုင်ငံဖြစ်သော မြန်မာ-တရုတ်-အိန္ဒိယနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်အဆက်ဆက်တို့သည်လည်း ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်ကို နှစ်ပေါင်း ၆၀ ကျော်ကာလတစ်လျှောက်လုံး အထူးအလေးအနက်ထားကာ ကျင့်သုံးခဲ့ကြသည့်အလျောက် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွားများကိုလည်း အပြန်အလှန်စောင့်ရှောက်ပေးနိုင်ခဲ့ကာ မူကြီး ၅ ရပ်၏ အရေးပါမှုမှာလည်း အနာဂတ်ကာလသို့တိုင် ဆက်လက်တည်တံ့ကာ ပိုမိုမြင့်မားလာလျက်ရှိသည်ဟု ရှုမြင်နိုင်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပရာတွင်လည်း ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး၊ မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်သို့ တိုးတက်ရောက်ရှိခဲ့ပြီး အဆိုပါဆက်ဆံရေးအခြေအနေကို ပိုမိုမြှင့်တင်သွားရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ဖြစ်ထွန်းရေးနှင့်တကွ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကိုပါ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တရုတ်နှင့်မြန်မာတို့မှာ နှစ်နိုင်ငံအကြား ကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေပြီး ရှည်လျားသည့် သမိုင်းတစ်လျှောက် တန်းတူရည်တူချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆက်ဆံခဲ့ကြသည့် နိုင်ငံများဖြစ်သည့်အပြင် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမှသည် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးသို့ တိုးတက်ရောက်ရှိနေသော နိုင်ငံများဖြစ်ရာ အနာဂတ်ကာလတွင်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မြင့်မားလာမည်ဟု လေးနက်စွာ ယုံကြည်ပါကြောင်း။ ။

# မစ္စတာ အဲဒွါဒို ကပူနန် ဂျူနီယာအား ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အဲဒွါဒို ကပူနန် ဂျူနီယာအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

၎င်းသည် ဖိလစ်ပိုင်စစ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ကိုလည်းကောင်း၊ အာရှစီမံခန့်ခွဲမှုတက္ကသိုလ်မှ စီမံခန့်ခွဲမှု(မဟာဘွဲ့)ကို လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၇၁ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ဖိလစ်ပိုင်တပ်မတော်(လေ)တွင် အကြီးတန်းလေယာဉ်မောင်းအဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အမျိုးသားကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးရုံး၌ လည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၇ ခုနှစ် အထိ ဖိလစ်ပိုင်တပ်မတော်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အထူးလုံခြုံရေးတပ်ဖွဲ့အုပ်စု ခေါင်းဆောင်အဖြစ် လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ဖိလစ်ပိုင်စစ်တက္ကသိုလ်၏ စစ်ဆင်ရေးဆိုင်ရာလက်ထောက်စစ်ဦးစီးမှူးအဖြစ် လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အမျိုးသားပေါင်းစည်းရေးကော်မရှင်၏ အကြံပေးအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ တရားရေးဝန်ကြီးဌာန၊ မျက်မြင်သက်သေကာကွယ်စောင့်ရှောက်ရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာအရာရှိချုပ်အဖြစ် လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဆန်မီဂဲလ်စားသောက်ကုန်လုပ်ငန်း၊ အုပ်ချုပ်မှုဘုတ်အဖွဲ့၏ ညွှန်ကြားရေးမှူးနှင့် ပြည်ပရောက်အလုပ်သမားများဖူလုံရေးအဖွဲ့၏ အကြံပေးအဖြစ် လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ သမ္မတရုံးအကြံပေးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ် မှ ၂၀၀၅ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး၏ ထောက်လှမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အထူးလက်ထောက်အဖြစ် လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လက်ထောက်ဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဖိလစ်ပိုင်လေကြောင်းအာဏာပိုင်အဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ **(သတင်းစဉ်)**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ပြန်ကြားရေးဝန်ကြီးဌာန ခွင့်ပြုပေးနေမှုအခြေအနေ

**နေပြည်တော် မေ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်း အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၆-၄-၂၀၁၇)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၆-၃-၂၀၁၇) ရက်နေ့မှ (၁၇-၃-၂၀၁၇) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သုံးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်း တစ်ဦးနှင့် အထွေထွေ ၁၀ ဦး၊ ပေါင်း ၁၃ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့ အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၁၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၈၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၆၀အား ပြန်ကြားရေးဝန်ကြီးဌာနက အသိအမှတ်ပြု လက်မှတ်များ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**



ရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ရေကောင်းရေသန့်နှင့် ဝမ်းပျက် ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မေ ၁၀ ရက်က မြောင်းမြမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ပြုလုပ်စဉ်
အောင်မင်း(မြောင်းမြ)

# နေပြည်တော် ဇေ ၁၀၀၀ မနသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာများတွင် သုံးရေပြတ်လပ်

**နေပြည်တော် မေ ၁၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဇေ ၁၀၀၀ မနသိဒ္ဓိရပ်ကွက်တွင် ယခုအပတ် စနေ၊ တနင်္ဂနွေ နှစ်ရက်လုံး သုံးရေပြတ်လပ်လျက်ရှိကြောင်း အဆိုပါရပ်ကွက်၌ နေထိုင်သော ဝန်ထမ်းများထံမှ သိရသည်။

“ ဟုတ်တယ်ဗျ၊ ရေက စနေနေ့ကတည်းက မလာတာ၊ ဒီနေ့နဲ့ဆို နှစ်ရက်ရှိပြီ၊ ကျွန်တော်တို့က ဝန်ထမ်းတွေဆိုတော့ တစ်ပတ်လုံးဝတ်ထားတဲ့အဝတ်တွေကို ဒီစနေ ရုံးပိတ်ရက်မှ လျှော်ရတာ၊ အခုတော့ ရေမလာလို့ အဝတ်တွေမလျှော်ရဘူး။ ထမင်းဟင်းချက်တာကတော့ ရေသန့်ဘူးဝယ်ပြီး ရေသန့်နဲ့ ချက်ပြုတ်စားရတယ်။ ရာသီဥတုကလည်း ပူပြင်းတာ လေးငါးရက်လောက်ရှိပြီ၊ ဒီမှာက သိပ်ပူတာ၊ ပူရတဲ့အထဲ ရေက မလာတော့ အတော်စိတ်ညစ်စရာကောင်းတယ်။ ဒီဘက်မှာ တချို့တိုက်တွေဆို ရေမရတာ သုံးရက်ကျော်ပြီ။ ပြီးခဲ့တဲ့သောကြာနေ့ကတည်းက ရေမပေးတာ” ဟု အဆိုပါ ဝန်ထမ်းက ပြောသည်။ ယင်းရပ်ကွက်တွင် ယမန်နှစ်ကလည်း ထိုကဲ့သို့ ရေပြတ်လပ်ခဲ့သေးကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

၁၀-၄-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၁၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၅/၇၀၅ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် | (လက်ကားစျေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားစျေး) |


**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈ ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ ·၅၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၆ |
| တရုတ် | တစ်ယွမ် | ၁၉၇ ·၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ·၄၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ် (ဓာတ်ပုံ-ပြန်/ဆက်)


❊ *ရှေ့စာမှ*

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုသည့်နေရာသို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ-တရုတ် နှစ်နိုင်ငံ သမ္မတများသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

**နှစ်နိုင်ငံဆွေးနွေး**

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ ဆွေးနွေးပွဲကို ပြည်သူ့ခန်းမဆောင်ကြီးရှိ Hei Bei Hall ၌ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကျောက်ဖြူအထူးစီးပွား ရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့်အတူ ဝန်ကြီးများ၊ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် ဇနီး မစ္စ ဖန်းလီယွမ်တို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ် (ဓာတ်ပုံ-ပြန်/ဆက်)

နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီးနောက် ပြည်သူများအကြား ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းခဲ့ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး၊ မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်သို့ တိုးတက်ရောက်ရှိခဲ့ပြီး အဆိုပါဆက်ဆံရေး အခြေအနေကို ပိုမိုမြှင့်တင်သွားရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ဖြစ်ထွန်းရေး၊ နှစ်ဖက်ခေါင်းဆောင်များအကြား အပြန်အလှန်ခရီးစဉ်များ လည်ပတ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ၏ ပညာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရုတ်နိုင်ငံမှ ဆက်လက်အကူအညီပေးရေးတို့အပေါ် ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


**လက်မှတ်ရေးထိုး**

ထို့နောက် နှစ်နိုင်ငံသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပစ္စည်းများအား တရားမဝင် တူးဖော်ခြင်း၊ မှောင်ခိုတင်သွင်းရောင်းချခြင်း ကိစ္စရပ်များကို ကာကွယ်ဟန့်တားနိုင်ရေး အတွက် သဘောတူညီမှုစာချုပ်ကို ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တရုတ်နိုင်ငံ Head of the State Administration of Cultural Heritage, H.E. Mr. Liu Yuzhu တို့က လည်းကောင်း၊ ရေနံစိမ်းသယ်ယူပို့ဆောင်ရေး သဘောတူစာချုပ်ကို မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တရုတ်နိုင်ငံ CNPC ဥက္ကဋ္ဌ Mr. Wang Yilin တို့က အသိသက်သေအဖြစ် လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား စီးပွားရေးနှင့်အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Zhong Shan တို့က လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနတို့အကြား Seafarers Training, Education and Development ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး **H.E. Mr. Zhong Shan** တို့ စီးပွားရေးနှင့် အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်စဉ် (ဓာတ်ပုံ-ပြန်/ဆက်)



ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တရုတ်နိုင်ငံ **Head of the State Administration of Cultural Heritage, H.E. Mr. Liu Yuzhu** တို့ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာပစ္စည်းများအား တရားမဝင်တူးဖော်ခြင်း၊ မှောင်ခိုတင်သွင်း ရောင်းချခြင်းကိစ္စရပ်များကို ကာကွယ်ဟန့်တားနိုင်ရေးအတွက် သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးစဉ် (ဓာတ်ပုံ- ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်း တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌမစ္စတာ ကျန်းတဲ့ကျန်းတို့နှင့် သီးခြားစီတွေ့ဆုံ

**ပေကျင်း မေ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်းနှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံသည်။

**ပိုမိုမြှင့်တင်ဆောင်ရွက်**


တွေ့ဆုံစဉ် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ၁၉၅၀ ခုနှစ်တွင် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီးချိန်မှစ၍ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးအပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ မျက်နှာစာတို့တွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်းတို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း၊ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်းနှင့်အတူ ဝန်ကြီးများ၊ တရုတ်သံအမတ်ကြီး ဟုန်လျန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျန်းတဲ့ကျန်းတို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းနှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၃ မှ*

တရုတ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Li Xiaopeng တို့က လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောစီမံအုပ်ချုပ်မှုဌာနတို့အကြား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တရုတ်နိုင်ငံ Head of the State Forestry Administration H.E. Mr. Zhang Jianlong တို့က လည်းကောင်း နှစ်နိုင်ငံသမ္မတများ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

**နည်းပညာပူးပေါင်းဆောင်ရွက်ရေး စာလွှာများ လဲလှယ်**

ထို့ပြင် Exchange of Letters on Implementation of Deep Sea Port Project and Industry Park Project in Kyauk Phyu SEZ in Myanmar၊ Exchange of Letters on Medical Technic Training Centre Project၊ Exchange of Letter on Myanmar Centre for Disease Control Project နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာလွှာများကို အပြန်အလှန် လဲလှယ်ကြသည်။

**ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော လုပ်ငန်းရှင်များအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် မေ ၁၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ပြီးခဲ့သော ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွင်း ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်များအားဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။



**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်**

အဆိုပါအခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ပေးဆောင်ခဲ့သောစာရင်း ထုတ်ပြန်ကြေညာရာတွင် မြန်မာလုပ်ငန်းရှင် အခွန်ထမ်း ၁၀၀၀ စာရင်းနှင့် နိုင်ငံခြားကုမ္ပဏီများစာရင်းကို ခွဲခြားထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ယခင်နှစ်များအတိုင်းပင် လုပ်ငန်းရှင်ကြီးများပေးဆောင်ခဲ့သော အခွန်ပမာဏအလိုက် ခွဲခြားထုတ်ပြန်၍ အသိပေးကြေညာခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရာတွင် အခွန်ဘဏ္ဍာတောင့်တင်းရေးသည် အဓိကကျပါကြောင်း၊ မည်သည့်အစိုးရမှ အခွန်ဘဏ္ဍာမရှိဘဲ နိုင်ငံမတည်ဆောက်နိုင်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အခွန်တာဝန်ကျေပွန်ခဲ့ကြသော လုပ်ငန်းရှင်များကို ဂုဏ်ပြုပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးမှုအနည်းဆုံးအဆင့်မှ လွတ်မြောက်နိုင်ရေး တစ်နိုင်ငံလုံးရှိလုပ်ငန်းရှင်များနှင့် အဓိကအားဖြင့် အခွန်ထမ်းကြီးများ၏ အင်အားမှာ အဓိကလိုအပ်ပါကြောင်း၊ မိမိပေးဆောင်သင့်ပေးဆောင်ထိုက်သောအခွန်ငွေများကို မပျက်မကွက် ပေးဆောင်ကြစေလိုပါကြောင်းနှင့် လုပ်ငန်းရှင်များ ယခုထက် ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း အဆိုပါအခမ်းအနားအဖွင့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကျင်းပခဲ့သော ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွင်း အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့ တက်ရောက်ကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**

# ပြည်သူနှင့်အတူ

## မပြတ်သောသတိ၊ မလျှော့သောလုံ့လဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်

**အခုဆိုရင် ဒီနှစ်သစ်နဲ့ နောင်လာမယ့်နှစ်များဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ပိုမိုမြင့်မားတဲ့ အဆင့်တစ်ခုဆီသို့ တက်လှမ်းနိုင်စေဖို့ အခွင့်အလမ်းများစွာ သယ်ဆောင်လာမှာ အားလုံးက ယုံကြည်စွာဖြင့် မျှော်လင့်စောင့်စားလျက်ရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ဒီအခွင့်အလမ်းတွေကို အထိရောက်ဆုံး အသုံးချနိုင်ဖို့နဲ့ တိုင်းပြည်အတွက် အကောင်းဆုံးအကျိုးရလဒ်တွေပေါ်ထွက်လာစေဖို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ မပြတ်သော သတိ၊ မလျှော့သော လုံ့လဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။**

(၁၇-၄-၂၀၁၆ ရက်နေ့တွင် ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး သဝဏ်လွှာမှ )

## ပြည်သူအပေါ်မှာ မေတ္တာထားတယ်ဆိုရင် နိုင်ငံအပေါ်မှာလည်း သစ္စာစောင့်ရမယ်

**နိုင်ငံအပေါ်မှာ သစ္စာစောင့်တယ်ဆိုရင် ပြည်သူအပေါ်မှာ မေတ္တာထားရမယ်။ ပြည်သူရဲ့ တိုးတက်ရေးအတွက်ကို စွမ်းဆောင်ရမယ်။ ဒီတော့ ပြည်သူအပေါ်မှာ မေတ္တာထားတယ်ဆိုရင် နိုင်ငံအပေါ်မှာလည်း သစ္စာစောင့်ရမယ်။ ဒါမှသာ အစိုးရတစ်ခုရဲ့တာဝန်ဟာ ကျေပွန်မှာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရအနေနဲ့၊ ကျွန်မက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလို့ ပြောတဲ့အခါမှာ အားလုံးကို သတိပေးချင်တာကတော့ အမျိုးသားရင်ကြားစေ့ရေးအစိုးရလို့ ပြောချင်ပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ *ရှေ့ဖုံးမှ*

၃။ နှစ်ဖက်အကြား အိမ်နီးချင်းကောင်းပီသသော ဆက်ဆံရေးမူဝါဒကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး မဟာဗျူဟာမြောက် ရေရှည်မျှော်မှန်းချက်တစ်ရပ် ချမှတ်ကာ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဦးထိပ်ထားလျက် နှစ်နိုင်ငံအကြား ရှိရင်းစွဲဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် ဆောင်ရွက်သွားကြရန် ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

၄။ နှစ်နိုင်ငံအဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းဖြင့် နီးကပ်သည့် အဆင့်မြင့်ထိတွေ့ဆက်ဆံမှုများကို ထိန်းသိမ်းသွားရန်၊ နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်၊ နှစ်နိုင်ငံအကြား အဆင့်အသီးသီးတွင် ချစ်ကြည်ရင်းနှီးမှုများ ဖလှယ်သွားရန်၊ မဟာဗျူဟာကျသော ဆက်သွယ်မှုများကို မြှင့်တင်ရန်နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အတွေ့အကြုံများ နက်ရှိုင်းစွာဖလှယ်သွားရန် သဘောတူညီခဲ့ကြပါသည်။

၅။ တရုတ်နိုင်ငံက အဆိုပြုထားသည့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အစီအစဉ်ကိုလည်းကောင်း၊ ၂၀၁၇ခုနှစ်၊ မေလတွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု အစီအစဉ်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ"ကို တရုတ်နိုင်ငံ၌ အောင်မြင်စွာလက်ခံကျင်းပနိုင်ရေးကိစ္စကိုလည်းကောင်း မြန်မာနိုင်ငံက အားပေးထောက်ခံပါသည်။

၆။ နှစ်နိုင်ငံအကြား ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရေးနှင့် နှစ်နိုင်ငံအကြား ဘုံတိုးတက်မှုမြှင့်တင်ရေးအတွက် ဖွဲ့စည်းထားရှိသည့် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးတွဲကော်မတီ၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၊ လျှပ်စစ်စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ စသည့် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို ထိရောက်စွာအသုံးချရေးနှင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်စွမ်းအင်၊ ပို့ဆောင်ရေးနှင့် ထုတ်လုပ်မှုစွမ်းအား စသည့်ကဏ္ဍများတွင် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းအခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် လျှောက်လှမ်းရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ပုံမှန်တိုးတက်ရေးတို့အပေါ် ထောက်ခံအားပေးခဲ့ပြီး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုလျက် အကူအညီများ အစွမ်းကုန်ပေးအပ်ရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒအပေါ် ခိုင်မာစွာရပ်တည်ထားချက်ကို ထပ်လောင်းအတည်ပြုခဲ့ပြီး ထိုင်ဝမ်၊ တိဗက်နှင့် ရှင်းကျန်းဒေသအရေးတို့နှင့် ပတ်သက်၍ တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ဆက်လက်ထောက်ခံကြောင်း ဖော်ပြခဲ့ပါသည်။

၈။ နှစ်နိုင်ငံအကြား လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေး၊ ယင်းဒေသရှိ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့ကို ထိရောက်စွာ အတူတကွဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲ ယန္တရားကို ဆက်လက်၍ ထိရောက်စွာအသုံးပြုသွားကြရန် သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေမှုကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံအားပေးကြောင်း ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမှုများကို ကျေးဇူးတင်ရှိကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သောကဏ္ဍမှ ဆက်လက်ကူညီရေးကို ကြိုဆိုကြောင်း ဖော်ပြခဲ့ပါသည်။

၉။ နှစ်နိုင်ငံအကြား ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွမြှင့်တင်ရန်အတွက် ကုလသမဂ္ဂ၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နှင့် အခြားနိုင်ငံတကာမျက်နှာစာများတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြပါသည်။

၁၀။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၎င်း၏ ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုနှင့် ဧည့်ဝတ်ကျေပွန်မှုများအတွက် သမ္မတ မစ္စတာရှီကျင့်ဖျင်အား ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး၊ သမ္မတ မစ္စတာရှီကျင့်ဖျင်အား နှစ်ဖက်အဆင်ပြေမည့်ကာလတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ပါရန် ဖိတ်ကြားခဲ့ပါသည်။ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ကလည်း ဖိတ်ကြားမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြခဲ့ပါသည်။



## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဂျပန်သို့ထွက်ခွာ

**နေပြည်တော် မေ ၁၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ Acting Secretary General Mr. Motoo HAYASHI ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ သွားရောက်ရန် မေ ၉ ရက် ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ လေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က ၂၀၁၅-၂၀၁၆ အခွန် စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အဆင့် ၂၅ နေရာမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော IKBZ (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း) ၏ ဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်**

သဲနိုင်ဦး(မြန်မာစာ)






**ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မင်း ဦးဆောင်၍ မေ ၉ ရက်က ပဲခူးခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စုပေါင်း၍ သောက်သုံးရေပြတ်လပ်သော ကဝမြို့နယ် စာဖြူစုကျေးရွာသို့ သောက်ရေသန့် ဘူးကြီး ၇၀၊ သုံးရေ ဂါလန် ၃၀၀၀ တို့အား သွားရောက်လှူဒါန်းကြစဉ်**

သန့်စင်(ပဲခူး)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များစကားဝိုင်း ကျင်းပမည်

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်းကို နေပြည်တော် MICC - II ၌ ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ ၎င်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် Live စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**Peace Talk**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

**နှင့်**

**ကျေးလက်တောရွာနေ လူငယ်များစကားဝိုင်း**

**MICC-II (နေပြည်တော်) ၁၁-၄-၂၀၁၇**







ဒုတိယသမ္မတဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ရိပ်သာကြီး၏ အမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)က လက်ခံစဉ်

ဓာတ်ပုံ - နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး

# ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ထာဝရဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်း

**ရန်ကုန် ဧပြီ ၁၀**

ဒုတိယသမ္မတဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၂၁) ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား အမွှေးနံ့သာများဆွတ်ဖျန်းခြင်း၊ ခေါင်းလျှော်ပေးခြင်းနှင့် လက်သည်း/ခြေသည်းညှပ်ပေးခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

ထို့နောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအတွက် ထာဝရဆွမ်းပဒေသာပင် ငွေကျပ် ၁၀ သိန်း စိုက်ထူကာ ဘိုးဘွားများအား လိမ်းဆေးများ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

*ကျောဖုံးမှ*

ထို့ကြောင့် ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့် မြန်မာနှင့်ဗီယက်နမ်တို့ပွဲမှာ အရေးပါလာခဲ့ပြီး ဂိုးကွာခြားချက်တွင် ဗီယက်နမ်က အသာရထားသောကြောင့် မြန်မာအသင်းအနေဖြင့် အနိုင်ကစားမှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် အီရန်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆီးရီးယားကို ၁၄ ဂိုး - ဂိုးမရှိ၊ စင်ကာပူကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဗီယက်နမ်အသင်းက ဆီးရီးယားကို ၁၁ဂိုး- ဂိုးမရှိ၊စင်ကာပူကို ရှစ်ဂိုး-ဂိုးမရှိ၊ အီရန်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် ဗီယက်နမ်နှင့်တွေ့ဆုံရာတွင် နိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ နောက်ဆုံးတွေ့ဆုံခဲ့သည့် ၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပယ်နယ်တီအဆုံးအဖြတ်၌ ရှုံးနိမ့်ခဲ့သည်။ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် နောက်ဆုံးနှစ်ကြိမ်ဆက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာအမျိုးသမီးအသင်းအနေဖြင့် သုံးကြိမ်ဆက်ယှဉ်ပြိုင်ခွင့်ရရန် ဗီယက်နမ်ကို အနိုင်ကစားရမည်ဖြစ်သည်။

*ကျောဖုံးမှ*

ဆက်လက်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်း UMFCCI သို့ အသိပေးအကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ဆုံးဖြတ်ချက် ၁၁ ချက်ကိုလည်း အမြန်ဆုံးဖြေရှင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် အဓိကကျသည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၌ လိုအပ်သော မူဝါဒပိုင်းဆိုင်ရာများကို ခေတ်နှင့်လျော်ညီစွာ ချမှတ်ကျင့်သုံး ဆောင်ရွက်နိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများအပေါ် နိုင်ငံတော်အပိုင်းက အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနိုင်ရန် **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ**ကို ဧပြီ ၅ ရက်က နေပြည်တော်၌ ကျင်းပခဲ့ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးဖက် အလှူရှင်များကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း၊ ပုဂ္ဂလိကပိုင်းက ပါဝင်ရမည့်အပိုင်းကဏ္ဍနှင့် အလှူရှင်များ ပါဝင်ကူညီနိုင်မည့် နယ်ပယ်များကိုလည်း ညှိနှိုင်းဖော်ထုတ်ခဲ့ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်းမှ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွား၍ ဝင်ငွေမြင့်မားလာစေရန်အတွက် ဆောင်ရွက်နေသကဲ့သို့ လိုအပ်သော အရင်းအနှီးများစီးဝင်ပြီး ဈေးကွက်တိုးချဲ့ရန်၊ နည်းပညာများကိုပါ လွှဲပြောင်းရယူနိုင်ရန်အတွက်ပါ အထောက်အကူဖြစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါဥပဒေကို လက်တွေ့ကျကျ အမြန်ဆုံးကျင့်သုံး အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

မိမိတို့ နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အကောင်းဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်သူများအတွက် အလုပ်အကိုင်များနှင့် ဝင်ငွေတိုးတက်နိုင်ရေးကို အချိန်တိုတွင်း ရရှိနိုင်မည့် လုပ်ငန်းဖြစ်သည်ဟု အလုပ်ရုံဆွေးနွေးပွဲများနှင့် နိုင်ငံတကာ ပညာရှင် များက အကြံပြုထားပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း။

ထို့အပြင် မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အခြေခံသည့်အတွက် စိုက်ပျိုးရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အချိတ်အဆက်မိရန်လည်း လိုအပ်ကြောင်း၊ ယခုအချိန်တွင် ပြည်ပသို့ ဆန်စပါး တင်ပို့ရောင်းချမှုမှာ ၁ ဒသမ ၇ သန်းကျော် တင်ပို့နိုင်သော်လည်း အရည်အသွေးပိုင်းတွင် ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါက ကမ္ဘာ့ဈေးကွက် ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲများ၌လည်း ကဏ္ဍအလိုက် ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို နားထောင်ဖြေရှင်းပေးလျက်ရှိပါကြောင်း၊ ယင်းအခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသဖြင့် ထိရောက်မှုများ ရှိခဲ့ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် ဆိပ်ကမ်းများတွင် ကုန်သေတ္တာယာဉ်များ တည်းမှုမရှိစေရန် ဖြေလျှော့မှု လုပ်ငန်းစဉ်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည့်အပြင် ရန်ကုန်မြို့ရှိ တံတားဖြတ်သန်းခများကိုလည်း ကောက်ခံမှုကင်းလွတ်ခွင့်ပေးခဲ့သည့်အတွက် ကုန်စည်စီးဆင်းမှုတွင် ပိုမိုအဆင်ပြေချောမွေ့လာပြီဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ အခက်အခဲများကို ဖြေရှင်းနိုင်ရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် အမြဲတမ်းထိတွေ့ပေါင်းစပ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင်လည်း လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများကို ထိထိမိမိတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အခွန်အကောက်ကဏ္ဍ၊ တရားမဝင်ကုန်သွယ်မှုကဏ္ဍ၊ အထည်ချုပ်လုပ်ငန်းကဏ္ဍများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် တွေ့ကြုံရသည့် အခက်အခဲများနှင့် နိုင်ငံတော်အပိုင်းက ပံ့ပိုးဖြည့်ဆည်းရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များနှင့် ပဉ္စမအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ပဉ္စမအကြိမ် စုပေါင်း ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပ




တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသော ဧည့်ပရိသတ်များ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေစဉ် (သတင်းစဉ်)

**နေပြည်တော် မေ ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ပဉ္စမအကြိမ် စုပေါင်း ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ ကုသိုလ်တော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမရှေ့ဉပစာ၌ မန္တလေးမြို့မဟာဝိဇိတာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာ ဘိဝံသ အမှူးပြုသော သံဃာတော် ၁၈ ပါးနှင့် ဒုလ္လဘ ရဟန်း ၂၄၇ ပါးအား သိမ်ဆင်းအလှူတော်အဖြစ် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ရှင်သာမဏေ ၃၉ ပါးကို လည်း လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစု ပဉ္စမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ ကုသိုလ်တော် အခမ်းအနားအား ကျင်းပရာ အခမ်းအနားသို့ မန္တလေးမြို့ မဟာဝိဇိတာရုံ ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာ ဘိဝံသ အမှူးပြုသော ဆရာတော် ၁၈ ပါး ကြွရောက် ချီးမြှင့်တော်မူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ် အပေါင်းတို့က နေပြည်တော် ဇေယျာသီရိမြို့နယ် ကန်ဦးကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိလာသ သာသနဓဇဓမ္မာစရိယထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မဟာဝိဇိတာရုံ ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော်ထံမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ကြားဖြတ်ရွေးကောက်ပွဲနှင့် သူတို့ရဲ့အမြင်များ

**တွေ့ဆုံမေးမြန်း-တင်မောင်လွင်၊ ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး**



ဦးစိုင်းရဲကျော်စွာမြင့်



ဦးချမ်းငြိမ်းအောင်



ဦးနေလင်းစိုး



ဦးတင်ထွန်း

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများတွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ တွေ့ကြုံရသည့် ရွေးကောက်ပွဲအတွေ့အကြုံ အားနည်းချက်၊ အားသာချက်များ၊ လိုအပ်ချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲတွင် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအပေါ် တက်ရောက်လာသူတချို့၏ အမြင်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

**ဦးစိုင်းရဲကျော်စွာမြင့်(အမှုဆောင်ဒါရိုက်တာ)**
**ယုံကြည်ရသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့ (PACE)**

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲက စောင့်ကြည့်လေ့လာမှုတွေရှိချက်အရတော့ တည်ငြိမ်တယ်။ အေးအေးချမ်းချမ်းနဲ့ ပြီးဆုံးတယ်။ နိုင်ငံသားတွေရဲ့ပါဝင်မှု နည်းတာကလွဲရင်ပေါ့။ အကြိုကာလမှာရော ရွေးကောက်ပွဲနေ့မှာပါ တည်ငြိမ်တာ တွေ့ရပါတယ်။ နောက်ပြီး ခြိမ်းခြောက်မှုတွေ၊ မဲဆွယ်စည်းရုံးရေးကာလမှာလည်း တစ်ယောက်နဲ့ တစ်ယောက် ပုတ်ခတ်ပြောဆိုတာတွေ၊ ကျား/မ ဖြစ်မှုပေါ် ပြောဆိုတာတွေ၊ ဘာသာရေးအရပြောဆိုတာတွေ ကျွန်တော်တို့ ဘာတစ်ခုမှ မတွေ့ရဘူးဆိုတော့ ဒါဟာ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲဟာ တည်ငြိမ်တယ်၊ အေးချမ်းတယ်လို့ ပြောလို့ရပါတယ်။

ပထမတစ်ချက်ဖြစ်နိုင်ခြေရှိတာက သတင်းအချက်အလက်ရောက်ရှိမှု နည်းတယ်။ နောက်တစ်ချက်က ပါတီတွေရဲ့လှုပ်ရှားမှုနည်းတယ်။ ပါတီဆိုတာ ကိုယ်စားလှယ်လောင်းတွေမဟုတ်ဘူး။ ပါတီတွေကိုယ်တိုင်ကလှုပ်ရှားမှုတွေ နည်းတယ်။ အခြားသော အရေးကြီးတဲ့ပုဂ္ဂိုလ်တွေ ပါဝင်ပတ်သက်မှု၊ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ပါဝင်ပတ်သက်မှုတွေမရှိဘူး။

၂၀၂၀ ပြည့်နှစ်ကျရင်တော့ နိုင်ငံရေးပါတီတွေလည်း ဒီထက်ပိုပြီးတော့မှ တစ်နိုင်ငံလုံး အတိုင်းအတာဖြစ်မယ်ဆိုတော့ ကျွန်တော်ထင်ပါတယ်။ ပြည်သူလူထုရဲ့ စိတ်ဝင်စားမှု ပိုမြှင့်မယ်လို့ ထင်ပါတယ်။

**ဦးချမ်းငြိမ်းအောင် (ဒါန-ရှေ့ဆောင်မြန်မာ)**
Charity-Oriented Myanmar (COM)

ဒီနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ကောင်းတာလေးတွေ တော်တော်များများကိုလည်း တွေ့ရတယ်။ ရွေးကောက်ပွဲအတွေ့အကြုံလုပ်လာတဲ့ အပိုင်း ရင့်ကျက်လာတဲ့ အတွက်ကြောင့် ရွေးကောက်ပွဲကော်မရှင်ကနေ ဦးစီးပြီးတော့ တခြား လူမှုအဖွဲ့အစည်းတွေ၊ အစိုးရဌာနတွေ ပူးပေါင်းပြီးတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေမှာ Centre Control Unit ပုံစံမျိုးလုပ်ပြီး ကိစ္စတွေကို ဖြေရှင်းပေးတာမျိုးတွေ လုပ်လာတယ်။ ၂၀၁၅ ရွေးကောက်ပွဲတုန်းကဆို ဟိုမဲရုံပြေး၊ ဒီမဲရုံပြေးနဲ့ မဲရုံတွေမှာ အချိတ်အဆက်မရှိတာကို တွေ့ရတယ်။ အခုရွေးကောက်ပွဲမှာ မြို့နယ်တိုင်းမှာ Centre Control Unit တွေထားပြီး အလုပ်လုပ်လာတယ်။ နောက်တစ်ခုက မဲပေးတဲ့သူတွေ ဟိုပြေးဒီပြေး မပြေးရအောင် မဲရုံတွေမှာ လမ်းပြမြေပုံတွေထားတာတွေ၊ မဲရုံတိုင်းမှာ မဲစာရင်းတွေ ကပ်ထားပေးတယ်။ ပညာပေးတွေ ကပ်ထားပေးတယ်။ ဗီနိုင်းတွေ သုံးလာတယ်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေကို One stop service လည်း ကတ်တွေကို ထုတ်ပေးထားတယ်။ နေပြည်တော်ကို အခေါက်ခေါက်အခါခါ လာစရာမလိုတော့ဘူး။ ဒါတွေက အင်မတန်ကောင်းတဲ့အချက်တွေပါ။ နောက်တစ်ချက်က သတင်းအချက်အလက်တွေယူတဲ့အခါမှာလည်း အပြုသဘောဆောင်လာတယ်။ အခုလို ရွေးကောက်ပွဲကော်မရှင်ကအစ ကျွန်တော်တို့ကို ဖိတ်ပြီး အတူတကွ ဆွေးနွေးတာတွေကလည်း ကောင်းပါတယ်။

**ဦးနေလင်းစိုး (မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့-MILI)**

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲက ပြည်သူတွေအားလုံးနီးပါး မသန်စွမ်းတဲ့သူတွေအပါအဝင် စိတ်ဝင်စားမှုနည်းတယ်။ လာရောက်ပါဝင်မဲပေးမှုနှုန်းတွေ၊ ရာခိုင်နှုန်းတွေ နည်းတယ်။ ဒီကော်မရှင်ဗဟိုက ထုတ်ပြန်တဲ့အချက်ကိုကြည့်ရင် ၃၇ ရာခိုင်နှုန်းပဲ မဲလာပေးတာကို တွေ့ရတယ်။ ကျွန်တော်တို့ မသန်စွမ်းတဲ့သူတွေကတော့ ဆောင်ရွက်တဲ့ မြို့နယ် ငါးခုမှာ လက်လှမ်းမီသလောက်ကောက်တဲ့စာရင်း ပြန်တွက်ကြည့်လိုက်တဲ့ အခါကျရင် ပျမ်းမျှ ၅၇ ရာခိုင်နှုန်းမဲလာပေးတယ်။ ဒါဟာလည်း မဲဆန္ဒရှင်ပညာပေးရေးအစီအစဉ် အင်တိုက်အားတိုက်သွားပြီးတော့မှ ဆောင်ရွက်ထားတဲ့ လှုံ့ဆော်ရေး အစီအစဉ်ရဲ့ ရလဒ်လို့ပြောလို့ရတယ်။ အခြားနယ်တွေမှာတော့ မသန်စွမ်း မဲဆန္ဒရှင်တွေရဲ့ မဲပေးမှုက တော်တော်လေးအားနည်းနေပါလိမ့်မယ်။ နောက်တစ်ချက်က ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူအများက စိတ်ထဲမှာ ဘယ်လိုယူဆကြလဲဆိုတော့ သူတို့မဲပေးလိုက်ပေမယ့် အစိုးရက သိပ်ပြီးအပြောင်းအလဲဖြစ်မသွားဘူးဆိုတာမျိုးပါ။ အရင်တုန်းက မဲပေးပြီးရွေးထားတဲ့ အစိုးရအတိုင်းရှိနေမှာပဲပေါ့နော်။ ဒါကြောင့် ပေးလိုက်တဲ့မဲတွေက ကိုယ်စားလှယ်လောင်းတွေကို ထပ်ပြီးတော့ အစိုးရကို ပြောင်းလဲနိုင်တဲ့ အခြေအနေမဖြစ်ပေါ်ဘူး။ မဲသွားမပေးလည်း ရတယ်၊ မထူးဘူးဟု စိတ်ခံစားချက်တွေရှိတယ်။ နောက်တစ်ခုက စားဝတ်နေရေးအတွက် ရုန်းကန်နေကြရတာလည်း ရှိတယ်။ ဒါကြောင့်လည်း ရာခိုင်နှုန်းတွေနည်းတာလို့ ပြောလို့ရတယ်။

**ဦးတင်ထွန်း (ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး)**
**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်**

ဒီနှစ်ပြုလုပ်တဲ့ ၂၀၁၇ ရွေးကောက်ပွဲကတော့ အေးချမ်းတည်ငြိမ်ပြီး အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးသွားတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ ဒီပွဲက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ကျေးသီးမြို့နယ်နဲ့ မိုင်းရှူးမြို့နယ်တွေမှာ အောင်အောင်မြင်မြင်ကျင်းပပေးနိုင်လို့ ပိုပြီးဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့အနေနဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေများနဲ့အညီ ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ အတွေ့အကြုံတွေပေါ် မူတည်ပြီး အုပ်ချုပ်မှုနဲ့ စီမံကွပ်ကဲမှုများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ စောင့်ကြည့်လေ့လာသူတွေရဲ့ သုံးသပ်ချက်ကို ပြန်ပြောရရင် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲက လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲဖြစ်တယ်လို့ သူတို့ကိုယ်တိုင် ပြောဆိုသွားတာလည်း ရှိပါတယ်။ ကျွန်တော်တို့ ကော်မရှင်က ရွေးကောက်ပွဲတစ်ခုပြီးတိုင်းပြီးတိုင်း ပြန်လည်သုံးသပ်မှုတွေ လုပ်ပါတယ်။ ရွေးကောက်ပွဲဖြစ်စဉ်မှာ ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီးတော့ ကျွန်တော်တို့ အကြံဉာဏ်တွေ ရယူပါတယ်။ အဲ့ဒီအတိုင်း ပြုပြင်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်လို့ ရွေးကောက်ပွဲကလည်း တစ်ကြိမ်နဲ့တစ်ကြိမ် ပိုမိုကောင်းမွန်လာဖို့ရှိပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ရွေးကောက်ပွဲအတွေ့အကြုံတွေပေါ် မူတည်ပြီးတော့ ပထမဦးဆုံး မဲစာရင်းပြည့်စုံမှန်ကန်မှုကို ဦးတည်ပြီး လုပ်ခဲ့ပါတယ်။ နောက် တစ်အိမ်တက်ဆင်း မဲစာရင်းပြည့်စုံမှု ပိုမိုမှန်ကန်ဖို့ အခုလို လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ပညာပေးဆောင်ရွက်ခြင်းအပိုင်းတွေကိုလည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့တယ်။ ဝန်ထမ်းတွေကိုလည်း ရွေးကောက်ပွဲဆိုင်ရာပညာသင်တန်းတွေပေးရလို မဲဆန္ဒရှင်ပြည်သူတွေကိုလည်း ပညာပေးသင်တန်းတွေ ပြုလုပ်ပေးတယ်။ အဲ့လိုလုပ်တဲ့အခါ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့အကူအညီနဲ့ နိုင်ငံတကာရဲ့ နည်းပညာ အထောက်ပံ့တွေယူပြီးတော့ ကျွန်တော်တို့ မြို့နယ်၊ ရပ်ကွက်တွေအထိ ပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီထက်လည်း ပိုဆောင်ရွက်သွားဖို့ရှိပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲဆိုတာကတော့ အထွေထွေရွေးကောက်ပွဲနဲ့စာရင် ပြည်သူလူထုရဲ့ စိတ်ဝင်စားမှု အားနည်းတဲ့ သဘောသဘာဝရှိပါတယ်။ ဒါကလည်း ကျွန်တော်တို့နိုင်ငံမှာတင် မဟုတ်ပါဘူး။ ကျွန်တော်လေ့လာခဲ့တဲ့ နိုင်ငံအသီးသီးမှာလည်း အဲ့လိုမျိုးတွေ့ ရှိရပါတယ်။

# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြုပြင်ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း




နေပြည်တော် မေ ၁၀

**နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြုပြင်ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)**

သတင်းစာရှင်းလင်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကလေးသူငယ်အခွင့်အရေးဥပဒေကို ရေးဆွဲလျက်ရှိ**

သတင်းစာရှင်းလင်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကလေးသူငယ်များနှင့် ပတ်သက်သည့်အမှုများ ယခုအခါ ပိုမိုတွေ့လာရပါကြောင်း၊ သက်ငယ်မုဒိမ်းမှု စသည်ဖြင့် အမှုပေါင်းစုံတွေ့လာရသည့်အတွက် ကလေးသူငယ်အခွင့်အရေးဥပဒေကို မိမိတို့ရေးဆွဲလျက်ရှိပါကြောင်း၊ အတည်ပြုရန်သာ ကျန်ရှိပါကြောင်း။

လူငယ်များနှင့်ပတ်သက်၍ မိမိတို့တွင် လူငယ်မူဝါဒမရှိသေးပါကြောင်း၊ ထို့ကြောင့် လူငယ်များကို စနစ်တကျစုစည်းပြီး လူငယ်အကျိုးနှင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်နိုင်ရန်အတွက် လူငယ်မူဝါဒကို မိမိတို့ရေးဆွဲနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် အမျိုးသမီးများအတွက် အခွင့်အရေးများ ရနိုင်သလောက်ရအောင်ပေးရန် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်မည့်ဥပဒေ၊ အကြမ်းဖက်မှုမှ ကာကွယ်သည့်ဥပဒေစသည်ဖြင့် အမျိုးသမီးနှင့် ဆိုင်သည့်ဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း။

မသန်စွမ်းဥပဒေသည် ၂၀၁၅ခုနှစ်ကတည်းက ပေါ်ပေါက်ခဲ့ပါကြောင်း၊ ပိုပြီး တိတိကျကျကျင့်သုံး၍ရရန် နည်းဥပဒေကို ဖော်ဆောင်ရန် ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရပါကြောင်း၊ မသန်စွမ်းအဖွဲ့အစည်းများအား တတ်နိုင်သလောက် အခွင့်အရေးများ ပေးနိုင်အောင် ရေးဆွဲခဲ့ပါကြောင်း၊ သက်ကြီးရွယ်အိုဥပဒေကိုလည်း ရေးဆွဲနေပြီဖြစ်ကြောင်း။

**သက်ကြီးရွယ်အိုပင်စင်အား ယခုဘတ်ဂျက်က စမည်**

သက်ကြီးရွယ်အိုပင်စင်အား ယခုဘတ်ဂျက်က စမည်ဖြစ်ပါကြောင်း၊ အသက်(၉၀) ကျော်သူများကို တစ်လကို တစ်သောင်း ထောက်ပံ့မည်ဖြစ်ပါကြောင်း။ မူဝါဒချမှတ်ထားသည့် အခြေခံလူ့အခွင့်အရေးလူတိုင်းရရှိရေးဆိုသည်ကို အကောင်အထည်ဖော်သည့် သဘောဖြစ်ပါကြောင်း။

နောက်တစ်ချက်မှာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဖြစ်ကြောင်း၊ ခြုံပြီးပြောရပါက မိမိတို့မူဝါဒချမှတ်ထားသည်မှာ ကောင်းမွန်ပြည့်စုံသော စီမံခန့်ခွဲမှုထိရောက်သော စီမံခန့်ခွဲမှုစနစ်တစ်ရပ်ပေါ်ပေါက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ယခု ကယ်ဆယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေးများ လုပ်နေပါကြောင်း၊ သို့သော် မိမိတို့၏စီမံခန့်ခွဲမှုအများကြီးလိုအပ်နေသည်ကို တွေ့ရပါကြောင်း။

သဘာဝဘေးတစ်ခုဖြစ်ပါက ချက်ချင်းဖြစ်သည့်နေရာကို တုံ့ပြန်နိုင်ရမည်ဖြစ်ပါကြောင်း၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၏မူဝါဒမှာ စီမံခန့်ခွဲမှုပုံစံကို ကောင်းအောင်ကြိုးစားပါကြောင်း၊ ခံနိုင်ရည်ရှိသည့် အသိုင်းအဝိုင်းဖြစ်အောင် လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ လူမှုတွင် လူ့ဂုဏ်သိက္ခာနှင့် ပြည့်စုံသည့် အသိုင်းအဝိုင်းဖြစ်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးတွင် ခံနိုင်ရည်ရှိသည့် အသိုင်းအဝိုင်းဖြစ်အောင် ကြိုးစားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်ရန်အတွက် စီမံခန့်ခွဲသည့် စနစ်များပြောင်းလဲပြီး ဆောင်ရွက်နေပါကြောင်း၊ အောင်မြင်ရန်အတွက် အဓိကအားဖြင့် လူမှုအဖွဲ့အစည်းများ၊ UNIGO များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး အဖြစ်သို့ရောက်ရှိစေရန် ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည့် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ညီနောင်တပ်ဖွဲ့၊ ဦးစီးဌာနများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းကာ လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**Call Centre စနစ် တည်ဆောက်**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် မြို့နယ် ၁၈၀ မြို့နယ်တွင် တပ်ဆင်ထားသည့် 199 Hot Line များသို့ ကြိုးဖုန်းအပြင် CDMA ဖုန်းမှလွဲ၍ အခြား Mobile ဖုန်းများအားလုံး ခေါ်ဆိုနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့များတွင်လည်း 199 သို့ ခေါ်ဆိုပါက တစ်နေရာတည်းမှ တာဝန်ယူလက်ခံပေးသည့် Call Centre စနစ် တည်ဆောက်ခဲ့ပါကြောင်း၊ အလားတူ ပြည်သူလူထုကို ဝန်ဆောင်မှုများ ပိုမိုပေးစွမ်းနိုင်ရန်အတွက် နေပြည်တော်နှင့် မန္တလေးမြို့ကြီးများတွင် CCTV Command Centre များကို တည်ဆောက်ပြီးစီးခဲ့ပါကြောင်း။

ရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် ဩစတြေးလျရဲတပ်ဖွဲ့၊ ဩစတြေးလျနိုင်ငံ နယ်ခြားစောင့်ရဲအဖွဲ့၊ ဂျပန် KUSI ရဲတက္ကသိုလ်၊ ဆွီဒင်နိုင်ငံအခြေစိုက် လုံခြုံရေးနှင့် မူဝါဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (ISDP)၊ နိုင်ငံတကာရွှေ့ပြောင်းသွားလာမှုအဖွဲ့အစည်း (IOM) တို့နှင့် MoU များ လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**One Stop Shop ရုံးများထူထောင်**

One Stop Shop ရုံးများထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) များ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဝန်ကြီးဌာနရှစ်ခုမှ အမြဲတမ်းအတွင်းဝန်များအား အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးပြီး စုစုပေါင်း ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီများတွင် (One Stop Shop) များ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးဆပ်ကော်မတီကို တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ပြီး အဖွဲ့ဝင် ၁၂ ဦး၊ စုစုပေါင်း ၁၃ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

ငွေကြေးခဝါချမှုစိစစ်ခြင်းလုပ်ငန်းများအား စိစစ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအား တာဝန်ပေးအပ်ခဲ့သည့် အမှုပေါင်း ၉၃ မှု အနက် ၅၆ မှုအား စိစစ်ဆောင်ရွက်ပြီးဖြစ်၍ ၃၇ မှုအား ဆက်လက်စစ်ဆေးဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အမှုငါးမှုအား တရားစွဲဆိုဆောင်ရွက်ခဲ့ပြီး စုံစမ်းစစ်ဆေးရသည့်တိုင်စာ ၆၈ မှု အနက် ၅၂ မှု ဆောင်ရွက်ပြီးစီးခဲ့ပြီး ၁၆ မှုအား စစ်ဆေးဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

**ဖြေလျှော့မှုများ ဆောင်ရွက်**

အကျဉ်းဦးစီးဌာနအနေဖြင့် အစိုးရသစ်လက်ထက်တွင် ထောင်ဝင်စာတွေ့ဆုံ ခွင့်ပြုသည့်လုပ်ငန်းစဉ်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကျဉ်းသား၊ အချုပ်သားမခွဲဘဲ ညှိတွေ့ခွင့်ကို တစ်ပတ်လျှင်တစ်ကြိမ် တွေ့ဆုံပေးခြင်း၊ ညှိတွေ့ချိန်ကိုလည်း အနိမ့်ဆုံး ၂၅ မိနစ်အထိ တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အကျဉ်းဦးစီးဌာန အနေဖြင့် အကျဉ်းသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျင့်စာရိတ္တကောင်းမွန်စေရေးတို့အတွက် “အ” သုံးလုံး ပညာသင်ကြားပေးခြင်း၊ ဘာသာရေးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ အတန်းပညာ ဆက်လက်သင်ကြားပေးခြင်း၊ အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မီးသတ်ဦးစီးဌာနသို့ ပိုလန်နိုင်ငံအစိုးရ နောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှုချေးငွေမှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ (ODA) အစီအစဉ်ဖြင့် ခေတ်မီအဆင့်မြင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်၊ အထောက်အကူပြုယာဉ် စုစုပေါင်း ၆၅ စီးနှင့် စက်ကိရိယာများ၊ ဆက်စပ်ပစ္စည်းများဝယ်ယူရန် ယူရို သန်း ၅၀ အား ကမ်းလှမ်းချက်အရ ချေးငွေရယူနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုချက်ရရှိပြီး အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအနေဖြင့် အိတ်ဖွင့်တင်ဒါပေါင်းရှစ်ခု ခေါ်ထားပါကြောင်း၊ စီမံကိန်းအား ၂၀၁၆-၂၀၂၃ မတိုင်မီ ပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအဆင့် ရန်ကုန်-တောင်ငူအား ၂၀၂၀ မတိုင်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက တစ်နာရီကီလိုမီတာ ၁၀၀ နှုန်းဖြင့် ခုတ်မောင်းနိုင်မည်ဖြစ်ပြီး ခရီးသွားကြာချိန်ကို ၁၆ နာရီမှ ၈ နာရီသို့ လျှော့ချပြေးဆွဲနိုင်မည်ဖြစ်ပါကြောင်း။

ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်မှုများ အနေဖြင့် သယ်ယူပို့ဆောင်ရေးအတွက် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ကုလားတန် စသည်ဖြင့် မြစ်များစွာ ရှိသော်လည်းတောပြုန်းခြင်း၊ တောင်ပြုန်းခြင်း၊ စည်းကမ်းမဲ့ သတ္တုတူးခြင်း၊ ရွှေတူးခြင်းများကြောင့် မြစ်ကြီးများတိမ်ကောလာပြီး ရေနစ်မြုပ်ခြင်း၊ မြစ်ကြောင်းပြောင်းလဲခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ မိုးအခါရေကြီးပြီး နွေအခါသောင်ထွန်းခြင်းများသည် နှစ်ပေါင်းများစွာ မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် ထိန်းသိမ်းမှုများမရှိခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်သည် ဗန်းမော်မြို့မှ ရန်ကုန်မြို့အထိ ရေကြောင်းသွားလာနိုင်သည့် အလျား ၈၃၉ မိုင်ရှိသည့်အနက် ရေလမ်းကြောင်းကောင်းမွန်ပြီး ပြုပြင်ရန်မလိုသည့် အလျားမှာ ၃၇၂ မိုင်၊ ပြုပြင်ပြီး ၁၅ မိုင်၊ ပြုပြင်ရန် အလျား ၄၄၄ မိုင် ဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်သည် ခန္တီးမှ ချင်းတွင်းဝအထိ ရေကြောင်းသွားလာနိုင်သည့် အလျား ၅၀၇ မိုင်ရှိသည့်အနက် ရေလမ်းကြောင်းကောင်းမွန်ပြီး ပြုပြင်ရန်မလိုသည့် အလျားမှာ ၃၂၀ မိုင်၊ ပြုပြင်ပြီး ၁၅ မိုင်၊ ပြုပြင်ရန်အလျား ၁၇၀ မိုင်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် မန္တလေး-ညောင်ဦးအပိုင်း မြစ်ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်ရန် စီမံချက်ရေးဆွဲလျက်ရှိပြီး မန္တလေးရေလမ်းကောင်းမွန်ရေးစတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ခုနစ်ခု၊ သီးသန့်ရန်ပုံငွေ ၁၃ ခုတို့ဖြင့် ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများကို စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ဧရာဝတီနှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

သီလဝါတွင် မီတာ ၄၀၀ ရှည်သည့် ဆိပ်ခံတံတားကို ဂျပန် ODA ချေးငွေဖြင့် ၂၀၁၈ ခုနှစ်တွင် ပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၀ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ တည်ဆောက်ပြီးစီးလျှင် ပုဂ္ဂလိက Operator မှ စီမံခန့်ခွဲမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မီတာ ၆၀၀ ကိုလည်း ဆိပ်ခံတံတား တည်ဆောက်နိုင်ရန် ရင်းနှီးမြှုပ်နှံသူ ရှာဖွေလျက်ရှိပါကြောင်း၊ ရန်ကုန်မြစ်ရေလမ်းကြောင်းအား လိုအပ်သည့် ရေအနက် ရရှိစေရန် အိတ်ဖွင့်တင်ဒါခေါ်ယူထားပြီးဖြစ်ပါကြောင်း၊ အရေးပေါ်ဖြစ်သည့် Elephant Point ရေလမ်းကြောင်း သောင်တူးဖော်မှုကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

**လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်း**

ပြည်တွင်းပြည်ပလေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမှုအနေဖြင့် မြန်မာအမျိုးသားလေကြောင်းသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုဘဏ္ဍာငွေပြင်ပမှ ရပ်တည်ခဲ့ပြီး ကော်ပိုရေးရှင်းအသွင် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားပြည်သူများကို ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်နိုင်ရန် ART ကိုးစီး၊ Boeing လေးစီး၊ Embraer နှစ်စီး၊ Grand Caravan လေးစီး လေယာဉ်သစ်များ ဖြည့်တင်းခဲ့ပါကြောင်း၊ ပြည်တွင်းလေဆိပ် ၂၈ ခုသို့ ပုံမှန်ပျံသန်းလျက်ရှိပြီး ပြည်ပခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲလျက်ရှိပါကြောင်း၊ တစ်နှစ်တာအတွင်း ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-မန္တလေး-ဘန်ကောက်၊ ရန်ကုန်-ဟောင်ကောင်၊ ရန်ကုန်-ဂယာ၊ ရန်ကုန်-ချင်းမိုင် ခရီးစဉ် များကို စတင်ပြေးဆွဲနိုင်ခဲ့ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ပြီးခဲ့သည့် မတ်လအတွင်း Intelsat Global Sale and Marketing Ltd နှင့် ငါးနှစ် သက်တမ်းချုပ်ဆိုခဲ့ပြီး မြန်မာဂြိုဟ်တုစနစ် စီမံကိန်း Myanmar Sat 1 ကို တည်ထောင်ခဲ့ကြောင်း၊ ဂြိုဟ်တုချန်နယ်များကို ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများသို့ သက်သာသောနှုန်းထားများဖြင့်တစ်ဆင့် ပြန်လည်ငှားရမ်းသွားရန်

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၆၀၀ MHz လှိုင်းနှုန်းစဉ်အား ပွင့်လင်းစွာ လေလံခေါ်ယူခဲ့ရာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၁၆ သန်း လေလံအောင်မြင်ခဲ့ပါကြောင်း၊ လှိုင်းနှုန်းစဉ် အသုံးပြုခအဖြစ် ယခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၇၄ သန်း ရရှိခဲ့ပါကြောင်း၊ ၁၈၀၀ လှိုင်းနှုန်းစဉ်ကိုလည်း ဆက်သွယ်ရေး အော်ပရေတာ လေးဦးအား ပုံသေနှုန်းထားစနစ်ဖြင့် သတ်မှတ်ခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်တွင် အသုံးပြုခ အမေရိကန်ဒေါ်လာ သန်း ၁၆၀ ရရှိရေးဆောင်ရွက်လျက်ရှိကြောင်း။

**မိုးလေဝသရေဒါသုံးလုံးတပ်ဆင်**

မိုးလေဝသနှင့်ဇလဗေဒကဏ္ဍအနေဖြင့် မုန်တိုင်းများ၏ တည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမှုလမ်းကြောင်းများကို အချိန်နှင့် တစ်ပြေးညီထောက်လှမ်း၍ သတိပေးချက်များ အခါမလပ် ထုတ်ပြန်နိုင်ရန် မိုးလေဝသရေဒါသုံးလုံးကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် တပ်ဆင်လျက်ရှိပါကြောင်း၊ ပထမရေဒါကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျောက်ဖြူမြို့နယ် မင်းပြင်ရွာ၊ ဒုတိယရေဒါကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေး၌တပ်ဆင်ခဲ့ပြီး မုန်တိုင်းဖြစ်ပေါ်မှုများကို သုံးနာရီလျှင်တစ်ကြိမ် တစ်နေ့ ရှစ်ကြိမ် ရှာဖွေထောက်လှမ်းလျက်ရှိပါကြောင်း၊ မန္တလေးရေဒါကို ၂၀၁၇ ခုနှစ် မေလတွင် တပ်ဆင်ပြီးစီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုအနေဖြင့် နှစ်အလိုက် မှတ်ပုံတင်များ ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ မော်တော်ယာဉ် ၁၀၀၃၅၈၈ စီး၊ ဆိုင်ကယ် ၅၁၂၂၇၀၁ စီး စုစုပေါင်း ၆၁၂၆၂၈၉ စီး ရှိလာပြီးဖြစ်ကြောင်း၊ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီကို ဖွဲ့စည်း၍ မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစီမံချက် ၂၀၁၄-၂၀၂၀ ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း။ ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းရန်၊ ယာဉ်မတော်တဆထိခိုက်မှု၊ ထွက်ပြေးတိမ်းရှောင်နေသော ယာဉ်များနှင့် မှတ်ပုံတင်မဲ့ယာဉ်များအား စစ်ဆေးထိန်းချုပ်ရန်အတွက် ယာဉ်များတွင် Radio Frequency Identification (RFID) စနစ် တပ်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**မလိခတံတား(မချမ်းဘော့) တည်ဆောက်**

ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ဝန်ကြီးဌာန၏ တစ်နှစ်တာအတွင်း ပြုပြင်ဆောင်ရွက်ချက်များအနေဖြင့် ကချင်ပြည်နယ်တွင် မလိခတံတား(မချမ်းဘော့) တည်ဆောက်ပေးခဲ့ပြီး မချမ်းဘော့မှ နောင်မွန်းအထိ ကျောက်ချောလမ်းခင်းခြင်းနှင့် လမ်းချဲ့ပေးခဲ့သဖြင့် နေ့ချင်းပြန်၍ ရနေပြီဖြစ်ကြောင်း၊ ရွှေဘိုမှ မြစ်ကြီးနားအပိုင်းကိုလည်း ကွန်ကရစ်လမ်းခင်း၊ လမ်းချဲ့ခဲ့မှုကြောင့် မန္တလေးမှ မြစ်ကြီးနားထိ တစ်ရက်တည်းဖြင့် အရောက်သွား၍ ရနေပြီဖြစ်ကြောင်း။

ကယားပြည်နယ်တွင် လွိုင်ကော်မြို့တွင်းလမ်းကို AC ခင်းပြီး တန် ၆၀ ခံနိုင်သော ဘီလူးချောင်းတံတား ပေ ၂၇၀ ကိုလည်း မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်တွင် မြဝတီတံတား အမှတ် (၂) နှင့် ချဉ်းကပ်လမ်းများကို ၂၀၁၉ ခုနှစ်အစပိုင်းတွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ပါကြောင်း၊ အရှေ့အနောက်စင်္ကြံ လမ်းမကြီးဖြစ်သည့် မြဝတီ- ကော့ကရိတ်- ဘားအံ- ကျိုက်ထို-ရန်ကုန် လမ်းတွင် အိန္ဒူ-ကော့ကရိတ်အပိုင်းအား ADB ချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အိန္ဒူ-ဇာသပြင်အပိုင်းတွင် AC လမ်း (၁၅)မိုင်အား မတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဘားအံ-နောင်လုံ-အိန္ဒူလမ်း၏ ဘားအံမြို့တွင်းလမ်းပိုင်းအား AC ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုဒုံ-မြဝတီလမ်းပေါ်တွင်ရှိသော လှိုင်ကွယ်တံတား ပေ ၃၀၀ ၊ သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းပေါ်တွင်ရှိသော ဇမိတံတား ပေ ၃၃၀ နှင့် ဆင်ပြေးတံတား ပေ ၁၈၀ တို့ကို မေ ၈ ရက်က ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။

အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းဖြစ်သည့် အိန္ဒူ-ကော့ကရိတ်လမ်းပေါ်တွင် JICA ODA ချေးငွေဖြင့် ဂျိုင်း (ကော့ကရိတ်)၊ ဂျိုင်း (ဇာသပြင်)နှင့် အတ္တရံတံတားများကို ခေတ်မီနည်းပညာများဖြင့် အသစ်ပြန်လည် တည်ဆောက်ရန် F.S နှင့် EIA, SIA များ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်တွင် မန္တလေး-လားရှိုး-မူဆယ်လမ်း ဂုတ်ထိပ်တံတားအသစ်ကို မကြာမီ တည်ဆောက်နိုင်တော့မည်ဖြစ်ကြောင်း၊ ရောဝတီတိုင်းဒေသကြီးတွင် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းကိုလည်း Stalibizated နည်းပညာအသစ်သုံး၍ ADB ချေးငွေဖြင့် AC လမ်းအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးသိုင်းချောင်း-ဂွလမ်းအား World Bank ချေးငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရောဝတီတိုင်းဒေသကြီးအတွင်း စုစုပေါင်းတံတား ၁၄ စင်း တည်ဆောက်လျက်ရှိရာ နတ်ချောင်းတံတား ပေ ၃၄၀ မှာ တည်ဆောက်ပြီးခဲ့ပြီးဖြစ်ပါကြောင်း၊ သက်တံတား၊ စက်ဆန်းတံတားနှင့် ဝဝန်တံတား (လေးမျက်နှာ) အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ဆောင်ရွက်ဆဲ တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာစီမံကိန်းများအနေဖြင့် နေပြည်တော် ရွှေနံ့သာတွင် အိမ်ခန်း ၈၀ ၊ ရန်ကုန်မြို့တွင် အိမ်ခန်း ၈၇၁ ခန်း၊ မုံရွာမြို့တွင် အိမ်ခန်း ၄၄၀ ခန်း၊ မကွေးမြို့တွင် အိမ်ခန်း ၃၀၄ ခန်း၊ ပုသိမ်မြို့တွင် အိမ်ခန်း ၆၇၆ ခန်း ဆောင်ရွက်လျက်ရှိပြီး အိမ်ခန်းစုစုပေါင်း ၁၀၂၁၂ ခန်း ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၇ ခုနှစ်အတွင်း အပြီးတည်ဆောက်ပေးပြီး ပြည်သူလူထုထံသို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း။

အိမ်ခန်းများရောင်းချရာတွင်လည်း ဝင်ငွေနည်းပြည်သူများ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီများ၊ ပင်စင်စားများအား ဦးစားပေးစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပြည်သူများ အိမ်ရာပိုင်ဆိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အိမ်ရာအပေါင် ချေးငွေစနစ်ဖြင့် ရှစ်နှစ်မှ ၁၀ နှစ်ထိ ဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါကြောင်း ပြောကြားသည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်**

**သဘာဝဘေးအန္တရာယ်နှင့်ရင်ဆိုင်ရသည့်အခါ ချက်ချင်းတုံ့ပြန်နိုင်ရေးအတွက် ပိုမိုထိရောက်စေရန် ရဟတ်ယာဉ်ဝယ်ယူရန်ရှိ၊ မရှိ ကချင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန်ရှိ၊ မရှိ**နှင့် ပတ်သက်၍ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကကြီးကြပ်၍ သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ချက်ချင်းတုံ့ပြန်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ် ဝယ်ယူနိုင်ရေးကိစ္စကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်ရှိ ဒုက္ခသည်များနှင့် ပတ်သက်၍ ဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက ဘေးဒုက္ခရောက်သူအားလုံးကို အလျင်အမြန် တုံ့ပြန်ပါကြောင်း၊ ရေရှည်ကူညီဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပါကြောင်း၊ ဆောင်ရွက်သည့်အခါတွင် ကချင်ပြည်နယ် ဒုက္ခသည်စခန်းများကို လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပုံမှန်ပေးလျက်ရှိပါကြောင်း။

စခန်းရှိ အမျိုးသား၊ အမျိုးသမီး၊ ကလေးများအကျိုးရှိမည့်လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် အဆိုပါလုပ်ငန်းများကို ဦးစားပေးပြီး စတင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ အမျိုးသားများအတွက်လည်း သက်မွေးပညာရပ်များကို သင်ကြားပေးလျက်ရှိပါကြောင်း၊ ကလေးများ၏ ပညာရေးအတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

**အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး**

**လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းအေးက** အမျိုးသမီးများ အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးဥပဒေကို ဝန်ကြီးဌာနအနေဖြင့် မူကြမ်းရေးဆွဲလျက်ရှိပါကြောင်း။

ဥပဒေအဖြစ်ထွက်ရှိလာပါက ပြည်သူလူထုနှင့် ဥပဒေကို အရေးယူဆောင်ရွက်မည့် ဌာနများတွင် ရှင်းရှင်းလင်းလင်း ပိုမိုနားလည်ဆောင်ရွက်နိုင်ရန် နည်းဥပဒေများ ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နောက်ပိုင်းနည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဒုက္ခသည်စခန်းမှ ပြည်သူတွေအတွက် ယခုဘဏ္ဍာနှစ်တွင် ဘတ်ဂျက်မည်မျှရရှိထားသည့် မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ဘေးအန္တရာယ်တွင် သဘာဝဘေးအန္တရာယ်နှင့် လူတို့ကြောင့်ဖြစ်သော ဘေးအန္တရာယ်ဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ဘေးအန္တရာယ်နှစ်မျိုးလုံးနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ကိုင်တွယ်ဖြေရှင်းရပါကြောင်း၊ အစိုးရဘတ်ဂျက်နှင့် နှစ်စဉ်ဘတ်ဂျက်အရဆိုလျှင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတွင် ယခုဘတ်ဂျက်တွင် ကျပ် ၆ ဒသမ ၅ ဘီလီယံ ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်၊ လူတွေကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များတွင် ပြည်သူလူထုကို ကယ်ဆယ်ရေးပစ္စည်းများ အမြန်ဆုံးထောက်ပံ့သည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရေတိုလုပ်ငန်းများကို အဓိကလုပ်ပေးပါကြောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေရှိပါကြောင်း၊ ယခင်နှစ်က နိုင်ငံတော်အစိုးရမှ ၂၀ ဘီလီယံ ကျပ်ချထားပေးပါကြောင်း၊ ယခုနှစ်တွင်လည်း ၂၀ ဘီလီယံကျပ် ထပ်မံချထားပေးပါကြောင်း။

ယခင်နှစ်မှ ပိုသည့်ရန်ပုံငွေနှင့် ယခုနှစ်ချထားသော ရန်ပုံငွေပေါင်းစပ်၍ ဆက်လက်ပြီး လိုအပ်သောနေရာများတွင် အသုံးပြုမည်ဖြစ်ကြောင်း။

ဒုက္ခသည်စခန်းများတွင် ပြန်လည်ထူထောင်ရေးလုပ်သည့်အခါတွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် လုပ်ခြင်းဖြစ်ကြောင်း၊ ကလေးများ၏ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သောကြောင့် ကလေးပျော်နေရာ ဌာနများဖန်တီးဆောင်ရွက်ပေးပါကြောင်း၊ ထိုကိစ္စများကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလေးများနှင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းအတွက် ၅၇၅ သန်းဖြင့် ဘတ်ဂျက်ထဲတွင် သုံးစွဲနေပါကြောင်း ဖြည့်စွက်ရှင်းလင်းဖြေကြားသည်။

**မကွေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ**

**ဝန်ကြီးချုပ်ဟောင်း ဦးဘုန်းမော်ရွှေကို မည်သို့ စုံစမ်းနေသည်၊ မည်သို့အရေးယူမည်ကို သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က မကွေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်း၍ နိုင်ငံတော်မှ တာဝန်ပေးစုံစမ်းစစ်ဆေးခိုင်းသည့်အတွက် သမ္မတရုံး၏တာဝန်ပေးချက်အရ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်များ တောင်းခံခဲ့ကြောင်း၊ အဆိုပါ အကြံပြုချက်များနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ ပြန်လည်တင်ပြထားပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုခြင်း၊ ညွှန်ကြားခြင်းများ တစ်စုံတစ်ရာ ပေးပို့ညွှန်ကြားခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

**နေပြည်တော်ရှိ ဝန်ကြီးဌာနများရှေ့တွင် ဆန္ဒဖော်ထုတ်ခွင့်မပြုဘဲ ဝန်ကြီးဌာနများနှင့် ဝေးလံသည့်နေရာဒေသများ၌သာ မည်သည့်အတွက်ကြောင့် ခွင့်ပြုပေးပါသနည်း မေးခွန်း**နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ဆန္ဒဖော်ထုတ်ခြင်းသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေနှင့် ဆက်စပ်နေပါကြောင်း၊ ဆန္ဒဖော်ထုတ်ရန် သက်ဆိုင်ရာ၌ အနည်းဆုံး ၅ ရက် ကြိုတင်လျှောက်ထားရပါကြောင်း၊ ထို့သို့ ဆန္ဒဖော်ထုတ်ရန် လျှောက်ထားသည့် နေရာသည် အများပြည်သူအနှောင့်အယှက် ဖြစ်စေနိုင်သည့်နေရာ၊ ရန်းရင်းဆန်ခတ်ဖြစ်နိုင်သည့် နေရာနှင့် လုံခြုံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်သည့်နေရာများဖြစ်နေပါက ၄၈ နာရီအတွင်း ဥပဒေနှင့်အညီ ပြန်လည်ဖြေကြားပေးပါကြောင်း၊ ဆန္ဒဖော်ထုတ်သည်ဆိုသည်မှာ အများပြည်သူ သိရှိနိုင်သည့်နေရာတွင်သာ ဆန္ဒဖော်ထုတ်ကြပါကြောင်း၊ ဝန်ကြီးဌာန၌ ဝန်ထမ်းများသာ ရှိပါကြောင်း၊ ဆန္ဒဖော်ထုတ်ရန် လူထုရှိသည့်နေရာ၌သာ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ကျေးလက်ဒေသများတွင် ဂရန်မြေကို မည်မျှထိ တိုးချဲ့၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ကို သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ရွာသူရွာသားများသည် ဂရန်မလိုဘဲ နေထိုင်၍ ရပါကြောင်း၊ အခွန်လွတ်ဂရန်ဖြင့် နေထိုင်နိုင်ပါကြောင်း၊ ယနေ့ကာလတွင် ကျေးရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ဂရန်ရရှိရန် တင်ပြသည်များရှိရာ ဂရန်များကို နှစ်စဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်းဆိုချက်နှင့် လိုအပ်ချက်များအရ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခွန်လွတ် သာသနာ့ဂရန်ကိုလည်း လျှောက်ထားမှုများအရ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်မည်ဆိုပါက နေပြည်တော်စည်ပင်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားသည်။

**ရေဆုံးမြေဆုံး စုံစမ်းဆောင်ရွက်လျက်ရှိ**

**ဇန်နဝါရီ ၂၉ ရက်တွင် ရန်ကုန်လေဆိပ်၌ လုပ်ကြံခံရသည့် ဦးကိုနီအမှုကိစ္စတွင် တရားခံပြေးအဖြစ် သတ်မှတ်ထားသည့် အောင်ဝင်းခိုင်နှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုကို သိလိုကြောင်းမေးခွန်း**နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက အောင်ဝင်းခိုင်နှင့် ပတ်သက်၍ နေပြည်တော်ရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာတာဝန်ရှိသူများနှင့်အတူ ပိုက်စိပ်တိုက်ရှာဖွေခဲ့ပါကြောင်း၊ အောင်ဝင်းခိုင်၏ ဓာတ်ပုံနှင့် နောက်ကြောင်းစာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စုံစမ်းဖမ်းဆီးနိုင်ရန် ပေးပို့ထားပါကြောင်း၊ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများ၌ပါ တိမ်းရှောင်၍ မရစေရန် အာဆီယံနိုင်ငံများသို့ အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ပေးပို့ထားရှိပါကြောင်း၊ အင်တာပိုလ်သို့ ပေးပို့ခြင်းသည် အင်တာပိုလ်အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းဖြစ်ပါကြောင်း၊ အောင်ဝင်းခိုင်ကို ဖမ်းဆီးရမိရန် ရေဆုံးမြေဆုံး စုံစမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**တရားမဝင်လက်နက်ကိုင်ဆောင်သူများကို ထိရောက်သည့်ပြစ်ဒဏ်ချမှတ်ရေးအတွက် လက်နက်ကိုင်ဆောင်သည့် ဥပဒေကို တိုးမြှင့်ရန်နှင့် ပြင်ဆင်ရန် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ရဲချုပ်ဇော်ဝင်းက လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် လက်နက်ဥပဒေတစ်ရပ်ဖြစ်ပေါ်လာရန် လွှတ်တော်နှင့် ပေါင်းစပ်ပြင်ဆင်သွားမည့် ဥပဒေများ၌ လက်နက်ဥပဒေပါဝင်ပါကြောင်း၊ တရားမဝင်လက်နက်ကိုင်ဆောင်သူများကို ထိရောက်စွာ ရှာဖွေဖမ်းဆီးရမိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်**

ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၆၆/ဃ ပြင်ဆင်ရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က** ယခုဖြစ်နေသည့်ပြဿနာသည် အမုန်းစကားအပေါ်မှုတည်ပြီး ဖြစ်ပွားနေသည့် ပြဿနာများဖြစ်ပါကြောင်း၊ ဥပဒေကို ပထမစတင်ပြဋ္ဌာန်းစဉ်က အမုန်းစကားအပေါ် အခြေခံပြီး ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပါကြောင်း၊ ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေသူများ လွယ်ကူအဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့် ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း၊ နောက်ပိုင်းတွင် နိုင်ငံရေးတွင်သာမက ပြည်သူများအချင်းချင်း ဥပဒေကို အကြောင်းပြု၍ တရားစွဲခြင်း၊ အာမခံ မရရှိခြင်းစသည်တို့ ပေါ်ပေါက်လာရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက** ဆက်သွယ်ရေးကဏ္ဍကို ယခင်က နိုင်ငံတော်ကနေ ဆောင်ရွက်သည့်အနေအထားမှ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ဥပဒေပါ ပုဒ်မ ၆၆/ဃ နှင့်ပတ်သက်၍ မည်သို့ပြုပြင်ဆောင်ရွက်လျှင် အကောင်းဆုံးဖြစ်မည်ကို ဝန်ကြီးဌာနအတွင်း ဆွေးနွေးလျက်ရှိပြီး သက်ဆိုင်ရာ ဥပဒေဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းနှင့်ပတ်သက်၍ မည်သည့်အချိန် စတင်မည်၊ မည်သည့်ကုမ္ပဏီများကို တင်ဒါပေးထားသည်ကို သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းသည် ယခင်အစိုးရ လက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင်လည်း အမှန်တကယ်လိုအပ်မှု၊ ရင်းနှီးမြှုပ်နှံမှုအပိုင်း၊ နေရာရွေးချယ်မှုများကို ဒုတိယသမ္မတနှင့် ကော်မတီတို့ များစွာဆွေးနွေးခဲ့ပါကြောင်း၊ လုပ်ငန်းဆိုင်ရာစာချုပ်ချုပ်ဆိုရန်အတွက် တင်ဒါအောင်မြင်ထားသည့်ကုမ္ပဏီတို့ နှစ်ဖက်မျက်နှာချင်းဆိုင်၍ အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ပါကြောင်း၊ စီမံကိန်းသည် ဧက ၉၀၀၀ ခန့် ရှိသည့်အတွက် အဆင့်အလိုက် မည်သို့ ဆောင်ရွက်သွားမည်၊ မည်သို့ရင်းနှီးသွားမည်ကို ဆွေးနွေးနေခြင်းဖြစ်ပါကြောင်း။

စီမံကိန်း၏ ရည်ရွယ်ချက်ပါ အချိန်သတ်မှတ်ချက်အရ ၂၀၁၇ ခုနှစ်အတွင်းတွင် လုပ်ငန်းဆိုင်ရာ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ သို့သော် အဓိက အရေးပါနေသည်မှာ ချေးငွေကို ဂျပန်အစိုးရခွင့်ပြုရန်လည်း ကျန်ရှိနေပါကြောင်း၊ စီမံကိန်း၏ အောင်မြင်မှုသည် ချေးငွေရရှိရေးသည် အဓိကကျသည့်အခန်းကဏ္ဍမှ တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စများ အဆင်ပြေချောမွေ့အောင်မြင်ပါက စီမံကိန်းကို ယခုနှစ်တွင် စတင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း**

**လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က** ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ်က frame work agreement ကို လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် construction agreement ထိုးရန် ဆွေးနွေးလျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းကို အမြန်ဆုံးစတင်ချင်ပါကြောင်း၊ လောလောဆယ်အချိန်ထိ မည်သည့်ကုမ္ပဏီကိုမှ တင်ဒါပေးထားခြင်းမရှိသေးပါကြောင်း ဖြည့်စွက်ရှင်းလင်းဖြေကြားသည်။

စာမျက်နှာ ၁၁ သို့

# ဓာတုလက်နက်အသုံးပြုမှုရပ်တန့်စေရေး အမေရိကန်နှင့်ဂျပန် အတူတကွကြိုးပမ်းမည်




**တိုကျို မေ ၁၀**
ဂျပန်နိုင်ငံခြားရေးဝန်ကြီးဖူမီအိုကီရှီဒါနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်တို့သည် မေ ၁၀ ရက်က ဆီးရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့၌ ဖြစ်ပွားလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံ အာဏာပိုင်များသည် တနင်္လာနေ့က အီတလီ၌ကျင်းပသည့် ခုနစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံပွဲအပြင် နှစ်နိုင်ငံသီးသန့်ဆွေးနွေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားကိစ္စအပေါ် ဂျပန်နှင့်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးဆွေးနွေးရာတွင် ကီရှီဒါက ဓာတုလက်နက်များ အသုံးပြုမှုပျံ့နှံ့လာခြင်းကို ရပ်တန့်စေရန်ဆောင်ရွက်မည့် အမေရိကန်၏ ခိုင်မာသည့်ဆုံးဖြတ်ချက်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အကူအညီပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တေလာဆန်က အမေရိကန်တပ်မတော်အင်အားစုများသည် ဓာတုလက်နက်အသုံးပြုမှုကို လုံးဝရပ်တန့်သွားအောင် တားဆီးသွားရန် ရည်ရွယ်ထားကြောင်းနှင့် ယင်းလက်နက်ကြောင့် အပြစ်မဲ့သည့် အမျိုးသား၊ အမျိုးသမီးများနှင့် ကလေး ငယ်များသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုတို့ နောက်ထပ်အဖြစ်မခံနိုင်တော့ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံက အကူအညီပေးရန် အခိုင်အမာဆုံးဖြတ်လိုက်သည့်အပေါ် ကျေးဇူးတင်ကြောင်း တေလာဆန်က ကီရှီဒါအားပြောကြားခဲ့သည်။ နှစ်နိုင်ငံ အာဏာပိုင်နှစ်ဦးတို့သည် ဓာတုလက်နက် ပျံ့နှံ့မှုရပ်တန့်ရေး အတူတကွလက်တွဲကြိုးပမ်းသွားမည်ဖြစ်ကြောင်း အပြန်အလှန်ကတိပြုခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံသည် ဆီးရီးယား တွင်ငြိမ်းချမ်းရေးရရှိအောင် အကောင်အထည်ဖော်သွားရန်နှင့် နိုင်ငံရေးဖြစ်စဉ်များ အဆင့်ဆင့် ဆောင်ရွက်သွားကြရန်အရေးကြီးကြောင်း သဘောတူညီ ခဲ့ကြသည်။ ဆီးရီးယားငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ရုရှားနှင့် အခြားသက်ဆိုင်ရာ နိုင်ငံများက ပူးပေါင်းပါဝင်လာရေးသည် အဓိကဖြစ်ကြောင်း တေလာဆန်က ကီရှီဒါအား ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# အသက်အကြီးဆုံး ဩစတြေးလျ ရေကူးအဘိုးအိုလေးဦး စံချိန်သစ်တင်

**ဆစ်ဒနီ မေ ၁၀**
ယမန်နေ့က နယူးဆောက်ဝေးပြည်နယ် အမျိုးသားရေကူးချန်ပီယံပြိုင်ပွဲ၌ မီတာ ၅၀ လက်ဆင့်ကမ်းရေကူးပြိုင်ပွဲတွင် ဩစတြေးလျနိုင်ငံမှ အသက်ကြီးဆုံးအဖိုးအိုလေးဦး စံချိန်သစ်တစ်ရပ်တင်နိုင်ခဲ့ကြောင်း သိရသည်။

စံချိန်သစ်တင်ခဲ့သော အဘိုးအိုလေးဦးတို့၏ အသက်မှာ ၈၇ နှစ်၊၉၀နှစ်၊ ၉၁နှစ်နှင့် ၉၂နှစ်တို့ဖြစ်ကြောင်းသိရသည်။ ယမန်နှစ်က ပထမဆုံးအကြိမ်ဖြင့် ရေကူးစံချိန်တင်ရန် ကြိုးပမ်းမှုပြုလုပ်ခဲ့ရာ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဂျွန်ဝီလီရန်စတင်းကွယ်လွန်ခဲ့ပြီးနောက် ယခုအခါတွင် ဒုတိယအကြိမ်မြောက်ကြိုးစားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အဘိုးအိုလေးဦးပါဝင်သည့် ရေကူးအဖွဲ့ကို ဩစတြေးလျနိုင်ငံရှိ ရေကူးသမားများက ချီးကျူးခဲ့ပြီး နိုင်ငံအတွင်း၌လည်း အထူးကျော်ကြားလျက်ရှိကြောင်း သိရသည်။ ရေကူးပြိုင်ပွဲအပြီးတွင် အဘိုးအိုဗန်ဂီဒါက ယခုရသည့်ဆုသည် ကွယ်လွန်သူ ဂျွန်အတွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# မြောက်ကိုရီးယားတွင် မာရသွန်ပြိုင်ပွဲကျင်းပ

**ပြုံယမ်း မေ ၁၀**
မြောက်ကိုရီးယားနိုင်ငံ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မာရသွန်ပြိုင်ပွဲတွင် ကမ္ဘာတစ်ဝန်းမှ မာရသွန်အပြေးသမားများစွာတို့သည် မြောက်ကိုရီးယားနိုင်ငံမြို့တော် ပြုံယမ်း၌ ပါဝင်ဆင်နွှဲလျက်ရှိကြကြောင်း သိရသည်။

မာရသွန်ပြိုင်ပွဲသည် ဧပြီ ၁၅ ရက်တွင် မွေးဖွားခဲ့သည့် မြောက်ကိုရီးယားနိုင်ငံကို တည်ထောင်ခဲ့သူ ခေါင်းဆောင်ဟောင်း ကင်အီဆွန်း၏မွေးနေ့နှစ်ပတ်လည် အထိမ်းအမှတ်ပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။

ဂျပန်နှင့်အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၀ တို့မှ အပြေးသမား ၁၀၀၀ ခန့်တို့သည် တနင်္ဂနွေနေ့က မာရသွန်အပြေးပြိုင်ပွဲကို ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း နိုင်ငံပိုင်ကိုရီးယားဗဟိုသတင်းအေဂျင်စီက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ကုလသမဂ္ဂ၏ပိတ်ဆို့မှုများကို ခံနေရဆဲဖြစ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများက ၎င်း၏နျူကလီးယားအစီအစဉ်များ တိုးတက်ဆောင်ရွက်လာမှုအပေါ် ဝေဖန်ရှုတ်ချမှုများ တိုးပွားလာလျက်ရှိသည်။

မြောက်ကိုရီးယားသည် အားကစားချစ်မြတ်နိုးသူအဖြစ် လူသိများသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏လက်အောက်တွင် အားကစားကဏ္ဍကို မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိသည်။ ကင်ဂျုံအန်းသည် နိုင်ငံ၏စီးပွားရေးကဏ္ဍကို တိုးတက်စေရန် အားကစားပွဲတော်များကျင်းပခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်ရန် အားထုတ်ကြိုးပမ်းနေဟန်ရှိကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

# ဆီးရီးယားအားဒုံးကျည်ဖြင့်တိုက်ခိုက်မှု ရည်မှန်းသလိုဖြစ်မလာကြောင်း အာဆတ်ပြော




**ဒမတ်စကတ် မေ ၁၀**
အမေရိကန်က ဆီးရီးယားနိုင်ငံအား ဒုံးကျည်ဖြင့် တိုက်ခိုက်မှုမှာ ရည်မှန်းချက်မအောင်မြင်ကြောင်း ဆီးရီးယား နိုင်ငံသမ္မတ ဘတ်ရှာအယ်အာဆတ်က ယမန်နေ့က ပြောကြားခဲ့ကြောင်း ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အမေရိကန်က ထောက်ပံ့ထားသည့် အကြမ်းဖက်အုပ်စုများကို ဆီးရီးယားတပ်များက မကြာသေးမီက ချေမှုန်းခဲ့သည်။

ထိုလုပ်ဆောင်ချက်က အမေရိကန်၏ရည်မှန်းချက်ကို မအောင်မြင်ဖြစ်စေ ခဲ့ကြောင်း ဆီးရီးယားသမ္မတအာဆတ်က အီရန်သမ္မတရိုဟာနီနှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးစဉ် ပြောကြားခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့သည် ယင်းပိုင်နက်အတွင်းရှိ အကြမ်းဖက်အဖွဲ့များကို ချေမှုန်းရန် ဆုံးဖြတ်ချက်ချထားကြောင်း အာဆတ်က ပြောခဲ့သည်။

အမေရိကန်၏ ဒုံးကျည်တိုက်ခိုက်မှုများအား ဆီးရီးယားအစိုးရကို ထောက်ခံအားပေးနေသော အီရန်ကအပြစ်တင်ရှုတ်ချခဲ့သည်။ ထို့အပြင် ဆီးရီးယားအစိုးရကို ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း ရိုဟာနီကပြောခဲ့သည်။

အမေရိကန်တို့ ဆီးရီးယားစစ်အခြေစိုက်စခန်းကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဆီးရီးယားစစ်သား ခြောက်ဦးနှင့် ကလေးငယ်လေးဦးအပါအဝင် အရပ်သားကိုးဦး သေဆုံးခဲ့ပြီး ဆီးရီးယားစစ်လေယာဉ်ကိုးစင်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဆီးရီးယားလေတပ်က ဆီးရီးယားနိုင်ငံ ခန်ရှိတ်ခွန်မြို့အား ဧပြီ ၆ရက်က ဗုံးကြဲတိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်က ပြောကြားခဲ့သည်။ ရှိတ်ခွန်မြို့အား ဆီးရီးယားတပ်ဖွဲ့က ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့ရာ လူပေါင်း ၇၀ သေဆုံးခဲ့ကြောင်း တက်ကြွလှုပ်ရှားသူများက စွပ်စွဲထားသည်။

အဆိုပါစွပ်စွဲချက်နှင့်ပတ်သက်ပြီး ဆီးရီးယားစစ်ဘက်က သူပုန်တပ်ဖွဲ့ဝင်များသိမ်းဆည်းထားသည့် ဓာတုလက်နက်သိုလှောင်ထားသည့်နေရာများကိုသာ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်။ **(ဆင်ဟွာ)**

# ထိုင်ဝမ်ရှိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ၏ ဇနီးကို တရုတ်နိုင်ငံဝင်ရောက်ခွင့်ပိတ်ပင်

**ပေကျင်း မေ ၁၀**
တရုတ်နိုင်ငံသည် ထိုင်ဝမ်ကျွန်းရှိ အာဏာရပါတီမှနိုင်ငံရေးခေါင်းဆောင်ဟောင်းတစ်ဦး၏ဇနီးကို တရုတ်နိုင်ငံသို့ဝင်ရောက်ခွင့်မပေးခဲ့သည့်အပြင် ၎င်း၏အမျိုးသားကိုလည်း နိုင်ငံအတွင်း ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်သည်ဟု ဆိုသည်။

အသက် ၄၂ နှစ်ရှိပြီဖြစ်သည့် ထိုင်ဝမ်အာဏာရပါတီ၏ နိုင်ငံရေးခေါင်းဆောင်ဟောင်းသည် ပြီးခဲ့သည့်လအတွင်းက မကာအိုမှနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက်တွင် ပျောက်ဆုံးသွားခဲ့ပြီး တရုတ်နိုင်ငံက ၎င်းအားဖမ်းဆီးထိန်းသိမ်းထားကြောင်း ထိုင်ဝမ်သို့ကြေညာခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းခံထားရသည့် အမျိုးသားသည် ထိုင်ဝမ်၏ အာဏာရပါတီဖြစ်သည့် ဒီမိုကရက်တစ်တိုးတက်ရေးပါတီအဖွဲ့ဝင်ဟောင်းဖြစ်ပြီး လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# အီဂျစ်ဘုရားကျောင်းပေါက်ကွဲပြီးနောက် နိုင်ငံအတွင်း အရေးပေါ်အခြေအနေ သုံးလကြေညာ

**ကိုင်ရို မေ ၁၀**
လူ ၄၄ ဦးထက်မနည်းသေဆုံးပြီး ၁၂၀ ကျော် ဒဏ်ရာရရှိခဲ့သည့် အီဂျစ်ဘုရားရှိခိုးကျောင်းနှစ်ခု ဗုံးပေါက်ကွဲပြီး နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ သုံးလကြေညာခဲ့ကြောင်း သမ္မတစီစီက ယမန်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယမန်နေ့အစောပိုင်းက ဂါဘီယာပြည်နယ် တန်တာမြို့ မာဂီရီဂစ်ဘုရားရှိခိုးကျောင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၂၇ဦးထက်မနည်းသေဆုံးပြီး ၇၈ ဦးဒဏ်ရာရရှိခဲ့သည်။ ပထမဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် နောက်ထပ် အသေခံဗုံးခွဲမှုတစ်ခု အလက်ဇမ်ဒရီယာကမ်းရိုးတန်းရှိ စိမ့်မာက်ဘုရားရှိခိုးကျောင်း၌ ဖြစ်ပွားခဲ့ရာ ၁၇ ဦးသေဆုံးခဲ့ပြီး ၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စရပ်များကြောင့် အရေးပေါ်အခြေအနေ သုံးလကြေညာထားကြောင်း သမ္မတစီစီက ကာကွယ်ရေးကောင်စီ အစည်းအဝေးတွင် ပြောကြားခဲ့သည်။ အကြမ်းဖက်မှုအားတိုက်ဖျက်ရန် အီဂျစ်ပြည်သူများအနေဖြင့် စည်းလုံးရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ် ဒီဇင်ဘာလတွင် ကိုင်ရိုမြို့ရှိ ဘုရားရှိခိုးကျောင်းတစ်ခုကို အိုင်အက်စ်တို့အသေခံဗုံးဖောက်ခွဲခဲ့ရာ ၂၈ ဦး ထက်မနည်းသေဆုံးခဲ့ပြီး အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း သိရသည်။ ယခုဗုံးဖောက်ခွဲမှုကိုလည်း အိုင်အက်စ်အကြမ်းဖက်အုပ်စုမှ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**(ရိုက်တာ)**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဘူးသီးတောင်မြို့နယ်ဒေသခံများနှင့်တွေ့ဆုံ သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများပေးအပ်




**ဘူးသီးတောင် မေ ၁၀**
သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာပစ္စည်းများပေးအပ်ပွဲ အခမ်းအနားနှင့် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲကို ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဦးဥတ္တမခန်းမ၌ ယနေ့ ညနေ ၆ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အစိုးရသစ် တစ်နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ခဲ့မှုများအပေါ် ဒေသခံပြည်သူများ၏ သဘောထားခံယူ ချက်များကို သိရှိလို၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ပတ်သက်၍လည်း တိုင်ပင်ဆွေးနွေးလို၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး အစရှိသည့်ဒေသတွင်း လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများအား ထောက်ပံ့ပေးအပ်ရာ မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသောင်းဌေးတို့က လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

**(သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး)**

# သင်္ကြန်ရထားခရီးစဉ် လက်မှတ်ဝယ်ယူသူများ ကြိတ်ကြိတ်တိုး ခရီးစဉ်လိုအပ်မှုအရ သင်္ကြန်အထူးရထားတစ်စင်း တိုးချဲ့ပြေးဆွဲ

**သတင်း- မောင်စိန်လွင်**
**(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**


သင်္ကြန်အကြိုကာလ ရန်ကုန်ဘူတာကြီးတွင် လက်မှတ်ဝယ်ယူသူ ခရီးသွားပြည်သူများ ကြိတ်ကြိတ်တိုးစည်ကားနေစဉ်

**ရန်ကုန် မေ ၁၀**
မြန်မာ့မီးရထားမှ ယခုနှစ် သင်္ကြန်ကြိုကာလနှင့် သင်္ကြန်ပြီး ကာလများတွင် သင်္ကြန်အထူးရထားများ ပြေးဆွဲပေးလျက်ရှိရာ ယခုအခါ သင်္ကြန်ရထားခရီးစဉ်လက်မှတ်ဝယ်ယူမှုမှာ ကြိတ်ကြိတ်တိုးနေ၍ ခရီးစဉ်လိုအပ်ချက်အရ သင်္ကြန်အထူး ရထားတစ်စင်းကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားတိုင်းအမှတ်(၇)သွား/လာ ပို့ဆောင်ရေးဌာနခွဲမှ သိရသည်။

" မြန်မာ့မီးရထားအနေနဲ့ သင်္ကြန်အထူးရထားတွေကို မေ ၇ ရက်ကနေစပြီး မန္တလေး- ရန်ကုန်ကို စတင်ပြေးဆွဲခဲ့ပါတယ်။ မေ ၈ ရက်မှာ ရန်ကုန်- မန္တလေး သင်္ကြန်အထူးရထားတွေကို နေ့စဉ် ညနေ ၄ နာရီမှ နေ့စဉ် အစုန်/ အဆန်ပြေးဆွဲနေတာပါ။ ဒါပေမယ့် ဝန်ထမ်းတွေ၊ အခြားခရီးသွားပြည်သူတွေရဲ့လိုအပ်ချက်က တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာတာကြောင့် အခုလာမယ့် မေ ၁၂ ရက် ညနေ ၆ နာရီမှာ ရန်ကုန်- မန္တလေး သင်္ကြန်အထူးရထားတစ်စင်းကို ထပ်မံတိုးချဲ့ ပြေးဆွဲပေးဖို့ရှိပါတယ်။ လက်မှတ်တွေကိုတော့ ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့ သုံးရက်ကြို ရောင်းချပေးနေပါတယ်။ လက်ကျန်လက်မှတ်တွေကိုတော့ ကျန်ရင်ကျန်သလို အဆင်ပြေအောင် ရောင်းချပေးနေပါတယ်" ဟု မြန်မာ့မီးရထား တိုင်းအမှတ်(၇)သွား /လာ ပို့ဆောင်ရေးဌာနခွဲမှ တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောသည်။

မြန်မာ့မီးရထားမှ သင်္ကြန် အထူးရထားများကို မေ ၇ ရက်မှစတင်ကာ မန္တလေး - ရန်ကုန်ခရီးစဉ်မှ စတင်ပြေးဆွဲပေးလျက်ရှိရာ ရိုးရိုးတန်းလက်မှတ်များကို ခရီးသွားပြည်သူများ အဆင်ပြေစေရန် သုံးရက်ကြိုတင်၍ ရောင်းချပေးလျက်ရှိသည်။ သင်္ကြန်အထူးရထားများအပြင် လက်ရှိပုံမှန်ပြေးဆွဲပေးနေသော ရထားများကိုလည်း အထူးတန်း သုံးရက်ကြို၊ ရိုးရိုးတန်း တစ်ရက်ကြိုအနေဖြင့် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ရောင်းချပေးလျက်ရှိရာ ခရီးသွားပြည်သူများမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသဖြင့် သင်္ကြန်အထူးရထားတစ်စင်းကို ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက် နောက်ဆုံးနေ့ဖြစ်သည့် မေ ၁၂ ရက်တွင် ရန်ကုန်- မန္တလေးခရီးစဉ် သင်္ကြန်အထူးရထားကို ထပ်မံတိုးချဲ့ပြေးဆွဲပေးရန် မြန်မာ့မီးရထားက စီစဉ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့ကြီး၌ နှစ်စဉ်သင်္ကြန်ကာလများတွင် ခရီးသွားလာမှုအခက်အခဲမှာ ကြုံတွေ့နေရစမြဲဖြစ်သည်။ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအနေဖြင့် နေရပ်ပြန် ဝန်ထမ်းများ၊ အလုပ်သမားများနှင့် ခရီးသွားပြည်သူများ ယခုနှစ်သင်္ကြန်ကာလတွင် အဆင်ပြေစေရန် အဝေးပြေးယာဉ်လိုင်းများကို အလှည့်ကျ ပြေးဆွဲပေးရန်စီစဉ်ပေးမည်ဟု ဆိုသော်လည်း ယခုအခါ အဝေးပြေးယာဉ်လိုင်းများမှာ ၁၂ ရက်နောက်ပိုင်းတွင် ခရီးစဉ်ပြေးဆွဲမှုမရှိ၊ ပိတ်သိမ်းသောယာဉ်လိုင်းများသာ များပြားနေသည်။ ထို့ကြောင့် သင်္ကြန်ကာလတွင် နှစ်စဉ် မြန်မာ့မီးရထားကိုသာ ခရီးသွားပြည်သူများအနေဖြင့် အသုံးပြုလိုက်ပါစီးနင်းမှုက ပိုများလာသည်။ ရိုးရိုးရထားများ၊ သင်္ကြန်အထူးရထားများကို မြန်မာ့မီးရထားအနေနှင့် တိုးချဲ့ပြေးဆွဲနေသော်လည်း ခရီးသည် လိုက်ပါစီးနင်းမှုများသဖြင့် နှစ်စဉ်ခရီးသွားပြည်သူများ အခက်အခဲများနှင့်သာ ကြုံတွေ့နေရစမြဲဖြစ်သည်။

" ကျွန်တော်က လယ်ဝေးကို ပြန်မှာပါ။ မနက်ကတည်းက ရတဲ့ရထားနဲ့ပြန်မယ်ဆိုပြီး လာတန်းစီတာ။ လက်မှတ်က ဘယ်လိုမှဝယ်မရလို့ အကူအညီတောင်းလိုက်မိတာ။ ရမယ်ပြောပြီး လက်မှတ်ဖိုးနဲ့ မှတ်ပုံတင်နံပါတ်တော့ ယူသွားတယ်။ ခဏစောင့်လို့ ပြောလို့ ကျွန်တော် တစ်နာရီကြာအထိ စောင့်ခဲ့ပြီး အစ်ကို မရသေးဘူးလားပြောတော့ စာရင်းပေးထားတယ် ပြောလိုက်၊ မနက်ဖြန် ရထားထွက်မှ တွဲစောင့်ကိုပြောပြီး တက်စီးလိုက်၊ သူပြောထားတယ်ပြောလိုက်နဲ့ နောက်ဆုံးတော့ လက်မှတ်ဖိုးဆုံးတာပဲ အဖတ်တင်တာပါပဲ" ဟု နယ်မှလာ၍ စားသောက်ဆိုင်တစ်ခုတွင် အလုပ်လုပ်ကိုင်သည့် ကိုတေဇက ပြောသည်။

ယခုရက်ပိုင်းသင်္ကြန်ကြိုကာလတွင် ရန်ကုန်ဘူတာကြီး၌ ညပိုင်းနှင့် နံနက်အစောပိုင်းတို့တွင် သင်္ကြန်ပိတ်ရက် တစ်နှစ် တစ်ခါ ပြန်လိုသည့် နယ်ဝေးကလာရောက်အလုပ်လုပ်သော ခရီးသည်များမှာ လက်မှတ်ရောင်းချပေးနိုင်မှုနှင့် ဝယ်လိုအားမမျှတသဖြင့် အခက်အခဲများမှာ ကြုံတွေ့နေရဆဲဖြစ်သည်။ သို့သော် မြန်မာ့မီးရထားအနေဖြင့် ခရီးသွားများ အဆင်ပြေစေရန် ထိုင်ခုံမဲ့လက်မှတ်များကိုလည်း ခရီးစဉ်အလိုက် ပြေးဆွဲသည့် တချို့ရထားများတွင် ရောင်းချပေးလျက်ရှိသလို ယခုကဲ့သို့ သင်္ကြန် အထူးရထားများကိုလည်း လိုအပ်သလို ထပ်မံတိုးချဲ့ ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

## မောင်တောမြို့နယ် ဒုံးကုလားကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၀**
မောင်တောမြို့နယ် ဒုံးကုလားကျေးရွာ၌ ယမန်နေ့ ညနေပိုင်းက နေအိမ်သုံးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဒုံးကုလားကျေးရွာနေ အာမီနာခါတူ ၅၂နှစ် ၏ နေအိမ်မီးဖိုချောင်မီးကြွင်း မီးကျန်မှ ယမန်နေ့ ညနေ ၅ နာရီခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်ကျွမ်းမှု ကြောင့် နေအိမ်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆသုံးစွဲသူ အာမီနာခါတူအား နယ်မြေစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

## စစ်တွေမြို့၌ (မော်ဖင်း) ထိုးဆေးပုလင်း အလုံး ၄၉၀ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**
ရခိုင်ပြည်နယ် စစ်တွေမြို့နယ် စစ်တွေ-ရေချမ်းပြင်သွား ကားလမ်း တံတားဖြူအနီး၌ ယမန်နေ့ညပိုင်းက မော်ဖင်းထိုးဆေးပုလင်း ၄၉၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေခံမူးယစ်တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် မေ ၉ရက် ညနေ ၆ နာရီခန့်က စစ်တွေ-ရေချမ်းပြင်သွားကားလမ်း တံတားဖြူအနီး လမ်းလျှောက်လာသူ ဒုံးပြင်တောင်ကျေးရွာနေ မာမောက်ဂျာဘေ ၃၂နှစ် အား စစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ မော်ဖင်း အလုံး ၂၀၀ နှင့် ၎င်း၏နေအိမ်တဲအတွင်းမှ မော်ဖင်း အလုံး ၂၉၀ စုစုပေါင်း မော်ဖင်းထိုးဆေး ပုလင်း အလုံး ၄၉၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၁၅ သိန်းကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ၎င်းအား စစ်ဆေးရာ စစ်တွေမြို့နယ် ဆတ်အိုးကျေးရွာနေ အဒူဆလင်က ရောင်းချပေးရန်အတွက် အပ်နှံထားခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သဖြင့် စစ်တွေမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

## အိမ်စီးယာဉ် အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ဝင်တိုက်

**ရန်ကုန် မေ ၁၀**
တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ကျိုက္ကဆံလမ်း အမှတ် ၁၅၄ ရှေ့ရှိ လမ်းလယ်ဓာတ်တိုင်ကို ကိုယ်ပိုင်ယာဉ်တစ်စီးမှ မေ ၉ ရက် ည ၇ နာရီခန့်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သည်။

ဖြစ်စဉ်မှာ အလုပ်သမားဆေးရုံဘက်မှ ကျောက်မြောင်းမီးပွိုင့်ဘက်သို့ မောင်းနှင်လာသော KIA အနက်ရောင် ကိုယ်ပိုင်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိမ်းနိုင်၍ လမ်းလယ်ကျွန်းကိုကျော်တက်ပြီး ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိခဲ့သည်။ ထို့ကြောင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ယာဉ်လမ်းကြောင်းပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး လူထိခိုက်မှုမရှိကြောင်းနှင့် ယာဉ်တိုက်မှုဖြစ်စဉ် နှင့် ပတ်သက်၍ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**လှလှမြင့်**

*စာမျက်နှာ ၉ မှ*

**ရန်ကုန်-မန္တလေးအမြန်လမ်းကို လေးလမ်းသွားအဖြစ် မည်သည့်ကာလတွင် ဖော်ဆောင်ပါမည်နည်း၊ မည်သည့်ကုမ္ပဏီများကို ပေးထားပါသနည်း မေးခွန်းများ**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ရန်ကုန်-မန္တလေးအမြန်လမ်းသည် တစ်နှစ်လျှင် လူ ၁၆ သန်းခန့် သွားလာအသုံးပြုနေသည့်အတွက် မည်မျှထိ အရေးကြီးသည်ကို ခန့်မှန်း၍ရပါကြောင်း၊ အဆိုပါလမ်းသည် အမြန်လမ်းအဆင့်သို့ မရောက်ရှိသေးပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရန် အင်တာနေရှင်နယ် တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း၊ ချေးငွေဆိုင်ရာ စာချုပ်ချုပ်ဆိုနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အတည်ပြုချက် ရယူရဦးမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ရန်ကုန်-ဒလ မြစ်ကူးတံတားကို မည်သည့်ကာလတွင် တည်ဆောက်မည် ခန့်မှန်း မည်မျှကုန်ကျမည်ကို သိလိုကြောင်း မေးခွန်း**နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ရန်ကုန်-ဒလ မြစ်ကူးတံတားတည်ဆောက်ရန် လွန်ခဲ့သည့် ၂၀၀၈ ခုနှစ် ကတည်းက ဆောင်ရွက်ခဲ့ကြောင်း၊ ရန်ကုန်မြို့ဘုန်းကြီးလမ်းနှင့် တည့်တည့် ဒလဘက်ကမ်းကို ရွေးချယ်ခဲ့ကြောင်း၊ တံတားတည်ဆောက်ရန် လေ့လာမှုများကို အသေးစိတ်ဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံချေးငွေ ဒေါ်လာ ၁၃၈ သန်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဖြစ်ပါကြောင်း၊ ဒလဘက်ကမ်းရှိ ပြည်သူများကိုလည်း လျော်ကြေးပေး၍ ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း ဖြေကြားသည်။

**မွန်ပြည်နယ်ရှိ ချောင်းဆုံတံတားကို မည်သည့်ကာလတွင် ဖွင့်လှစ်မည်ကို သိလိုကြောင်း မေးခွန်း**နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ဗိုလ်ချုပ်မွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးခဲ့ကြောင်း၊ မေလ နောက်ဆုံးအပတ်တွင် တံတားခံနိုင်ဝန် စစ်ဆေးပြီးပါက အများပြည်သူ ဖြတ်သန်းသွားလာနိုင်ရန်ခွင့် ပြုပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ဂုတ်ထိပ်တံတား အသစ်တည်ဆောက်မည်ဆိုခြင်း**နှင့် စပ်လျဉ်း၍ ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန် နောင်ချိုမြို့ရှောင်လမ်းဖောက်လုပ်ပြီး ဂုတ်ထိပ်ရထားတံတားနှင့် အပြိုင်တံတားတည်ဆောက်မည်ဖြစ်ကြောင်း၊ တံတားတည်ဆောက်ရန် ဒီဇိုင်းရေးဆွဲထားပြီးဖြစ်ကြောင်း၊ အမြန်ဆုံး စတင်တည်ဆောက်နိုင်ရန် စီစဉ်နေပါကြောင်း ရှင်းလင်းဖြေကြားသည်။




စင်ကာပူနိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်းတွင် မေ ၉ ရက်က မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အထိမ်းအမှတ် ရေကစားပွဲနှင့် စတုဒိသာ ကျွေးမွေးပွဲကိုကျင်းပရာ စင်ကာပူရောက်မြန်မာများ ပျော်ရွှင်စွာဆင်နွှဲနေကြစဉ်
သတင်း-ဓာတ်ပုံ- မေဦးမိုး


MSWRR

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မှျဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## မြန်မာ့ရုပ်မြင်သံကြား
၁၁-၄-၂၀၁၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**
- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "တိုးပွားအောင်ပါ"
- ၉း၁၀ - ရာဇဝင်ထဲကသမိုင်းအနုပညာ"အဆင့်အတန်းမြင့်မား ဂုဏ်ရှိန်ထည်ဝါ မြန်မာ့ရိုးရာ လက်မှုအနုပညာ" (ချိန်ခွင်လုပ်ငန်း)(အပိုင်း-၅)
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လှူငယ်အစီအစဉ်
- ၁၀း၃၀ - "အေးချမ်းလို့ပျော်ရွှင်ဖို့ အတာသင်္ကြန်ပွဲတော် ဆင်နွှဲကြပါစို့"
- ၁၁း၄၀ - "မြန်မာသင်္ကြန် ခေတ်ဆန်လွန်းနေပြီလား" (Public Debate) (အပိုင်း-၁)
- ၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားနှင့် ချက်ပြမယ်" (အပိုင်း-၆)
- ၁၃း၀၀ - Yes or No Talk Show (Season-3) (Imagination or Practice)
- ၁၃း၄၅ - PEACE TALK **"ငြိမ်းချမ်းရေးစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များ)**

**ညပိုင်း**
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၁၈း၂၀ - "မန္တလေးသင်္ကြန်အကြိုပြင်ဆင်ထားမှု"
- ၁၈း၃၀ - "မြူးကြွတေးသံ NRC သင်္ကြန်" (အပိုင်း-၁)(က)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားနှင့်ချက်ပြမယ်" (အပိုင်း-၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ရှမ်းကန်လှုပ်ရှားဘဝများ "လမ်းကြမ်းထက်က ခြေလှမ်းများ"
- ၂၀း၅၀ - "သင်္ကြန်ရဲ့အမှတ်လက္ခဏာ မြို့မတေးသံသာ"
- ၂၁း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ခေးဘုရင်" (အပိုင်း-၂၄)
- ၂၂း၀၀ - တသသ သင်္ကြန်တေးများ (အပိုင်း-၂)

# သမိုင်းလမ်းဆုံအနီးရှိ ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းပြုပြင်ရောင်းဝယ်ရေးဆိုင် ဖောက်ထွင်းခံရ

**ရန်ကုန် မေ ၁၀**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံအနီး ကျိုက်ဝိုင်းဘုရားလမ်းဘေး ကွန်ပျူတာနှင့် မိုဘိုင်းဖုန်း ပြုပြင်ရောင်းဝယ်ရေးဆိုင်တစ်ဆိုင်တွင် မေ ၉ ရက် နံနက်က ဖောက်ထွင်းခိုးယူမှုဖြစ်ပွားကြောင်း သိရသည်။

ဆိုင်ကို ကျိုက်ဝိုင်းဘုရား ကားလမ်းဘေး ညအိပ်စောင့်သူမထားဘဲ နေ့စဉ် ဖွင့်နေကျအချိန် နံနက် ၇ နာရီတွင် လာရောက်ဖွင့်လှစ်စဉ် ရှေ့တံခါးပွင့်နေသဖြင့် ပစ္စည်းများကို စစ်ကြည့်ရာ ကွန်ပျူတာ ရှစ်လုံး၊ လက်ပ်တော့ ခုနစ်လုံး၊ ကီးဘုတ်၊ မန်မိုရီကတ်၊ ဟန်းဆက်နှင့် အပ်ထည်များ ပျောက်ဆုံးနေကြောင်း သိရသည်။ အဆိုပါအမှုနှင့် ပတ်သက်၍ ဘုရင့်နောင်နယ်မြေ ရဲစခန်း က အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မန္တလေး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၁၀**

မန္တလေး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် လမ်း ၄၀ နှင့် ၄၁ လမ်းကြား ၅၄ လမ်းတွင် ငါးလုပ်ငန်းလုပ်ကိုင်သူ ဦးကျော်ကျော်၏ နေအိမ်ခြံဝင်းအတွင်း ၁၀ ပေ ပတ်လည် သွပ်မိုး သွပ်ကာ အဆောက်အအုံတစ်လုံးအား ယနေ့နံနက် ၁၁ နာရီ ၅ မိနစ်က ထွန်းခိုင်၊ ကျော်မင်းထွန်းနှင့် ထွန်းထွန်းဝင်းတို့က သံဂဟေဆော်စဉ် ငါးထည့်ထားသော ဖော့သေတ္တာများပေါ်သို့ မီးပွားများကျရောက်ပြီး မီးကူးစက်လောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၀ စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူတို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၂၀တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုနှင့် ပတ်သက်၍ သံဂဟေဆော်လုပ်ငန်းအား ပေါ့ဆစွာ အသုံးပြုသူ ထွန်းခိုင်အား အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်**

# အမွေ့ကိစ္စမကျေနပ်၍ နေအိမ်မီးရှို့

**မြစ်ကြီးနား မေ ၁၀**

မြစ်ကြီးနားမြို့ ရေရပ်ကွက် နယ်မြေ ၄ ၌ မေ ၁၀ ရက် နံနက်ပိုင်းက အမွေ့ကိစ္စမကျေနပ်၍ နေအိမ်မီးရှို့မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဒေါ်ခင်မမပိုင် နေအိမ်၌ နေထိုင်သူ မောင်မြတ်ထန်(ခ) အငယ်လေးသည် အမွေ့ကိစ္စမကျေနပ်၍ နေအိမ်ကို မီးရှို့ခြင်းဖြစ်ကြောင်း၊ မီးလောင်ရာသို့ မြစ်ကြီးနားမီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူ ဦးစီးအဖွဲ့က မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ အရန်မီးသတ် ရေသယ်ယာဉ်နှစ်စီး၊ စည်ပင်ရေသယ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် တစ်ထပ်နေအိမ်တစ်လုံး၊ နှစ်ထပ် ဂိုဒေါင်တစ်လုံးတို့ မီးလောင်ဆုံးရှုံးသွားသဖြင့် မောင်မြတ်ထန်(ခ)အငယ်လေးကို မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**


## အမည်မှန်
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ လက်ပံတောကျေးရွာနေ ဦးထွန်းကြည် ၇/ပခန(နိုင်)၁၉၉၁၆၆ ၏သား မောင်သိန်းဖေမြင့်၏အမည်မှန်မှာ မောင်ထွန်းဘို ဖြစ်ပါသည်။

## အမည်ပြောင်း
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက်၊ ဝင်းခလုံးပိုင်းနေ ဦးမင်းကို ၁၀/သထန(နိုင်)၀၁၃၅၄၂ နှင့် ဒေါ်ကလျာစိုး ၁၀/မဒန(နိုင်)၁၀၆၄၇၅တို့၏သမီး မခိုင်ဇင်သော်(ခ)မကေခိုင်ဇင်ကိုအား မဖူးသစ်ဟန်နီဟု ပြောင်းလဲခေါ်ပါရန်။**မဖူးသစ်ဟန်နီ**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ ၂၀ လမ်း၊ အမှတ် ၇၁၈၊ အကျယ်အဝန်းပေ(၄၀×၆၀)မြေကွက်သည် နှစ် ၆၀မြေငှားဂရန်၌ ယခုရောင်းချသူ ဦးအောင်နိုင်ဦး ၁/မညန(နိုင်)၀၅၁၀၂၂ ၏အမည်ဖြင့်ပေါက်ရောက်ပါကြောင်းနှင့် ၎င်းမြေကွက်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုရောင်းချလာသည်ဖြစ်၍ ကျွန်ုပ်မှ မြေကွက်အားဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးမြင့်ဇော်**
**အမှတ် ၂၁၇၊ သိရိနန္ဒ ၂၇ လမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၈၂၄၅၂၀၀**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းပယ်ဖျက်ပြီးကြောင်း ကြေညာခြင်း
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၁ တွင် ၆ ထပ်တိုက်အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအတွက် မြေရှင်များဖြစ်သည့် ဒေါ်စန္ဒာမြင့်၊ (ဒေါ်ခင်စောနွဲ့)၊ ဦးအောင်ကြီး၊ (ဦးညွှန့်တင်)တို့မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ်အမှတ် ၃၁၄၁/၂၀၁၁ ရက်စွဲ ၂၄-၂-၂၀၁၁ စာအရ ဦးညွှန့်မောင်ရှိန် ၃၁၄၁/၂၀၁၁ ရက်စွဲ ၂၄-၂-၂၀၁၁ စာအရ ဦးညွှန့်မောင်ရှိန် ၉/မထလ(နိုင်)၁၆၉၃၀၉ အမည်ဖြင့်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ဤကြော်ငြာထုတ်ပြန်သည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**အထွေထွေကိုယ်စားလှယ်စာပေးအပ်သူများ -**
**၁။ ဦးအောင်ကြီး ၁၂/ဗဟန(နိုင်)၀၂၂၀၆၃**
**၂။ ဒေါ်စန္ဒာမြင့် ၁၂/စခန(နိုင်)၀၄၃၂၃၅**

## (၃၅)နှစ်ပြည့် ကျောက်စိမ်းရတု မင်္ဂလာဆုတောင်းလွှာ
မကွေးမြို့နေ ချစ်ဖေဖေ ဦးထော်စန်း၊ ချစ်မေမေ ဒေါ်ခင်မျိုးလေးတို့၏ ၁၁-၄-၂၀၁၇ ရက်တွင်ကျရောက်သော ကျောက်စိမ်းရတု မင်္ဂလာရက်မြတ်မှသည် နောင်ရတုအဆက်ဆက်တိုင်အောင် ချစ်သော သား၊ သမီး၊ မြေး၊ မြစ်တို့နှင့်အတူ သက်ရှည်ကျန်းမာ ပျော်ရွှင်စွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သမီးကြီး** - ဗိုလ်မှူးဇော်ဇော်မြင့်စိုး M.Sc(Russia) DSA- ဒေါ်ပွင့်မျိုးသီတာစန်း B.Com (လက်ထောက်မန်နေဂျာ၊ ကမ္ဘောဇဘဏ်)
**ချစ်သားကြီး** - ဗိုလ်ကြီးမျိုးစည်သူစန်း BE.(Mech) DSTA
**ချစ်သားငယ်** - ဗိုလ်ကြီးမျိုးဇာနည်စန်း MBBS, M.Med.Sc (2nd Years Radiology)၊ DSMA
**ချစ်မြေးလေး** - ဆောင်းဧကရီဇော် ၊ မေဘာရဏီဇော်

**State Bank of India (Yangon Representative Office)**
**[In closing down]**
**Notice of Final Closing Down**
**State Bank of India - Yangon Representative Office** has completely carried out liquidation proceedings and has been fully closed down from 10th April 2017.
Daw Tin Tin Yee, Liquidator
Facilitation Limited, Room 4, 1st Fl, 24 (C), Yaw Min Gyi St., Dagon Township, Yangon.

**အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဖန်းမောက်မြို့၊ မြနန္ဒာရပ်ကွက်နေ ဦးကျော်နိုင်(ခ)ဦးအောင်ကြည်ဆန်း၏ အမည်မှန်မှာ ဦးကျော်နိုင် ၅/ကသန(နိုင်)၀၅၂၁၀၂ဖြစ်ပါကြောင်း။ **ဦးကျော်နိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)၊ လားရှိုးမြို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်ရွယ်စုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၁။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၁) (၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်)
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၄-၂၀၁၇ရက်၊ ၁၆း၃၀နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၇ရက်၊ ၁၃း၀၀နာရီ
၄။ **တင်ဒါတင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** - တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၂၆၁၉၊ ၀၉-၄၉၂၅၄၄၁၇၊ ၀၉-၄၀၃၇၃၉၄၉၆၊ ၀၉-၄၃၁၂၇၁၆၀

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်
မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ဆကကြီးကျေးရွာအုပ်စု၊ ဆကကြီး(၄)ရပ်ကွက်၊ အကွက်အမှတ်(၃)၊ မြေကွက်အမှတ်(L)၊ ဦးပိုင်အမှတ်(၇၅)၊ မြေချိန်ဧရိယာ(သုည ဒသမ ၁၀၄ ဧက)၊ ဦးပိုင်အမှတ် (၇၆)၊ မြေချိန်ဧရိယာ (သုည ဒသမ ၀၆၅ ဧက) မြေငှားဂရန်(၁၀)နှစ်ရရှိထားသူပိုင်ရှင် ဦးမြသောင်း ၁၄/ပသရ(နိုင်)၀၀၉၇၄၄၏ မြေငှားဂရန်မူရင်း ပျောက်ဆုံးသွားပါ၍ သက်ဆိုင်ရာသို့ မြေဂရန်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်သည့်အထောက်အထားများဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**ဦးမြသောင်း ၁၄/ပသန(နိုင်)၀၀၉၇၄၄**

**ကလေးနာမည်ပေး**
**ဆရာကြီးရာဇာဇော်ဝင်း**
(LL.B)နှင့်ဆက်သွယ်ပါ(မြိတ်ရက်မရှိ)
01-394727, 01-399426, 09-73009994
09-5152521 တိုက်(၉၄)၊(မွန်လေးလမ်း)
ပထပ်၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။

## အမည်ပြောင်း
ဦးဌေးနိုင်၏သမီး သာကေတမြို့နယ်၊ အမက(၁၂)၊ တတိယတန်း(က)မှ မအေးမြတ်မြတ်မွန်အား မအိကြယ်စင်ဆောင်းဟု ပြောင်းလဲခေါ်ပါရန်။
**မအိကြယ်စင်ဆောင်း**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ငုရွှေမြိုင်လမ်း၊ အမှတ် ၈၈၆-ခ၊ မြေအကျယ်ပေ(၁၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်တင်တင်မော် TME-၀၁၂၄၇၃ထံမှ ကျွန်ုပ်က ငွေအကျေဖြင့် ဝယ်ယူပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဂရန်အသစ်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ဒေါ်ဇာခြည်နှင်းဝင့်ရီ**
**၁၂/ဒဂန(နိုင်) ၀၂၅၁၄၉**
**ဖုန်း-၀၉-၇၈၈၇၉၅၃၆၉**

# သက်တမ်း ၅၀၀ ကျော်ရှိသည့် လိုဏ်ဂူအတွင်းမှ နံရံဆေးရေးပန်းချီများ ထိန်းသိမ်းရန်လိုအပ်

**မလှိုင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နှင့် ၁၀ မိုင်ခန့် ကွာဝေးသည့် မလှိုင်မြို့နယ် မြင်းတွင်းအုပ်စု ကွင်းအမှတ် (၁၁၉)ကွင်း၌ အင်းဝခေတ်ကတည်းက တည်ဆောက်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်ခန့်ရှိ ဉမင်လိုဏ်ဂူအတွင်းတွင် ရှေးမူလက်ရာမပျက် နံရံဆေးရေး ပန်းချီကားများမှာ လက်ရာမပျက် ရှိနေသော်လည်း ဉမင်လိုဏ်ဂူမှာ ပြိုကျ ပျက်စီးနေသောကြောင့် ဒေသခံပြည်သူ များက အမြန်ဆုံးပြုပြင်ပေးရန် လိုလား နေကြောင်း သိရသည်။



အဆိုပါ ဉမင်လိုဏ်ဂူမှာ သမိုင်း အထောက်အထားအနေဖြင့် ကိုးချောင်း လင်္ကာတစ်ပုဒ်သာ ကျန်ရှိခဲ့ကြောင်း ယင်းလင်္ကာမှာ "အစ၊ အဋ္ဌ၊ ဒွေးပဋ္ဌ၊ မြင်းတွင်းဒါမ၊ ကံတောင်စ၊ တည်ထား ဉမင်သာ"ဟု ဖော်ပြခဲ့သဖြင့် ဉမင်လိုဏ် တည်ဆောက်ခဲ့သည့်ခုနှစ်မှာ ခန့်မှန်း ၈၂၅ ခုနှစ်ဖြစ်ကြောင်းနှင့် အဆိုပါ ကွင်းအမှတ် (၁၁၉) ကွင်း၌ တည်ရှိ နေသည့်ဉမင်လိုဏ်ဂူသည် အင်းဝခေတ် က တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ရှေးလူကြီးများရဲ့ ပြောပြချက်အရ သိရ သည်။

ယင်းဂူသည် ယခုအခါမှာ ပြိုကျ ပျက်စီးနေသော်လည်း ဂူအတွင်းရှိ နံရံ ဆေးရေးပန်းချီကားများဟာ ရှေးမူ လက်ရာမပျက် တည်ရှိနေကြောင်း အဆိုပါကျေးရွာမှ အုပ်ချုပ်ရေးမှူးက ပြောသည်။

ထို့ကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို ထိန်းသိမ်း ကာကွယ်နိုင်ရန်အတွက် နှစ်ပေါင်း ၅၀၀ ကျော်ကြာမြင့်နေပြီဖြစ်သည့် ဉမင် လိုဏ်ဂူကို ပြုပြင်ပေးရန် ဒေသခံပြည်သူ များက လိုလားလျက်ရှိကြောင်း သိရ သည်။

**ကျော်ကျော်(မလှိုင်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)အမျိုးသမီးအဖွဲ့က ဆေးကုသခြင်းနှင့်ကျန်းမာရေးပညာပေးခြင်းများဆောင်ရွက်

**မန္တလေး မေ ၁၀**

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် မေ ၇ ရက်က မြန်မာနိုင်ငံ ဆရာဝန် အသင်း(မန္တလေး)အမျိုးသမီးအဖွဲ့မှ ဒေါက်တာသင်းကြူအေး ဦးဆောင်သော ဆရာဝန် အဖွဲ့ဝင် ၁၄ ဦးပါဝင်သည့် အမျိုးသမီးအဖွဲ့ဝင်များသည် မန္တလေးအောင်မြေသာစံမြို့နယ် ၆၃ လမ်းရှိ အေးရိပ်မွန် အမျိုးသမီးဂေဟာသို့သွားရောက်ပြီး ဆေးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အေးရိပ်မွန်ဂေဟာရှိ အမျိုးသမီးငယ် ၁၀၀ကျော်တို့ကို မျက်စိအထူးကု ဆရာဝန်၊ သားဖွားမီးယပ်ဆရာဝန်များအပါအဝင် အထွေထွေရောဂါကုဆရာဝန်များက ကျန်းမာရေးစစ်ဆေးကုသဆောင်ရွက်ပေးခြင်း၊ မုန့်များပေးဝေခြင်းများနှင့်အဖွဲ့ဝင် အဖြစ် လိုက်ပါလာသော ဒုတိယဥက္ကဋ္ဌ(၂)ဒေါက်တာမာလာဝင်းက ကျန်းမာရေး ပညာပေးဟောပြောခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး အေးရိပ်မွန် အမျိုးသမီးများအတွက် နေ့လယ်စာ အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကိုယ်ဝန်ဆောင်မိခင်များ ငွေကြေး ထောက်ပံ့ပေးရေးအစီအစဉ် မိတ်ဆက်

**မင်းတပ် မေ ၁၀**

ချင်းပြည်နယ် မင်းတပ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ မေ ၈ ရက် နံနက် ၈ နာရီက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွား လာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေး အစီအစဉ် (MCCT program) မိတ်ဆက်ခြင်းအခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လော မောင်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်း (ခရိုင်အုပ်ချုပ်ရေးမှူး)တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိဖြိုးက လုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများ ကလည်း လက်တွေ့နယ်ပယ်၌ တွေ့ကြုံနိုင်သည်များကို မေးမြန်းခြင်းနှင့် ဖြေကြား ခြင်းများ ဆောင်ရွက်ကြသည်။ ချင်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးဖြစ်သည့် အပြင် ကိုယ်ဝန်ဆောင် အရွယ်မှ နှစ်နှစ်အထိ ဖွံ့ဖြိုးရေးအလို့ငှာ ကိုယ်ဝန်ဆောင်သည်မှ မွေးဖွားပြီး နှစ်နှစ်အထိ တစ်လလျှင် ငွေကျပ် ၁၅၀၀၀ ထောက်ပံ့ရန် နိုင်ငံတော် အစိုးရ၏ အစီအစဉ်ဖြစ်ကြောင်း၊ချင်းလူမျိုးများအတွက် အထူးဝမ်းမြောက်ဖွယ်ဖြစ် ကြောင်း မြို့မိမြို့ဖ ဦးနိုင်းကီးက ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာနိုင်ငံတွင် အနာကြီးရောဂါဆေးကုသရန်လိုအပ်သူ နှစ်စဉ်လူပေါင်းနှစ်ထောင်မှ သုံးထောင်ကြားရှိ

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံတွင် အနာကြီးရောဂါ လက္ခဏာတစ်ခုခုရှိပြီး အနာကြီးရောဂါ ဆေးနှင့် ကုသရန်လိုအပ်သော ဝေဒနာ ရှင်ပေါင်း နှစ်စဉ်လူပေါင်းနှစ်ထောင်မှသုံး ထောင်ကြားရှိကြောင်း ကျန်းမာရေး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အနာကြီးရောဂါရဲ့ လက္ခဏာ တစ်ခုခုရှိပြီး အနာကြီးရောဂါဆေးနဲ့ ကုသဖို့လိုအပ်တဲ့လူ၊ ကျန်းမာရေးဌာနက အနာကြီးရောဂါသည်လို့ သတ်မှတ်ထား သူဟာ နှစ်စဉ် လူပေါင်းနှစ်ထောင်မှ သုံးထောင်ကြားရှိပါတယ်"ဟု ရေနံ့ သာဆေးရုံအုပ်ဟောင်းလည်းဖြစ် The Leprosy Mission Myanmar ၏ တာဝန်ရှိသူလည်းဖြစ်သည့် ဒေါက်တာ မြတ်သီတာက မသန်စွမ်းမှုနှင့် မသန်စွမ်း သူများ၏ အခွင့်အရေးဥပဒေနှင့် ပတ်သက်သော ရှင်းလင်းပွဲတွင် ပြော ကြားသည်။

မြန်မာနိုင်ငံသည် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘရာဇီးတို့ပြီးလျှင် ကမ္ဘာ တွင် အနာကြီးရောဂါဖြစ်ပွားမှုအဆင့်(၄) တွင်ရှိကြောင်း၊ အနာကြီးရောဂါသည် ကာကွယ်ဆေးမရှိသေးကြောင်း၊ ဖြစ် ပွားသူများအား ကုသရာတွင် သေပြီး သောပိုးများ ဆက်လက်တိုးပွားလာခြင်း မရှိအောင် ကုသပေးနိုင်ကြောင်း၊ အနာကြီး ရောဂါဟု သံသယရှိသူများ အနေဖြင့် နီးစပ်ရာကျန်းမာရေးဌာန များတွင် ကုသမှုခံယူနိုင်ကြောင်း၊ အထူး ကုသရန်လိုအပ်သော အနာကြီးရောဂါ ဝေဒနာရှင်များသည် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ဆေးရုံကြီးများ တွင် အထူးအရေပြားကုသဌာနများ၌ ကုသမှုခံယူနိုင်ကြောင်း သိရသည်။

သို့သော်လည်း ဆေးရုံတက်ပြီး အချိန်ကြာမြင့်စွာ ကုသရန်လိုအပ် သော အနာကြီးရောဂါသည်များသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအနီး အနာကြီးရောဂါ ဆေးရုံနှင့်မော်လမြိုင်မြို့ အနာကြီးရောဂါ ဆေးရုံတို့တွင် တက်ရောက်ကုသနိုင် ကြောင်း သိရသည်။

အနာကြီးရောဂါသည် အစိုနှင့် အခြောက်ဟူ၍ နှစ်မျိုးရှိပြီး လူတိုင်း ကူးစက်သော ရောဂါမဟုတ်ကြောင်း၊ ရောဂါဖြစ်ပွားသူများအနေဖြင့် အစား အသောက်နှင့် တစ်ကိုယ်ရေကျန်းမာရေး မြှင့်တင်မှုသည် အရေးကြီးကြောင်း သိရ သည်။

**မြင့်မောင်စိုး**

# မှတ်ဉာဏ်စွမ်းရည်ပြိုင်ပွဲ ဂန့်ဂေါ၌ကျင်းပ

**ဂန့်ဂေါ မေ ၁၀**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မှတ်ဉာဏ် စွမ်းရည်ပြိုင်ပွဲကို ဂန့်ဂေါမြို့နယ် မွေ့လယ်ရွာ အုပ်ချုပ်ရေးမှူးရုံး၌ မေ ၇ ရက်က ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါမှတ်ဉာဏ်စွမ်းရည်ပြိုင်ပွဲတွင် SVA မှ ထုတ်ဝေသည့် သစ္စာရှိသော သူငယ်ချင်းပုံပြင်ကို လေ့လာဖတ်မှတ်စေ၍ မှတ်သားမှုစွမ်းရည်ပြိုင်ပွဲ ပြုလုပ်ရာ ပထမဆုကို မနှင်းထက်ထက်လှိုင်၊ ဒုတိယဆုကို မချစ်သက်ဝေနှင့် တတိယဆုကို မောင်ရန်ပိုင်အောင်တို့က ဆုများရရှိကြ၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်အေးအေးက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ဘုရားကြီးကျေးရွာရှိ လွန်ခဲ့သောနှစ်ပေါင်း(၄၀၅)နှစ်က တည်ထားကိုးကွယ်ခဲ့သော အမိဋ္ဌာန်အောင် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ထမ်းငြိမ်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို မေ ၈ ရက်က ဘုရားရင်ပြင်တော်၌ ကျင်းပရာ ဂေါပကအဖွဲ့ နာယက ဦးလှသိန်း၊ ဦးစိုးညွန့်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်တို့က မင်္ဂလာရွှေကြိုးကို ဖြတ်၍ဖွင့်လှစ်ပေးစဉ်**

ကိုကျော်(သုံးခွ)

# ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲနှင့် သင်္ကြန်ရေသဘင်ပွဲ ပုဏ္ဏားကျွန်း၌ စည်ကားစွာဆင်နွှဲမည်

**ပုဏ္ဏားကျွန်း မေ ၁၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဋ္ဌေး၏ ကြီးကြပ်မှုဖြင့်ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲနှင့် ရိုးရာသင်္ကြန်ပွဲတော်ကို ပုဏ္ဏားကျွန်းမြို့၌ စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲကို မေ ၁၂ ရက် နံနက် ၈ နာရီက လောကမာရဇိန်ဘုရားကြီး သိမ်တော်အတွင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသော အမျိုးသမီးများအနေဖြင့် ရိုးရာဝတ်စုံ(သို့) တူညီဝတ်စုံများ ဝတ်ဆင်ကာပြိုင်ပွဲဝင် အသင်းတစ်သင်းလျှင် အရွယ်တူ ၁၀ ဦးစီဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ ယင်းနေ့ညနေ ၄ နာရီတွင် ဦးရာဇ်တော် ဓာတ်စေတီတော်မြတ်သို့ အတီးအမှုတ်အကအခုန်များဖြင့် ဘုရားရေသပ္ပာယ်သွားရောက်ကြမည်ဖြစ်ကြောင်း၊ နံ့သာသွေး ပြိုင်ပွဲ၌ ဆုရအသင်းများအား ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ် တစ်သိန်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှဘော်သူက ပြောသည်။

ထို့နောက် ရခိုင်ရိုးရာရေသဘင်ပွဲတော်ကို မြို့ပေါ်ရပ်ကွက်ရေလောင်းမဏ္ဍပ်များနှင့် ဌာနဆိုင်ရာအသင်းအဖွဲ့ ရေကစား မဏ္ဍပ်များနှင့် နယ်မြေခံ ခမရ ၅၅၀ ရေကစားမဏ္ဍပ်တို့၌ ဖျော်ဖြေတင်ဆက်မှုများတွဲဖက်ကာ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

# ပညာရေးဝန်ကြီးဌာနသို့ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် ပညာရေးဝန်ကြီးဌာနအောက်ရှိ အမှတ် (၆) အခြေခံပညာအလယ်တန်း ကျောင်းဝင်းအတွင်း၌ Triangle Links Engineering Co., Ltd က ဆောက်လုပ်လှူဒါန်းသော ကျောင်း ဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို မေ ၈ ရက်က အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်သည် အလျား ပေ ၁၀၀၊ အနံပေ ၃၀ ရှိ သံထည် အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်ဖြစ် ပြီး အဆိုပါကျောင်းဆောင်သစ်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင် စတင် ဆောက်လုပ်ကာ ယခုနှစ် ဇန်နဝါရီလတွင် အပြီး ဆောက်လုပ်နိုင်ခဲ့သည်။

တစ်ထပ်ကျောင်းဆောင်သစ်ဖြစ် သော်လည်း နောက်နှစ်ထပ်ကျောင်း ဆောင်သစ်ဆောက်ရန်အတွက် အဆင် သင့်ဖြစ်ရန် ဖောင်ဒေးရှင်းကို ရည်ရွယ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလှူရှင်အနေ ဖြင့် နှစ်အနည်းငယ်အတွင်း အဆိုပါ ကျောင်းဆောင်အား နှစ်ထပ်ကျောင်း ဆောင်အဖြစ် ထပ်မံဆောက်လုပ်လှူဒါန်း ရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။ ပညာရေးဝန်ကြီး ဌာနသို့လွှဲပြောင်းပေးအပ်သော ကျောင်း ဆောင်သစ်သည် ဟောခန်းပုံသဏ္ဌာန် ဖြစ်ပြီး စာသင်ရာတွင်လည်း အဆင်ပြေ စေရန်နှင့် အစည်းအဝေး၊ အခမ်းအနား များ ကျင်းပရာတွင်လည်း အဆင်ပြေ စေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ကျောင်းဆောင်သစ်နှင့်အတူ စာရေးခုံနှင့်ထိုင်ခုံ ၄၅ စုံ၊ Whit Board နှင့် Stage သုံးစုံတို့အပြင် မျက်နှာစာ တွင်လည်း ပန်းအလှပင်များ စိုက်ပျိုးထား ပြီး စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၈၄၀ ကုန်ကျခဲ့ကြောင်း သိရသည်။

**သတင်း- မင်းခေတ်၊ဓာတ်ပုံ- မိုးမခ**



# ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ကော့သောင်း ဧပြီ ၁၀**

ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေး Myanmar-Japan Center For Human Resource Development နှင့် ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် Visual Management & Problem Solving Skills ဆိုင်ရာ ဟောပြောပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဧပြီ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က အမှာစကားပြောကြားသည်။

ယင်းနောက် Myanmar-Japan Center For Human Resource Development မှ စီးပွားရေးပညာရှင် ဒေါက်တာမြင့်ဆန်းက Visual Management & Problem Solving Skills ထင်သာမြင်သာစီမံအုပ်ချုပ်မှု ခေါင်းစဉ်ဖြစ်သည့် စီးပွားရေးလုပ်ငန်းတစ်ခု၏ မဟာဗျူဟာရေးဆွဲ ချမှတ်ခြင်းဆိုင်ရာ လိုအပ်ချက်များ ၊ စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအချက်အလက်နှင့် စိန်ခေါ်မှုများ၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်ကြုံတွေ့ရမည့် ပြဿနာမျိုးစုံကို စနစ်တကျကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ Myanmar-Japan Center For Human Resource Development သည် မြန်မာ-ဂျပန် ပူးပေါင်းကာ ၂၀၀၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာများ၊ အာဆီယံဒေသတွင်း စီးပွားရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည်နှင့် စီမံခန့်ခွဲမှုစွမ်းရည်ယှဉ်ပြိုင်မှု မြင့်မားလာရေး၊ ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းကြီးများမှ အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များက မြန်မာနိုင်ငံဒေသအနှံ့တွင် စီးပွားရေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ဆွေးနွေးလေ့ကျင့် သင်တန်းပို့ချမှု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ရွှေထီးတော် အသစ်တင်လှူပွဲကျင်းပ

**မော်လမြိုင် ဧပြီ ၁၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းရပ် ဗုဒ္ဓဝင်ဘုရားအတွင်းရှိ တောင်ညိုတောင်တန်းပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော အေးချမ်းသာယာ၊ ချမ်းမြေ့သာယာ၊ ငြိမ်းချမ်းသာယာ၊ အေးငြိမ်းသာယာစေတီတော်နှင့် အရဟံသိဒ္ဓိအောင် တံခွန်တိုင်တော်ကြီးရှိ စေတီငါးဆူ၊ ရွှေထီးတော်တင်အလှူမင်္ဂလာအခမ်းအနားကို ဧပြီ ၇ ရက်က ယင်းဗုဒ္ဓဝင်ဘုရားဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ထီးတော်တင်အလှူမင်္ဂလာအခမ်းအနားတွင် ပြည်နယ်သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ ဂိုဏ်းချုပ်သြဝါဒါစရိယဥက္ကဋ္ဌ ဣသိနာရုံဗုဒ္ဓဝင်နာယက ဆရာတော်အဒ္ဓဇ္ဈတ္တအာစရိယထံမှ သီလခံယူဆောက်တည်ခဲ့ကြပြီး ယင်းစေတီငါးဆူသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကျော်ခန့်က တည်ထားကိုးကွယ်ထားရှိခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းအရ သိရသည်။

အဆိုပါ ရွှေထီးတော်အသစ်များကို မော်လမြိုင်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်အပူဇော်ခံပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပြည်နယ်ရဲတပ်ဖွဲ့ မတည်အလှူရှင်ရဲအုပ်ကျော်မင်းထွန်းနှင့်ဇနီးဒေါ်စီစီမိုးမိသားစု၊ အလှူရှင်စေတနာရှင်များ၊ လုပ်အားဒါနပြုသူများ စုပေါင်း၍ အသစ်ပြန်လည်မွမ်းမံပြင်ဆင်ခြင်းဖြစ်သည်။ ယင်း ရွှေထီးတော်သစ်အား တင်လှူပူဇော်ခဲ့ကြပြီးနောက် ရွှေမိုး၊ ငွေမိုးသွန်းဖြိုးခဲ့ကြောင်း၊ ဧပြီ ၈ ရက်တွင် ဆရာတော်သံဃာတော်များအား ပင့်ဖိတ်ပြီး ဘုရားအနေကဇာတင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# သင်္ကြန်ကာလ ဆိုင်ကယ်ကယ်ရီနှင့် သုံးဘီးဆိုင်ကယ်မောင်းသူများအဆင်ပြေ

**မလှိုင် ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ဆိုင်ကယ်ကယ်ရီပြေးဆွဲသူများ၊ သုံးဘီးဆိုင်ကယ်မောင်းသူများသည် သင်္ကြန်ကာလအတွင်း ခရီးသွားလာသူများသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည် ။

ကျေးလက်ဒေသမှ တခြားအမြို့မြို့အနယ်နယ် အရပ်ရပ်သို့ စီးပွားရေးအရ သွားရောက် အလုပ်လုပ်ကိုင်နေကြရသူများ၊ဝန်ထမ်းများ၊ အကြောင်းအမျိုးမျိုးဖြင့် တစ်နယ်တစ်ကျေးသို့ ရောက်ရှိနေကြသူများသည် မဟာသင်္ကြန်ကာလတွင် မိမိတို့နေထိုင်ရာ အရပ်ဒေသများသို့ အမြဲတစေပြန်လာလေ့ရှိကြသည် ။

“အခုရက်ပိုင်းပြေးဆွဲလို့ကောင်းပါတယ်။ ဒီနှစ်ပြန်လာတဲ့သူက မနှစ်ကထက် ပိုများပါတယ်။ သင်္ကြန်တွင်း ပြန်လာတဲ့ သူတွေကို မလှိုင်၊ ပန်းအိုင်၊ လယ်ကြီး၊ ကံကြီး စသည့်ဂိတ်တွေကနေ ရွာအရောက်ပို့ပေးရတာများတယ်။ အဖွဲ့လိုက်ပြန်လာတာများတယ်။ ခရီးအနီးအဝေးလိုက်ပြီး တစ်နေ့ကို ငွေကျပ်သုံးသောင်းဝန်းကျင်လောက် ရပါတယ်။ သင်္ကြန်ပြီးတဲ့အထိတော့ ဆွဲကောင်းမှာပါ။ ရွာတွေမှာဆိုင်ကယ်က အိမ်တိုင်းနီးပါးရှိတာလေ။ အခုလို အခါရက် တွေကြုံမှ အဖွဲ့လိုက်ပြန်လာကြတာများလို့ အဆင်ပြေတာပါ” ဟု သုံးဘီးဆိုင်ကယ်မောင်းသူ ကိုငယ်လေးကပြောပြသည်။

**အောင်ငွေး(မလှိုင်)**

# မြဝတီမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်



**မြဝတီ ဧပြီ ၁၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် ၁၃၇၈-၁၃၇၉ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်သင်္ကြန်ပွဲတော်ကို အရင်နှစ်တွေထက် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပိုမိုစည်ကားတဲ့ပွဲလေးဖြစ်အောင် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပြီးတော့ ညှိနှိုင်းအစည်းအဝေး များကြိုတင်ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်၊ ဒီဗဟိုမဏ္ဍပ်မှာလည်း ဒီနှစ်မှာ ထူးခြားဖြစ်စဉ်များပေါ်ပေါက်လျှင် အချိန်နှင့် တစ်ပြေးညီဆက်သွယ်နိုင်ဖို့ တယ်လီဖုန်းတွေကို တပ်ဆင်ထားပါတယ်။ နောက်တစ်ခုက ဗဟိုမဏ္ဍပ်မှာ ပျော်ရွှင်စွာရေကစားသူတွေ အသုံးပြုနိုင်ဖို့ WiFi တွေကိုလည်း တပ်ဆင်ထားပြီး အခမဲ့ အသုံးပြုနိုင်အောင် စီစဉ်ထားပါတယ်။ လုံခြုံရေးအနေနဲ့လည်း မြန်မာ နိုင်ငံရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီးကြိုတင်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်” ဟု မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေကပြောသည်။

ထို့အပြင် မဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲကြသူများအား ယိမ်းအဖွဲ့များဖြင့် နေ့စဉ်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ဧပြီ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး စလင်းမြို့ ရှမ်းရွာကုန်းကျေးရွာ တာမွေကျောင်းတိုက်အတွင်း၌ဂျပန်နိုင်ငံရှိဟူဒီ လူမှုကူညီရေးအသင်း၏ အကူအညီဖြင့်ဧပြီ ၇ ရက်က အခမဲ့ဆေးကုခန်းအဆောက်အအုံ ဆောက်လုပ်ခြင်း အခမ်းအနားပြုလုပ်ခဲ့စဉ်။**

**(အဆိုပါ ဆေးခန်းအဆောက်အအုံ ပြီးစီးသွားပါက အဆိုပါ အသင်းက လိုအပ်သော ဆေးဝါးနှင့် ကိရိယာများ ပေးပို့လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။)**

စစ်ကြည်(စလင်း)

# (၃၈) ဖြာမင်္ဂလာမူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်

**မြစ်ကြီးနား ဧပြီ ၁၀**

ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ပြည်နယ်သာသနနုဂ္ဂဟအသင်းမှ ဦးဆောင်ပြုလုပ်သည့် (၃၈) ဖြာ မင်္ဂလာမူလတန်း ဆင့် (၁၆)ကြိမ်မြောက် ကဗျာရွတ်ဆိုပြိုင်ပွဲကို မြစ်ကြီးနားမြို့ရှမ်းစုမြောက်ရပ်ကွက် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း သီရိခန်းမ၌ ဧပြီ ၉ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် ပြည်နယ်သာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌဦးညွန့်ဆွေက ပြိုင်ပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ ယဉ်ကျေးလိမ္မာ သင်တန်းကျောင်းများမှ မူလတန်းအဆင့် အမျိုးသားအသင်း ၂၀၊ အမျိုးသမီး ၁၂ သင်းမှ မိမိတို့ကြိုက်နှစ်သက်ရာ သုံးဆယ့်ရှစ်ဖြာမင်္ဂလာခေါင်းစဉ်ဖြင့် အလွတ်တန်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကျင်းပရခြင်းမှာ နောင်အနာဂတ်ကလေးငယ်များ မြန်မာနိုင်ငံ၏ အားထားရသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာရန်နှင့် သာသနာပြန့်ပွားအောင် ပြုလုပ်နိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြည်နယ်သာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌက ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

**မီးဖိုမီးအသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

မီးသတ်ဦးစီးဌာန

# တောင်ပိုင်းခရိုင် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ယိမ်းနှင့် သံချပ်ပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် ဧပြီ ၁၀**

၁၃၇၈ ခုနှစ် ရန်ကုန်တောင်ပိုင်းခရိုင်၏ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ကျင်းပရေးဦးစီးကော်မတီနှင့်ဆပ်ကော်မတီများဖွဲ့စည်းကာ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဗဟိုမဏ္ဍပ်အား သန်လျင်မြို့နယ် စည်ပင်ရုံးအနီး၌ ဆောက်လုပ်လျက်ရှိသည်။ ယခုနှစ် တောင်ပိုင်းခရိုင်ဗဟိုမဏ္ဍပ်တွင် ပိုမိုစည်ကားသိုက်မြိုက်စေရေးအတွက် ကျင်းပရေးဦးစီးကော်မတီက တောင်ပိုင်းခရိုင်အတွင်းရှိမြို့နယ်များမှ သံချပ်ပြိုင်ပွဲဝင်မည့် အဖွဲ့လေးဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ်ဆယ်သိန်းနှုန်း၊ ဖျော်ဖြေရေးနှင့်ပြိုင်ပွဲဝင်မည့် ယိမ်းအဖွဲ့ ၁၅ ဖွဲ့အတွက် တစ်ဖွဲ့လျှင်ငွေကျပ်သုံးသိန်းနှုန်းစီ ထောက်ပံ့ပေးလျက်ရှိပြီး သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ နေ့စဉ်ပြိုင်ပွဲများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေမှုအစီအစဉ်များ၊ နိုင်ငံကျော်အနုပညာရှင်များ၏ သီဆိုမှုများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ဘော်ဆိုင်းဒေသ သာစွမနေမြေ ပြုံးပန်းဝေ

## မင်းရဲကျော်ခေါင်

ဘော်ဆိုင်းဆိုသည့် ရှမ်းပြည်နယ်၏ ချောင်ကျကျနေရာလေးကို စိတ်ဝင်စားတာကြာခဲ့ပါပြီ။ ငယ်စဉ်က ပထဝီဘာသာရပ်တွင် သတ္တုသိုက်များ အများအပြားရှိသော ရှမ်းပြည်နယ်၏ ဒေသတစ်ခုအဖြစ် နမ္မတူဘော်တွင်းနှင့်တွဲဖက်ကာ ဘော်ဆိုင်းဆိုသည်ကို မှတ်မှတ်ရရဖြစ်ခဲ့သည်။

**ဘော်ဆိုင်းဒေသ**

ဘော်ဆိုင်းဒေသသည် သတ္တုကြောများအထက်တွင် ရှိနေသည်။ အေးဆေးတည်ငြိမ်ပြီး လွန်စွာရိုးသားသော ဓနုလူမျိုးအများဆုံးနေထိုင်သည့် ဒေသလည်းဖြစ်သည်။ တောင်ရိုး၊ ပအိုဝ်းနှင့် ဗမာတိုင်းရင်းသားများလည်းရှိသည်။ ဘော်ဆိုင်းဒေသသို့ ဟဲဟိုးအနီးလမ်းခွဲမှ သွားကြသည်။ ဟဲဟိုးလမ်းခွဲမှ ဘော်ဆိုင်းသို့ ၁၉ မိုင်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ဘော်ဆိုင်းမရောက်မီ ခုနစ်မိုင် နှစ်ဖာလုံခန့် ခရီးအကွာတွင် ပင်းတယကို ဖြတ်လမ်းဖောက်ထားပြီးဖြစ်သည်။ အခုတလော ရှမ်းပြည်နယ်ဘက်သို့ဘုရားဖူးလာကြသောကားများ အထူးသဖြင့် ပင်းတယလိုဏ်ဂူဘုရားသို့သွားသော ဘုရားဖူးကားများသည် လမ်းခရီးတိုသော ဘော်ဆိုင်းလမ်းမှ ဖြတ်ကြသဖြင့် ဘော်ဆိုင်းဒေသသည် ခရီးသွားပြည်သူတို့နှင့် မစိမ်းတော့ချေ။ မြေနီနီလမ်းလေးများနှင့် အဝေးဆီမှ ပန်းနှမ်းခင်းတို့သည် ဘော်ဆိုင်းဒေသ၏ အလှအပကို ဖော်ကျူးနေပေသည်။ သို့သော် တစ်ချိန်ကဆိုလျှင် ဘော်ဆိုင်းဒေသသည် လူသူမနီး လမ်းခရီးမကောင်းသောဒေသ၊ ရေအလွန်ရှားပါးသောဒေသ၊ တောင်ကတုံးများ ပတ်လည်ဝိုင်းထားသော အပူအအေးမမျှတသည့်ဒေသ၊ ကျန်းမာရေးစကားအရပြောရလျှင် ချူချာပိန်လှီနေသောဒေသအဖြစ် နှစ်ပေါင်းရှည်ကြာစွာ ရှိနေခဲ့လေသည်။

ဒေသခံတိုင်းရင်းသားတို့၏ "ရွှေကို မလို...ရေကိုလိုသည်" ဆိုသော စကားတို့ဖြင့် ဝမ်းစာနေ့တစ်ဝက်ရှာ၊ သောက်ရေနေ့တစ်ဝက်ခပ်ဘဝများဖြင့် လှုပ်ရှားရုန်းကန်ခဲ့ကြဖူးသည်။ အခုတော့ ထိုသို့မဟုတ်တော့ပြီ။ ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် ရေကောင်းရေသန့်များကို လိုင်လိုင်သုံးနိုင်ကြပြီဖြစ်သည်။ ဘော်ဆိုင်းလမ်းမကြီးသည်လည်း ညီညာပြန့်ပြူးသော ကတ္တရာလမ်းဖြစ်နေပေပြီ။ ဘော်ဆိုင်းသားတို့အတွက် ဒါ့ထက်ပို၍ ကြည်နူးဝမ်းမြောက်စရာသည်ကား ဘော်ဆိုင်းတိုက်နယ်ဆေးရုံဖြစ်တည်လာခြင်းပင် ဖြစ်တော့သည်။ တစ်ချိန်ကဆိုလျှင် ဘော်ဆိုင်းတွင် အမည်မဖော်နိုင်သောရောဂါများ၊ ဆေးရုံအချိန်မီ မရောက်မှုများကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ဖူးလေသည်။ တိုင်းရင်းသားပြည်သူတို့သည် အနီးဆုံးဖြစ်သော ဟဲဟိုး၊ တောင်ကြီး ဆေးရုံများသို့အခက်အခဲများစွာကြားမှ သွားရောက်ဆေးကုသခဲ့ရလေသည်။

**ဖွင့်ပွဲအခမ်းအနားဖိတ်စာ**

ဘော်ဆိုင်းတိုက်နယ်ဆေးရုံဖွင့်ပွဲ ဖိတ်စာလေးက စိတ်ဝင်စားဖွယ်ဖြစ်သည်။ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသော ရှမ်းပြည်နယ်တောင်ပိုင်း ဘော်ဆိုင်းမြို့ ၁၆ ခုတင်ဆံ့ ဘော်ဆိုင်းတိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲနှင့် ဘော်ဆိုင်းအဆင့်မြင့်ဈေးသစ်ဖွင့်ပွဲ အခမ်းအနားဖိတ်ကြားလွှာဟု ရေးသားထားသည်။ သတင်းသမားတစ်ဦးအနေဖြင့် ရှမ်းပြည်ဘက်ခေတ္တလေ့လာရင်း ဘော်ဆိုင်းဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့သည်။

ဖွင့်ပွဲနေ့ မေ ၇ ရက် နံနက်စောစောတွင် ဘော်ဆိုင်းလမ်းအတိုင်း ထွက်ခွာခဲ့ရာ မကြာမီရေပုတ်ကျေးရွာသို့ ရောက်ရှိပြီး ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ လှူဒါန်းထားသော အဝီစိစက်ရေတွင်းနှင့် ရေလှောင်ကန်တို့တွင် ရေခပ်နေကြသော ဒေသခံတိုင်းရင်းသားများကို တွေ့ရလေသည်။ သတင်းသမားပီပီ ဒေသခံတစ်ဦးကို တွေ့ဆုံကာစနည်းနာကြည့်ရာ ယခင်ကဆိုလျှင် ခုနစ်မိုင်ခန့်ကွာသော ရေထွက်သို့သွားရောက် ရေခပ်ရကြောင်း၊ ကန်ရေများမှာလည်း နောက်ကျိနေသဖြင့် သောက်သုံးရန် လွန်စွာခက်ခဲခဲ့ကြောင်း၊ ယခုတော့ ရေကြည်ရေသန့်များကို ၂၄ နာရီ ပေါပေါသီသီ လိုသလောက် သုံးစွဲနိုင်ပြီဖြစ်ကြောင်း ဝမ်းသာအားရရှင်းပြသည်။

**ရှာစဉ်မပြတ်**

ဘော်ဆိုင်းသို့သွားရာ ကတ္တရာလမ်းဘေး တစ်ဖက်တစ်ချက်ရှိ ကျေးရွာများ၌ ရေတိုင်များနှင့် စက်ရေတွင်းများကို ရှာစဉ်မပြတ် တွေ့မြင်ရသည်။ ညီညာပြန့်ပြူးသော ကတ္တရာလမ်းနှင့်ပတ်သက်၍လည်းကောင်း ရေရရှိမှုအခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ စာရေးသူအား လိုက်ပါပို့ဆောင်ပေးသူ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်မှ ဦးခင်အောင်က "ဒီဒေသက ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျခဲ့တယ်ဆိုရမယ်။ ဒါပေမယ့် သိပ်မကြာခင်ကာလကတော့ ဘော်ဆိုင်း-ဟဲဟိုး ၁၉ မိုင်လမ်းမကို အခုလို ဖောက်လုပ်နိုင်ခဲ့တယ်။ ဒါ့အပြင် အခုဆိုရင် အထက်တန်းကျောင်းတွေ၊ ဆေးရုံတွေ၊ ဈေးတွေ၊ မီးသတ်ဌာနတွေ ဆောက်လုပ်ပြီးစီးပြီဆိုတော့ ဖွံ့ဖြိုးတိုးတက်လာပြီလို့ဆိုရမှာပါ။ နောက်တစ်ချက်က ဘော်ဆိုင်းဒေသဟာ အင်မတန်မှ ရေရှားပါးပါတယ်။ ရေကို နေ့တစ်ဝက်လောက် အချိန်အကုန်ခံပြီး အဝေးကြီးကို သွားခပ်ရတယ်။ ရေတူးပြန်တော့လည်းမရဘူး။ ဘူမိဗေဒပညာရှင်တွေကတော့ ရေအရင်းအမြစ်မရှိတဲ့ဒေသဆိုပြီးတောင် ပြောကြတယ်။ ၁၉၉၉ ခုနှစ်တုန်းကတော့ UNDP စီမံချက်နဲ့ ဆည်မြောင်းတာတမံတွေ တည်ဆောက်ဆောင်ရွက်ပေးခဲ့ဖူးတယ်။ နောက်ပိုင်းစီမံချက်လည်း အောင်မြင်မှုမရရှိခဲ့တဲ့အတွက် ရေအတွက် တိုင်းရင်းသားပြည်သူတွေ တော်တော်လေး ဒုက္ခရောက်ခဲ့ရတယ်။ ရေလဲတူးဖူးတယ်။ မထွက်ဘူး။ နောက်ဆုံးတော့လည်း ပြည်သူတွေ ကန်ရေနီနီတွေကိုပဲ ချွေတာသောက်သုံး၊ သုံးစွဲခဲ့ရတာပေါ့။ ၂၀၁၁ ခုနှစ်တုန်းကတော့မိုးအလွန်နည်းပြီး ကန်ရေတွေပါ ခန်းခြောက်ကုန်တယ်။ ပြည်သူတွေလည်း ရေတစ်စည်ကို ငွေကျပ် ၃၀၀၀ ကျော်ပေးပြီး ဝယ်သုံးခဲ့ရတယ်။ လိုသလောက်လည်း ဝယ်လို့မရဘူး။ ဒါနဲ့ အောင်ပန်းနဲ့ဟဲဟိုးဘက်က အလှူရှင်တွေလာပြီး ရေလှူကြရတယ်။ ဒါကို ကမ္ဘောဇဘဏ် ဥက္ကဋ္ဌကြီးသိတော့ ပင်းတယ ဇော်ဂျီချောင်းကရေကို ရေဘောက်ဆာကားတွေနဲ့တစ်နေ့ကိုးခေါက် လှူဒါန်းပေးခဲ့ရတယ်။ ဒါ့အပြင် ရွာမှာရှိတဲ့ မြေသားကန်တွေကို မိုးရေလှောင်ကန်အဖြစ် ပြန်လည် တူးဖော်ပေးခဲ့တယ်လေ။ စက်ရေတွင်းတွေကိုတော့ ကုန်းမြင့်သာယာရပ်ကွက်မှာ ၂၀၁၄ ခုနှစ် မတ်လမှာ ပထမဆုံး စပြီးတူးခဲ့တာပေါ့။ ထူးခြားဆန်းကျယ်မှုလို့ဆိုရမလား စေတနာ သဒ္ဓါတရားထက်သန်လွန်းတာကြောင့်လို့ပြောရမလားမသိဘူး။ စတူးတာနဲ့ရေကောင်းရေသန့်တွေရတော့တာပဲဗျာ။ တူးတဲ့နေရာတိုင်းနီးပါး ရေကောင်းရေသန့်တွေ ထွက်တယ်ဗျ။ အခုဆိုရင် ဘော်ဆိုင်းဒေသတစ်ခုထဲတင် စက်ရေတွင်းပေါင်း ၂၀ တိတိတူးဖော်အောင်မြင်ထားတော့ ဘော်ဆိုင်းဒေသခံတွေ ရေမရှားတော့ဘူးပေါ့" ဟု ရှင်းပြသည်။



**ဖြောင့်ဖြူးညီညာ**

ဘော်ဆိုင်းအသွားကတ္တရာလမ်းက ဖြောင့်ဖြူးညီညာနေသည်။ ပင်းတယသို့သွားသော ဘုရားဖူးကား တော်တော်များများကိုလည်း တွေ့ရသည်။ အချို့နေရာများတွင် အဝေးရွာများမှ ရေလာခပ်ကြသော နွားလှည်းများ ထော်လာဂျီယာဉ်များကို တွေ့နေရသည်။ အချို့ရွာများရှိ အိမ်ရှေ့ခြံဝင်းများတွင် ကမ္ဘောဇအမှတ်တံဆိပ်ဖြင့် ရေတိုင်များကို စနစ်တကျတွေ့မြင်ရသည်။ အိမ်အသီးသီးရှိ ကျောက်ရေစည်များတွင်တော့ ရေကအပြည့်။ အေးချမ်းစွာပင် ရေချိုးသူချိုးအဝတ်လျှော်သူလျှော်ဖြင့် အတိတ်က ဖြစ်ရပ်များကို မှတ်မိသေးပါစဟု မေးရမလိုပင်။ ရေနီနီကန်တစ်ကန်တွင် နွားများ ရေသောက်နေကြလေသည်။ ကန်စပ်ရှိ သစ်ပင်ကြီးတစ်ပင်၌ သမိုင်းဝင်လောက်သည့် သတိပေးစာ တစ်ခုကိုတွေ့လိုက်ရသည်။ "ထော်လာဂျီ၊ ကား၊ နွား၊ လှည်းများ၊ ရေမခပ်ရ။ မဆေးရ။ ပုံ...ဘုန်းကြီးနှင့်ဥက္ကဋ္ဌ"ဟု သံပြားအပိုင်းပြတ်ပေါ်တွင် သဘော်ဆေးဖြူဖြင့် ရေးသားထားသော စာလေးပင်ဖြစ်တော့သည်။

မကြာမီ ဘော်ဆိုင်းသို့ရောက်ပြီး ဘော်ဆိုင်းဆေးရုံဆီသို့ ဆက်ခဲ့သည်။ ဆေးရုံသည်ကား ၁၆ ခုတင်ဆံ့ဆေးရုံဆိုသော်လည်း ကျယ်ဝန်းလှသည်။ဆရာဝန်နေအိမ်များ အမှုထမ်းနေအိမ်များကို သန့်ရှင်းလှပစွာ ဆောက်လုပ်ထားသည်။ ဆေးရုံပရဝဏ်အတွင်း အဝီစိစက်ရေတွင်း၊ သောက်ရေသန့်စက်ကြီးနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်ကိုလည်း တွေ့ရသည်။ Sky Net ဗန်းများကို တွေ့ရသဖြင့် ဆေးရုံအတွင်း TV နှင့် Sky Net တပ်ဆင်ပေးထားကြောင်း သိလိုက်သည်။

ဆေးရုံဖွင့်ပွဲအတွက် ရောက်ရှိနေသော တောင်ကြီး ကမ္ဘောဇအုပ်စုကုမ္ပဏီမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းရီက "ဆေးရုံနှင့်ပတ်သက်လို့ ဒီဘော်ဆိုင်းတိုက်နယ်ဆေးရုံက ၄ ဒသမ ၃၁ ဧကအကျယ်ရှိပြီး ၁၆ ခုတင်ဆံ့ဆေးရုံပါ။ ဆေးရုံမှာ ဆရာဝန်တစ်ဦး သူနာပြုသုံးဦးနဲ့ ဓာတ်ခွဲခန်းမှူးတို့ ရောက်နေပါပြီ။ Operation Theater နှစ်ခန်းရှိပါတယ်။ သားဖွားခန်းလဲ ရှိပါတယ်။ထူးခြားတာက ပစ္စည်းအစုံအလင်နဲ့ သွားဘက်ဆိုင်ရာ ဆေးကုသခန်းပါ ဆောက်လုပ်ပေးထားပါတယ်။ နှစ်ခန်းတွဲ ဆရာဝန်နေအိမ်တစ်လုံး၊ လေးခန်းတွဲ သူနာပြုနေအိမ်တစ်လုံးနဲ့ လေးခန်းတွဲ အမှုထမ်းနေအိမ်တွေကိုလည်း ပရိဘောဂအစုံအလင်နဲ့ ဆောက်လုပ်ပြင်ဆင်ထားပေးပါတယ်။ လူနာတွေနဲ့ လူနာစောင့်တွေ သက်သောင့်သက်သာဖြစ်ဖို့ TV တွေ Sky Net တွေ တပ်ထားပေးတဲ့အပြင် သောက်ရေသန့်စက်တွေလည်းထားပေးပါတယ်။ ရေသုံးဖို့အတွက်လည်း ရေတိုင်တွေ နေရာအနှံ့ထားပေးပါတယ်။လူနာတင်ယာဉ်နဲ့နာရေးကူညီမှုယာဉ်တစ်စီးစီကိုလည်း လှူဒါန်းထားပါတယ်။ နိုင်ငံတော်အစိုးရရဲ့ပံ့ပိုးကူညီမှုနဲ့ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းတာဖြစ်ပါတယ်။ ဒီဆေးရုံဖွင့်ပွဲကိုတော့ မတ်လခုနစ်ရက်နေ့ ကျရောက်တဲ့ ကမ္ဘာ့ကျန်းမာရေးနေ့ကို ဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု အသေးစိတ်ရှင်းပြသည်။

**ခိုင်ခံ့အောင်ဆောက်လုပ်ပေး**

ဘော်ဆိုင်းအဆင့်မြင့် ဈေးသစ်ကိုလည်း ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှပင် ဆောက်လုပ်လှူဒါန်းထားကြောင်း၊ မြေအကျယ် ၂ ဒသမ ၈ ဧကတွင် ဈေးပုံစံကို မူလပုံစံမပျောက်ပျက်အောင်နှင့် ပိုမိုခိုင်ခံ့အောင် ဆောက်လုပ်ပေးထားကြောင်း ခြောက်ပေပတ်လည် ဆိုင်ခန်း ၁၆၂ ခန်းနှင့် ကိုးပေပတ်လည် ဆိုင်ခန်း ၄၂၀ စုစုပေါင်း ၅၈၂ ခန်းပါဝင်ကြောင်း၊ သန့်ရှင်းသော သန့်စင်ခန်းအပါအဝင် သုံးစွဲရန်ရေကိုလည်း အဆင်ပြေအောင် စီစဉ်ဆောင်ရွက်လှူဒါန်းထားကြောင်း သံဖရိန်၊ သံကူကွန်ကရစ်များဖြင့် တည်ဆောက်ထားကြောင်း ဆေးရုံရှေ့ရှိ ဆောက်လုပ်ပြီးစီးသွားသော ဘော်ဆိုင်းစည်ပင်သာယာဈေးသစ်ကြီးကို လိုက်လံပြသရင်း ဒေါ်ခင်ဝင်းရီက ဆက်လက်ရှင်းပြသည်။

ဒေသခံ ဓနုတိုင်းရင်းသားတစ်ဦးဖြစ်သည့် ဘော်ဆိုင်းအုပ်စုအုပ်ချုပ်ရေးမှူး ဓနုတိုင်းရင်းသား ဦးစိုးမြင့်က "ဘော်ဆိုင်းက ကလောမြို့နယ်ထဲမှာ ပါဝင်တယ်။ မြို့ပေါ်မှာ ရပ်ကွက်ကိုးခုနဲ့ ကျေးရွာ ၁၆ ရွာရှိပါတယ်။ အိမ်ခြေပေါင်း ၂၇၀၁ အိမ်ရှိပြီး လူဦးရေစုစုပေါင်း ၁၃၄၁၂ ဦးရှိပါတယ်။ ဓနုတိုင်းရင်းသား ၈၅ ရာခိုင်နှုန်းနေထိုင်ကြပါတယ်။ အခုဆိုရင် ကျွန်တော်တို့ ဘော်ဆိုင်း ကိုးရပ်ကွက်စလုံးမှာ မီးလည်းလင်းပြီ၊ ဆေးရုံလည်းရှိပြီ၊ သန့်ရှင်းသပ်ရပ်တဲ့ ဈေးဆိုတာလည်းရှိပြီ။ မီးသတ်ဌာနလည်းရှိပြီ။ ရေကိုလည်း လိုသလောက်ရပြီ။ ဘော်ဆိုင်းဒေသတစ်ခုလုံးမှာ အဝီစိစက်ရေတွင်းပေါင်း ၂၀ ရှိနေတော့ ရေအတွက် ပူစရာလုံးဝမလိုတော့ဘူး။ မြေသားရေလှောင်ကန်ကြီးနှစ်ကန်ကိုလည်း ဖောင်ဒေးရှင်းက စနစ်တကျ တူးပေးထားသေးတယ်။ ပညာရေးမှာဆိုရင်လည်း ၂၀၁၄ - ၂၀၁၅ ခုနှစ်မှာ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌကြီးဦးအောင်ကိုဝင်းရဲ့ ပံ့ပိုးကူညီပေးမှုနဲ့အတူ တက္ကသိုလ်ဝင်တန်း စာမေးပွဲစာဖြေဌာနကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီဆိုတော့ ကျွန်တော်တို့တိုင်းရင်းသားတွေအတွက် မထင်မှတ်ထားတဲ့ ပြည့်စုံမှုတွေရပြီဆိုတော့ အင်မတန်မှ ပျော်ရွှင်နေကြပါပြီ။ အလှူရှင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကို ကျွန်တော်တို့အတိုင်းထက်အလွန်ကျေးဇူးတင်တယ်" ဟု နေ့သံ ခပ်ဝဲဝဲဖြင့် အားတက်သရော ပြောသည်။

**တအံ့တသြလာရောက်ကြည့်ရှု**

ပျားပန်းခပ်မျှမက များပြားလှသောဒေသခံများ၏ ကြည်နူးမှု အပြုံးများကို နေရာတိုင်းတွင် တွေ့မြင်နေရလေသည်။ ဆေးရုံ၊ ဈေးသစ်ကြီးနှင့် မီးသတ်အဆောက်အအုံဖွင့်လှစ်သည့်အတွက် ရင်ခုန်ပျော်ရွှင်နေကြမည်မှာ အသေအချာဟု မှတ်ယူမိသည်။ အချို့ရွာနီးစပ်များမှ တိုင်းရင်းသားများဆိုလျှင် ဆေးရုံကြီးကို ကြည့်ချင်လွန်းသဖြင့် ညကတည်းက ကျေးရွာအလိုက် အုပ်စုအလိုက် တအံ့တသြလာရောက် ကြည့်ရှုကြကြောင်းသိရသည်။ ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ချီးမြှင့်ကြသည်။ ဖွင့်ပွဲအခမ်းအနားသည် လွန်စွာ စည်ကားလှသည်။

**အစဉ်အမြဲကြိုးပမ်းဆောင်ရွက်**

ဈေးကိုအရင်ဆုံးဖွင့်ပြီး လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ဈေးရှေ့ရှိ မီးသတ်အဆောက်အအုံကိုဖွင့်သည်။ ထို့နောက် ဆေးရုံဖွင့်ပွဲကို ကျင်းပသည်။ ဆေးရုံဖွင့်ပွဲပြီးနောက် မင်္ဂလာမဏ္ဍပ်တွင် ဆေးရုံနှင့် ဈေးတို့၏ အချက်အလက်များ လွှဲပြောင်းခြင်းအခမ်းအနား ကျင်းပသည်။ ထိုအခမ်းအနားတွင် အလှူရှင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ကြားခဲ့တဲ့ ပြည်သူနဲ့အတူဆိုတဲ့ စကားရပ်နဲ့အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါတဲ့ ပြည်သူအားလုံးအတွက် ဘော်ဆိုင်းတိုက်နယ်ဆေးရုံသစ်ကြီးနဲ့ အဆင့်မြင့်ဈေးသစ်ကို နိုင်ငံတော်အစိုးရနဲ့အတူ၊ ကျွန်မတို့ပြည်သူတွေပူးပေါင်းပြီး တည်ဆောက်ခွင့်ရတဲ့အတွက် များစွာပီတိဖြစ်မိပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်နိုင်ဖို့ ကျွန်မတို့ကမ္ဘောဇအုပ်စုက တာဝန်သိ အဖွဲ့အစည်းတစ်ခုအနေနဲ့ နိုင်ငံတော်အတွက် အခွန်ထမ်းဆောင်မှုများ ပြုလုပ်နေသလို ကျွန်မတို့ဖောင်ဒေးရှင်းရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့၊ ကမ္ဘောဇ အရာထမ်းဝန်ထမ်းများကလည်း တာဝန်သိပြည်သူတွေအနေနဲ့ အခွန်ထမ်းဆောင်ခြင်းနဲ့ နိုင်ငံအတွင်းနေရာအနှံ့အပြားမှာ လိုအပ်တဲ့နေရာ လိုအပ်တဲ့အချိန်အခါတိုင်း လှူဒါန်းမှုများ ပြုလုပ်လျက်ရှိပါတယ်။ ကျွန်မတို့ ကမ္ဘောဇအုပ်စုဟာ တိုင်းပြည်အတွက် အထူးအရေးကြီးတဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်အတွက်လည်း တစ်ထောင့်တစ်နေရာက ပါဝင်ပံ့ပိုးခြင်းအနေဖြစ် ကျပ်သိန်းပေါင်း ၃၀၀၀၀ ကို လှူဒါန်းခဲ့သလို နိုင်ငံရဲ့စီးပွားရေးနဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာလည်း နိုင်ငံတော်အစိုးရနဲ့ အတူလက်တွဲပြီး အစဉ်အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း ပြောကြားလိုပါတယ်"ဟု အားတက်သရော ပြောကြားသွားသည်။

**မျက်ဝါးထင်ထင်တွေ့ရ**

မိမိအနေဖြင့် အလှူရှင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းကို အထူးချီးကျူးဂုဏ်ပြုမိသည်။ ဖောင်ဒေးရှင်းသည် ၂၀၀၇ ခုနှစ်မှ စတင်ပေါ်ပေါက်လာခဲ့သည်ဟု သိရသော်လည်း နိုင်ငံတစ်ဝန်းလုံး၌ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးစသည်ဖြင့် ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ် ကူညီလှူဒါန်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည်။

နွေရာသီရေရှားလျှင် ရေဘောက်ဆာကားများဖြင့် ရှေ့ဆုံးမှ ရေလှူသည်။ လူမှုရေးအသင်းအဖွဲ့များထံ ရေဘောက်ဆာကားများလှူဒါန်းသည်။ ရေမရှိသောအရပ်များတွင် အမေရိကန်ဒေါ်လာ သန်းချီတန်သော ကိုယ်ပိုင်ရေတူးစက်ဝယ်ယူကာ ရေတူးပေးသည်။ မီးလောင်သည့်နေရာသို့အရင်ဆုံးရောက်ပြီး ကူညီသည်။ ရေဘေးအန္တရာယ်ကျရောက်သည့်နေရာများတွင် ချက်ချင်းကူညီသည်။ လေပြင်းတိုက်သည့်နေရာ မိုးသီးကြွေသည့်နေရာများမှ တောင်သူများကို ကူညီထောက်ပံ့သည်။ ချို့တဲ့သူများ၏ ပညာရေးအတွက် ထောက်ပံ့ပေးသည်။ အမျိုးသမီးများအတွက် ကူညီဆောင်ရွက်ပေးသည်။ ရဟန်းသံဃာများနှင့် သီလရှင်များအတွက် သံဃာ့ဆေးရုံ ဆောက်လုပ်လှူဒါန်းသည်။

**အပြုံးပန်းများလန်းဆန်း**

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမ ဆောက်လုပ်လှူဒါန်းသည်။ အခမဲ့ဆေးခန်း ဖွင့်လှစ်လှူဒါန်းသည်။ လူနာတင်ကားများ မကြာခဏလှူဒါန်းသည်။ ယုတ်စွအဆုံး မီးသင်္ဂြိုဟ်စက်နှင့် အအေးခန်းမှစကာ သရဏဂုံဆောင် နိဗ္ဗာန်ယာဉ်စသည်ဖြင့် လှူဒါန်းသည်။ အဆိုပါ ဖောင်ဒေးရှင်းအနေဖြင့် ယနေ့အထိ လှူဒါန်းငွေကျပ် ၁၁၅ ဒသမ ၈ ဘီလီယံကျော် လှူဒါန်းထားပြီး နိုင်ငံတော်နှင့် နိုင်ငံတကာမှလည်း ချီးကျူးဂုဏ်ပြုဆုများ ပေးအပ်ထားကြောင်း လေ့လာသိရှိရသည်။ ထိုထိုသော အလှူဒါနများထဲမှ တစ်ခုအပါအဝင်ဖြစ်သော ဘော်ဆိုင်းဒေသ ဆေးရုံသစ်ကြီးနှင့် ဈေးသစ်ကြီးတို့သည် ဘော်ဆိုင်းဒေသရှိ ဓနုတိုင်းရင်းသားများအတွက် အပြုံးပန်းများ ထာဝရလန်းဆန်းဝေဖြာနေမည် ဖြစ်တော့သည်။

# နှစ် ၁၄၀ ပြည့် မြန်မာ့မီးရထား



ဆောင်းပါး-မောင်သာ(ရှေးဟောင်းသုတေသန)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖွင့်လှစ်ပြီးချိန်မှစ၍ မန္တလေးသို့ မော်တော်ကားဖြင့်သာ သွားလာခဲ့သဖြင့် ကျွန်တော် မီးရထားမစီးဖြစ်ခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်သည်။ မြန်မာ့မီးရထားသည် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် တိုးတက်နေကြောင်း သတင်းစကားများကြောင့် ရန်ကုန်-မန္တလေး မီးရထားလမ်း ဖောက်လုပ်ပြီးစီးခြင်း ၁၂၈ နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မီးရထားဖြင့် ကျွန်တော် ခရီးသွားခဲ့ပါသည်။

ယခင်က ရန်ကုန်-မန္တလေး မီးရထားလက်မှတ်ရရှိရန် ရန်ကုန်ဘူတာကြီးသို့ နံနက် ၅ နာရီ အရောက်သွား၍ တန်းစီဝယ်ယူခဲ့ကြရသည်။ ယခုအခါတွင် ရန်ကုန်မှ မန္တလေးသို့ မော်တော်ယာဉ်ပြေးဆွဲမှုများ များပြားလာခဲ့ပြီး မီးရထားစီးသူများ လျော့ပါးလာခဲ့ရာ မီးရထားလက်မှတ်များကို အလွယ်တကူ ဝယ်ယူနိုင်ကြပြီဖြစ်သည်။အထက်တန်းလက်မှတ်များကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်များကို တစ်ရက်ကြိုတင်၍လည်းကောင်း ရထားစီးနင်းမည့်သူအပါအဝင်တစ်ဦးလျှင် အထက်တန်းလက်မှတ်သုံးစောင် သို့မဟုတ် ရိုးရိုးတန်းလက်မှတ်နှစ်စောင် နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

မန္တလေးသို့ထွက်ခွာသည့် အမှတ်(၅)အဆန် မီးရထားသည် ရန်ကုန်မြို့မှ ညနေ ၃ နာရီတွင် ထွက်ခွာ၍ နောက်နေ့ နံနက် ၅ နာရီတွင် မန္တလေးဘူတာသို့ ရောက်ရှိသည်ဟု ဆိုသဖြင့် ယင်းရထားဖြင့်လိုက်ပါရန် ကြိုတင်လက်မှတ်ဝယ်ယူခဲ့ရာ အခက်အခဲတစ်စုံတစ်ရာမရှိဘဲ ရရှိခဲ့သည်။

မန္တလေးသို့သွားရန် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိချိန်တွင် အစိမ်းနုရောင်သုတ်ထားသည့် သန့်ရှင်းသော ရထားတွဲများကို တွေ့ရသည်။ သပ်ရပ်လှပသော ရထားတွဲသစ်များအတွင်း သက်သောင့်သက်သာ လိုက်ပါခဲ့ရာ ရန်ကုန်နှင့် မန္တလေး အကြား ငါးဘူတာတွင်သာ ရပ်နားပြီး မန္တလေးသို့ နောက်နေ့ နံနက် ၃ နာရီတွင် ဆိုက်ရောက်ခဲ့သည်။ လေအိတ်ပါသော ရထားတွဲများဖြစ်သဖြင့် မီးရထားမောင်းနှင်နေစဉ် တွဲများခါရမ်းမှု အလွန်နည်းပါးခဲ့ပေသည်။

ခရီးသည်များ အဆင်ပြေချောမွေ့စွာ စီးနင်းလိုက်ပါနိုင်ရန် တွဲတိုင်းတွင် သန့်စင်ခန်းနှစ်လုံးနှင့် လက်ဆေးကြွေခွက်နှစ်လုံးစီ တပ်ဆင်ထားကာ ဖုန်းအားသွင်းခုံနှင့် ပန်ကာများကိုလည်း ဖြည့်ဆည်းထားသည်။ ဝန်ထမ်းများက စားသောက်ဖွယ်ရာများကို လက်တွန်းလှည်းများဖြင့် ပုံမှန်ဈေးနှုန်းအတိုင်း တစ်တွဲချင်း လိုက်လံရောင်းချပေးသဖြင့် ခရီးသည်များ အဆင်ပြေမှုရှိကြသည်။ ဘူတာတစ်ခုသို့မရောက်မီ ရောက်ရှိမည့် ဘူတာအမည်နှင့် ရပ်နားမည့်အချိန်များကို ကြေညာပေးသကဲ့သို့ ရထားစီးနင်းနေစဉ် တေးသံသာများကို ဖွင့်ပေးထားပေသည်။

## သမိုင်းထဲမှ မြန်မာ့မီးရထား

ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံကို သိမ်းယူခဲ့ကြပြီး ယင်းတို့အကျိုးစီးပွားအတွက် ဆန်စပါး၊ ကျွန်းသစ်၊ ရော်ဘာနှင့် သတ္တုပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ကြရာ ၁၈၇၂ ခုနှစ်တွင် ပြည်ပသို့တင်ပို့ခဲ့သည့် ဆန်တန်ချိန်သည် ၄၀၀၀၀၀ ခန့် ရှိခဲ့သည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံ ဒေသအသီးသီးမှဆန်များကို သယ်ယူခဲ့ရာတွင် လမ်းပန်းဆက်သွယ်မှု အခက်အခဲများဖြင့် တွေ့ကြုံခဲ့ရသည်။ သယ်ယူပို့ဆောင်စရိတ် ကြီးမြင့်သဖြင့် ထိုစဉ်က တောင်ငူတွင် ၃၅ ရူပီးသာ ပေးရသည့် စပါးတင်း ၁၀၀ သည် ရန်ကုန်တွင် ၉၅ ရူပီးအထိ ဈေးမြင့်ခဲ့သဖြင့် ဗြိတိသျှအစိုးရသည် အောက်မြန်မာနိုင်ငံအတွင်း ရာသီမရွေး သွားနိုင်သည့် ကျောက်ခင်းလမ်း ၂၉၂ မိုင် အပါအဝင် မြေလမ်း ၈၁၅ မိုင်ကို ဖောက်လုပ်ခဲ့သည်။

ဗြိတိသျှတို့သည် မီးရထားဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်ပြီး ကုန်ကျစရိတ်လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်း မီးရထားလမ်းတစ်လမ်းဖောက်လုပ်ရန် စီစဉ်ခဲ့ကြသည်။ ရထားလမ်း ဖောက်လုပ်ပြေးဆွဲခြင်းဖြင့် ဗြိတိသျှ အုပ်ချုပ်ရေးကို မြန်မာနိုင်ငံသားများ အထင်ကြီးစေရန်လည်းရည်ရွယ်ခဲ့သည်။ စစ်ရေးအမြင်အရ အကယ်၍ အထက်မြန်မာနိုင်ငံမှ မြန်မာဘုရင်တပ်ဖွဲ့များသည် ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာပါက ပြည်မြို့သို့ လျင်မြန်စွာ ရောက်ရှိနိုင်သဖြင့် ဗြိတိသျှတပ်များထံ စစ်လက်နက်၊ ရိက္ခာပစ္စည်းများ ဖြည့်တင်းနိုင်ရန် ရန်ကုန်မှ ပြည်သို့ ရထားလမ်း ဖောက်လုပ်ရန် ဦးစွာ စီစဉ်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပထမဆုံး မီးရထားလမ်းဖြစ်သည့် ရန်ကုန်-ပြည်လမ်းပိုင်းကို ဖောက်လုပ်မည့် လမ်းအူကြောင်း ပုံစံနှင့် ခန့်မှန်းကုန်ကျစရိတ်များကို အောက်မြန်မာနိုင်ငံ မဟာမင်းကြီး Sir Ashley Eden က အိန္ဒိယအစိုးရထံ ၁၈၆၈ ခုနှစ်တွင် တင်ပြခဲ့သည်။ အိန္ဒိယအစိုးရက ရန်ကုန်-ပြည် ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းကို အထူးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်၍ ကုန်ကျစရိတ်အဝဝကို အထူးရန်ပုံငွေမှ ကျခံသုံးစွဲရန် ၁၈၇၄ ခုနှစ်တွင် ခွင့်ပြုခဲ့သည်။

## ရထားလမ်းများ ဖောက်လုပ်ခြင်း

ရန်ကုန်-ပြည် မီးရထားလမ်းကို ရထားဘီးသံလမ်းနှစ်ခုကြား တစ်မီတာကွာဝေးသည့် လမ်းအဖြစ် ဖောက်လုပ်ခဲ့သည်။ ရန်ကုန်-ပြည် မီးရထားလမ်းကို လုပ်အားခသက်သာသည့် အိန္ဒိယလူမျိုးလုပ်သား အများအပြားဖြင့် သုံးနှစ်ကြာ ဖောက်လုပ်ခဲ့ပြီး ၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ကာ A01 ရေနွေးငွေ့စက်ခေါင်းဖြင့် စတင်ပြေးဆွဲခဲ့သည်။ မီးရထားပြေးဆွဲမှု လုပ်ငန်းအဝဝကို ရန်ကုန်နှင့် ဧရာဝတီမြစ်ဝှမ်းအစိုးရမီးရထားလုပ်ငန်း (The Rangoon and Irrawaddy Valley State Railway)က တာဝန်ယူဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ၌ မီးရထားပြေးဆွဲခြင်းကို ကမ္ဘာ့ပထမဆုံး မီးရထားလမ်းဖြစ်သည့် ဗြိတိန်ရှိ ဒါလင်တန် (Darlington) နှင့် စတော့တန်(Stockton)ရထားလမ်း ဖွင့်လှစ်ပြီး ၅၂ နှစ်အကြာတွင် စတင်ခဲ့သည်။

ဗြိတိသျှအစိုးရသည် ရထားလမ်းအရှည် ၁၆၆ မိုင်ရှိသည့် ရန်ကုန်မှ တောင်ငူ ရထားလမ်းကို ၁၈၈၀ ခုနှစ်တွင် ထပ်မံဖောက်လုပ်ခဲ့ရာ ၉၃ မိုင်ရှည်သော ရန်ကုန်-ညောင်လေးပင် လမ်းပိုင်းကို ၁၈၈၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင်လည်းကောင်း၊ ၇၃ မိုင်ရှည်သည့် ညောင်လေးပင်-တောင်ငူ လမ်းပိုင်းကို ၁၈၈၅ ခုနှစ် ဇူလိုင် ၁ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံတစ်ခုလုံးကို ၁၈၈၅ ခုနှစ်တွင် သိမ်းယူခဲ့ပြီးနောက် မီးရထားလမ်းများကို ဆက်လက်ဖောက်လုပ်ခဲ့ရာ ၅၉ မိုင်ရှည်သော တောင်ငူ-ပျဉ်းမနား လမ်းပိုင်းကို ၁၈၈၈ ခုနှစ် မေ ၁ ရက်တွင်လည်းကောင်း၊ ၄၉ ဒသမ ၅၁ မိုင်ရှည်သော ပျဉ်းမနား-ရမည်းသင်း လမ်းပိုင်းကို ၁၈၈၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင်လည်းကောင်း၊ ၁၁၁ မိုင်ရှည်သော ရမည်းသင်း-မန္တလေး လမ်းပိုင်းကို ၁၈၈၉ ခုနှစ် မတ် ၁ ရက်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့သည်။



ဗြိတိသျှတို့သည် မြန်မာနိုင်ငံအတွင်း မီးရထားလမ်းများ ဆက်လက်ဖောက်လုပ်ခဲ့ရာ ၁၉၄၀-၁၉၄၁ ခုနှစ်အထိ ရထားသံလမ်းမိုင်ပေါင်း ၂၀၅၂ မိုင် ရှိခဲ့သည်။

## မီးရထားအုပ်ချုပ်ရေး လုပ်ငန်းများ

မြန်မာနိုင်ငံမှ ဗြိတိသျှတို့ မဆုတ်ခွာမီ ၁၉၄၀-၁၉၄၁ ခုနှစ်၌ မီးရထားဝန်ထမ်း ၂၁၉၀၁ ဦး ရှိသည့်အနက် အရာထမ်း ၆၂ ရာခိုင်နှုန်းသည် ဥရောပတိုက်သားများ၊ ၁၅ ရာခိုင်နှုန်းသည် အင်္ဂလိပ်-မြန်မာနှင့် အင်္ဂလိပ်-အိန္ဒိယ ကပြားများဖြစ်ကြသည်။ မြန်မာလူမျိုး အရာထမ်းများသည် ၁၆ ရာခိုင်နှုန်းဖြစ်ပြီး အိန္ဒိယလူမျိုးများက ခုနစ် ရာခိုင်နှုန်း ဖြစ်သည်။

အမှုထမ်းရာထူးများတွင် မြန်မာလူမျိုးများက ၇၄ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ကာ ဗြိတိသျှတို့၏ လက်အောက်ခံများ ဖြစ်ခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ မီးရထားဌာနကို ဂျပန်များက အုပ်ချုပ်ခဲ့ပြီး စစ်အတွင်းဖြစ်သောကြောင့် စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘဲ ရထားပြေးဆွဲနိုင်သည့်အဆင့်သာ ရှိခဲ့သည်။ ထိုအချိန်တွင် ဥရောပတိုက်သားများနှင့် အင်္ဂလိပ်-မြန်မာ ကပြား ဝန်ထမ်းအများစုသည် အင်္ဂလိပ်တို့နှင့်အတူ အိန္ဒိယသို့ လိုက်ပါသွားကြသဖြင့် ဂျပန်နှင့် မြန်မာလူမျိုးများက မီးရထားပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။ ရုံပိုင်၊ ရထားတွဲထိန်း၊ စက်ခေါင်းမောင်း စသည့် အမှုထမ်းနေရာများတွင် အင်္ဂလိပ်-မြန်မာ ကပြားများနှင့် အင်္ဂလိပ်-အိန္ဒိယ ကပြားများက ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ဒုတိယ ကမ္ဘာစစ်အတွင်း မီးရထားအလုပ်ရုံများ၊ စက်ခေါင်းရုံများ၊ တံတားများ၊ ဘူတာရုံများ၊ အချက်ပြအမှတ်အသားများ၊ စက်ခေါင်းများ၊ လူစီးတွဲများနှင့် ကုန်တွဲများ အများအပြား ပျက်စီးခဲ့သည်။ ဗုံးဒဏ်ကြောင့် အင်းဝတံတား၊ ဂုတ်ထိပ်တံတား၊ စစ်တောင်းတံတား၊ ငဝန်တံတား၊ မြစ်ငယ်တံတား၊ သဃ်န်းကျွန်းတံတားတို့ ပျက်စီးခဲ့သကဲ့သို့ ရထားစက်ခေါင်း ၃၆၂ လုံးအနက် အလုံး ၃၀၀၊ လူစီးတွဲ ၁၅၃၆ တွဲအနက် ၉၅၇ တွဲ၊ ကုန်တွဲပေါင်း ၉၀၂၁ တွဲအနက် ၇၁၉၇ တွဲ ပျက်စီးခဲ့သည်။

## သမိုင်းဝင် သေမင်းတမန် ရထားလမ်း

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်တို့သည် မြန်မာနိုင်ငံ သံဖြူဇရပ်မှ ဘုရားသုံးဆူတောင်ကြားကိုဖြတ်၍ ထိုင်းနိုင်ငံ ဘန်ပေါင်း(Ban Pong)ရှိ ဗန်ကောက်-စင်ကာပူ မီးရထားလမ်းသို့ ဆက်သွယ်နိုင်မည့် မီးရထားလမ်းတစ်လမ်းကို ဖောက်လုပ်ခဲ့ကြသည်။ ယင်းမီးရထားလမ်းကို ဖောက်လုပ်ခဲ့စဉ် အစာအာဟာရ မပြည့်စုံမှု၊ ရာသီဥတုဆိုးရွားမှု၊ ကျန်းမာရေးစောင့်ရှောက်မှု မရရှိမှုနှင့် ဖက်ဆစ်များ၏ ညှဉ်းပန်းမှုများ စသည့် အကြောင်းများစွာကြောင့်မြန်မာတိုင်းရင်းသား ၈၀၀၀၀ ကျော်နှင့် မဟာမိတ်တပ်သား ၁၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသဖြင့် သေမင်းတမန်ရထားလမ်းဟု ထင်ရှားခဲ့သည်။

မိုင် ၂၅၀ ကျော် ရှည်လျားသည့် သေမင်းတမန်ရထားလမ်းကို ၁၉၄၂ ခုနှစ် နိုဝင်ဘာလတွင် ဖောက်လုပ်ခဲ့ပြီး ၁၉၄၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ပြီးစီးခဲ့ရာ မြန်မာနိုင်ငံဘက်ခြမ်းတွင် မိုင် ၇၀ ကျော် ရှည်လျားသည်။ ဂျပန်များသည် စစ်ရှုံးချိန်တွင် ယင်းရထားလမ်းကို အသုံးမပြုတော့ဘဲ ရထားလမ်းပိုင်း အစိတ်အပိုင်းအချို့ကို ဖြုတ်ယူသွားခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်တွင် စစ်အတွင်း မပျက်စီးဘဲ ကျန်ရှိနေသည့် မီးရထားသံလမ်း ၆၇၄ မိုင်နှင့် ဗြိတိသျှအမှတ်(၁၂)တပ်မတော်က ပြင်ဆင်ခဲ့သည့် လမ်းမိုင် ၂၇ မိုင်၊ စုစုပေါင်း ၇၁၀ မိုင်တွင် မီးရထားများ ပြန်လည်ပြေးဆွဲခဲ့သည်။

## လွတ်လပ်ရေးခေတ် မြန်မာ့မီးရထား

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် သံလမ်းများနှင့် တံတားများကို ပြင်ဆင်ခဲ့ကာ ဘူတာရုံများကို ပြန်လည်တည်ဆောက်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် မီးရထားစက်ခေါင်း ၈၄ ခေါင်းသာ ကျန်ရှိရာမှ ၁၉၄၈ ခုနှစ် နှစ်ဦးတွင် စက်ခေါင်း ၂၅၅ ခေါင်းအထိ တိုးတက်လာခဲ့သည်။ လူစီးတွဲ၊ ကုန်တွဲများ ပြန်လည်ပြုပြင်မှုကို ဆောင်ရွက်ခဲ့ပြီး ဘူတာရုံများနှင့် ဆက်သွယ်ရေးအချက်ပြစနစ်များသည် စစ်ကြိုခေတ်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည်။ သို့သော် ပြည်တွင်းသောင်းကျန်းမှုများကြောင့် ၁၉၄၈ ခုနှစ် ဧပြီ ၂၅ ရက်မှစ၍ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးနီးပါး ရထားပြေးဆွဲမှုများကို ရပ်ဆိုင်းခဲ့ရသည်။

ထိုအချိန်တွင် သောင်းကျန်းသူအင်အားနည်းပါးသည့် ရန်ကုန်နှင့် ဝါးနက်ချောင်းအကြား၊ ပဲခူးနှင့် ဒိုက်ဦးအကြား၊ သာစည်နှင့် မိတ္ထီလာ အကြား၊ သာစည်နှင့် ရမည်းသင်းအကြား၊ မန္တလေးနှင့် ကျောက်ဆည်အကြား၊ မန္တလေးနှင့် အမရပူရဆိပ်ကမ်းအကြား၊ မန္တလေးနှင့် နောင်ချိုအကြား၊ သထုံနှင့် မုတ္တမအကြား၊ မြစ်ကြီးနားနှင့် ကောလင်းအကြား၊ နဘားနှင့် ကသာအကြား၊ ရွှေဘိုနှင့် မဒေါင်းလုအကြားတို့တွင်သာ အပိုင်းလိုက် ခရီးတိုရထားများ ပြေးဆွဲနိုင်ခဲ့သည်။

၁၉၅၂-၁၉၅၃ ခုနှစ်တွင် အလုံလမ်းခွဲနှင့် တောင်တွင်းကြီးလမ်းခွဲမှအပ မီးရထားများကို မူလအခြေအနေအတိုင်း ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့သည်။ သို့သော် ပြေးဆွဲပေးသော ရထားများတွင် သံချပ်ကာတွဲများဖြင့် အစောင့်များ ထည့်ပေးရခြင်း၊ ရှေ့ပြေး သံချပ်ကာရထားများဖြင့် သွားလာရခြင်းတို့ကြောင့် ခရီးတွင်ကျယ်မှုမရှိသည့်အပြင် ကုန်ကျစရိတ် များပြားခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် စစ်ကြိုခေတ်နှင့် စစ်အတွင်းကကျန်ရှိခဲ့သည့် ရေနွေးငွေ့စက်ခေါင်းများကို ဆက်လက်သုံးစွဲခဲ့သည်။ ယင်းစက်ခေါင်းများသည် ဆွဲအားကျဆင်းကာ ပျက်စီး ချွတ်ယွင်းလာခဲ့သဖြင့် ပြင်သစ်နိုင်ငံ အယ်စသွန်(Alsthom)ကုမ္ပဏီမှ ဒီဇယ်စက်ခေါင်း ခြောက်ခေါင်းကို ဝယ်ယူခဲ့ပြီး ရန်ကုန်-ပြည်၊ ရန်ကုန်-မုတ္တမနှင့် ရန်ကုန်-မန္တလေးလမ်းတွင် ၁၉၅၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ စတင်အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် ပြင်သစ်၊ အနောက်ဂျာမနီ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့မှ ဒီဇယ်စက်ခေါင်းများ ဝယ်ယူခဲ့ရာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာ့မီးရထားတွင် ဒီဇယ်စက်ခေါင်း ၃၄၅ လုံး ရှိလာခဲ့ပေသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် မီးရထားလမ်းများကို ခေတ်အဆက်ဆက် ဖောက်လုပ်ခဲ့ရာ ၁၉၈၈ ခုနှစ် မတိုင်မီအထိ ရထားသံလမ်းမိုင် ၂၇၉၃ မိုင် ရှိခဲ့ပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလအထိ ရထားသံလမ်းမိုင် ၄၂၈၈ မိုင် ဖောက်လုပ်ခဲ့ကာ မီးရထားလမ်း တံတားပေါင်း ၁၀၂၃၆ စင်းနှင့် ဘူတာရုံပေါင်း ၈၁၂ ရုံ ရှိလာခဲ့သည်။

ရန်ကုန် မြို့ပတ်ရထားလမ်းကို ၁၉၅၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ဖောက်လုပ်၍ ၁၉၅၉ ခုနှစ် မတ် ၁၉ ရက်တွင် ပြီးစီးခဲ့ကာ မြို့ပတ်ရထားများ နေ့စဉ်ပြေးဆွဲနေသည်မှာ ယနေ့တိုင်ဖြစ်ပေသည်။

## ရန်ကုန်-မန္တလေး မီးရထားလမ်း

မြန်မာနိုင်ငံ၏အလယ်ပိုင်းကို ထောင်လိုက် ဖြတ်သန်းဖောက်လုပ်ထားသည့် ရန်ကုန်-မန္တလေး မီးရထားလမ်းသည် မြန်မာနိုင်ငံစီးပွားရေးတွင် အဓိကကျသည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်သည်နှင့်အညီ ရထားလမ်းအဆင့်မြှင့်တင်ရေးကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JICA)၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပထမအဆင့်အနေဖြင့် ရန်ကုန်-တောင်ငူ လမ်းပိုင်းကို အဆင့်မြှင့်မွမ်းမံမှုများ ဆောင်ရွက်ခဲ့ရာ ရထားလမ်းများ၊ လမ်းတံတားများ၊ အချက်ပြမီးစနစ်များ အပါအဝင် ရထားတွဲများကိုပါ ပြောင်းလဲခဲ့သည်။

ရန်ကုန်-မန္တလေး လမ်းပိုင်းအပါအဝင် ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည် လမ်းပိုင်းများတွင် ပြေးဆွဲနေသည့် လူစီးရထားတွဲများကို Hybrid တွဲသစ်များဖြင့် အစားထိုးခဲ့ရာ လေအိတ်ပါဝင်သောတွဲများဖြစ်သဖြင့် ရထားစီးနင်းနေစဉ် ခါရမ်းမှုများ သက်သာလျော့နည်းသွားခဲ့သည်။

မြန်မာနိုင်ငံတွင် လက်ရှိပြေးဆွဲနေသော မီးရထားများသည် တစ်နာရီတွင် အမြင့်ဆုံး ကီလိုမီတာ ၅၀ အထိသာ ခရီးရောက်နိုင်သော်လည်း ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း ပြီးစီးချိန်တွင် မီးရထားများကို တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ အထိ မောင်းနှင်နိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် ၁၄ နာရီဝန်းကျင် မောင်းနှင်ရသည့် ရန်ကုန်မှ မန္တလေးခရီးကို ရှစ်နာရီအတွင်း ရောက်ရှိနိုင်ရန် ဆောင်ရွက်လျက်ရှိရာ မီးရထား လမ်းပန်းဆက်သွယ်မှုသည် များစွာတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော ရထားလမ်းဖြစ်သည့် ရန်ကုန်-ပြည် လမ်းပိုင်းတွင် မီးရထား စတင်ပြေးဆွဲခဲ့ချိန်မှစ၍ ခရီးသည်နှင့် ကုန်စည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ၏ မီးရထားလုပ်ငန်းသည် ၂၀၁၇ ခုနှစ် မေ ၁ ရက်တွင် နှစ် ၁၄၀ ပြည့်မြောက်ပြီဖြစ်ပေသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရည်မှန်းချက်နှင့် တာဝန် (၁၁) ချက် ချမှတ်၍ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့ရေးကို ဆောင်ရွက်လျက်ရှိရာ မီးရထားစီးပြည်သူများ၏ အားကိုးယုံကြည်မှုကို ဆက်လက်ရရှိနေဦးမည်သာ ဖြစ်ပေသည်။

**ကိုးကား**

**မြန်မာ့မီးရထားဆိုင်ရာ အချက်အလက်များ**

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်**

# မန်ယူတို့ ကြိုးစားအားထုတ်ရဦးမယ့် ယူရိုပါလိဂ် ကွာတားဖိုင်နယ်



ဒီတစ်ပတ် ကြားရက်ဖြစ်တဲ့ မေ ၁၃ ရက်မှာတော့ ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ နာမည်ကြီး မန်ယူတို့ ဒီအဆင့်ကိုကျော်ဖြတ်နိုင်မလားကြည့်ရမှာဖြစ်သလို နည်းပြမော်ရင်ဟိုရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝနိုင်မလားဆိုတာကလည်း စောင့်ကြည့်သုံးသပ်ရတော့မှာ ဖြစ်ပါတယ်။ ဒီအဆင့်ကို တက်ရောက်လာတဲ့အသင်းတိုင်းဟာ ခြေစွမ်းကောင်းမွန်တယ်ဆိုတာ လက်တွေ့ပြသတော့မှာဖြစ်တဲ့အတွက် ပရိသတ်တွေအတွက်တော့ ရင်ခုန်စရာပွဲတွေအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။

### အန်ဒါလက်ချ်နှင့် မန်ယူ

ဒီနှစ် ယူရိုပါလိဂ်ဖလားကို မျှော်မှန်းချက်ထားနေတဲ့ မန်ယူဟာ အခုပွဲအဝေးကွင်းမှာ သွားကစားရမှာမို့ စိုးရိမ်စရာတော့ ကောင်းနေပါတယ်။ မန်ယူရဲ့ အခုတလောကစားခဲ့တဲ့ပွဲတွေမှာ ခြေစွမ်းပိုင်းအားရစရာမရှိသလို တိုက်စစ်ပိုင်းကလည်း ပြိုင်ဆိုင်မှုမရှိပါဘူး။ အဆုံးသတ်ပိုင်းအားနည်းချက်ရှိနေတဲ့ မန်ယူတိုက်စစ်ကို နည်းပြမော်ရင်ဟို အပြောင်းအလဲပြုလုပ်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ မန်ယူရဲ့နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး အခြေအနေတွေပိုင်ဆိုင်ခဲ့တာမို့ အခုပွဲမှာ ခြေကုန်ထုတ်မှ ရပါလိမ့်မယ်။ အန်ဒါလက်ချ်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ လေးပွဲဆက်တိုက်နိုင်ခဲ့ပြီး ရှုံးပွဲတစ်ပွဲဖြစ်ထားခဲ့ပါတယ်။ အန်ဒါလက်ချ်ရဲ့ အားသာချက်က ခံစစ်ပိုင်းဖြစ်ပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ကောင်းကောင်း ထိန်းချုပ်နိုင်ပါတယ်။ ဒီပွဲမှာ အန်ဒါလက်ချ်ရဲ့ အသင်းလိုက်ရော၊ နေရာစုံပါကောင်းမွန်မှုတွေက မန်ယူတို့ ထင်တိုင်းမပေါက်နိုင်ပါဘူး။ မန်ယူတို့ အနိမ့်ဆုံးသရေဖြစ်အောင် ကစားပါလိမ့်မယ်။

### လိုင်ယွန်နှင့် ဘက်ဆစ်တက်

အခုတလော ခြေစွမ်းတွေအတက်အကျဖြစ်နေတဲ့ လိုင်ယွန်တို့လည်း ရှုံးပွဲတွေဆက်နေပါတယ်။ တိုက်စစ်ရော ခံစစ်ပါ အားနည်းချက်ရှိနေတဲ့ လိုင်ယွန်တို့က အခုပွဲက အိမ်ကွင်းဖြစ်တာမို့ ဖိဖိစီးစီးကစားပါလိမ့်မယ်။ လိုင်ယွန်တို့က တိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာမို့ အခုပွဲဟာ လိုင်ယွန်တို့အတွက် ခက်ခဲမယ့်ပွဲပါပဲ။ ဘက်ဆစ်တက်တို့ကတော့ အခုတလောနိုင်ပွဲတွေရနေပြီး စိတ်ဓာတ်လည်း ယုံကြည်ချက်နှင့်အတူ မြင့်မားနေပါတယ်။ အကောင်းဆုံး ခြေစွမ်းရရှိနေတဲ့ ဘက်ဆစ်တက်တို့က တိုက်စစ်စွမ်းအားလည်းကောင်းနေပြီး ခံစစ်ပိုင်းလည်း ကျစ်လျစ်တာမို့ လိုင်ယွန်ကို အသာစီးရအောင် ကြိုးစားပါလိမ့်မယ်။ အကြိုက်က ဘက်ဆစ်တက်ဖြစ်ပြီး အနိုင်လည်း ဘက်ဆစ်တက်တို့ ဖြစ်ပါလိမ့်မယ်။

### ဆဲလ်တာဗီဂိုနှင့် ဂျန့်

လောလောဆယ်မှာ နိုင်ပွဲတွေ ဆက်နေရာက ဗလင်စီယာကို ရှုံးပွဲကြုံလိုက်ရတဲ့ ဆဲလ်တာဗီဂိုတို့ အခုပွဲဟာ ပွဲကျပ်အဖြစ် ရင်ဆိုင်ရပါလိမ့်မယ်။ ဒါပေမယ့် ခံစစ်ကိုလုံအောင် အခြေပြုပြီး တိုက်စစ်ဖွင့် ကစားတတ်တဲ့ ဆဲလ်တာဗီဂိုတို့က ဂျန့်ရဲ့ခြေစွမ်းကို ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲမှာ သေချာပါတယ်။ ဂျန့်ရဲ့အားသာချက်က တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်မြင့်မားနေမှုအပြင် ခံစစ်ပိုင်းက အမှားအယွင်းမရှိတာဖြစ်ပါတယ်။ ဂျန့်ရဲ့နောက်ဆုံးလေးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် လေးပွဲမှာ ၁၀ ဂိုးသွင်းယူနိုင်ခဲ့ပြီး ပေးဂိုးတစ်ဂိုးမှ မရှိခဲ့ပါဘူး။ အောင်ပွဲခံ စိတ်ဓာတ်မြင့်မားနေတဲ့ ဂျန့်တို့ပဲ ဒီပွဲကို ဦးဆောင်ပြီး နိုင်ပွဲကိုရအောင် ရှာဖွေသွားပါလိမ့်မယ်။

### အေဂျက်နှင့် ရှော်လ်ကေး

အကောင်းဆုံး ခြေစွမ်းတွေပြသနေတဲ့ အေဂျက်တို့ကတော့ ဒီပွဲမှာ တိုက်စစ်ကို ရဲရဲဖွင့်ပြီး ကစားပါလိမ့်မယ်။ အေဂျက်တို့ရဲ့ တိုက်စစ်မှူးတွေက ဂိုးသွင်းနိုင်ကြသလို အဆုံးသတ်လည်းကောင်းမွန်ကြပါတယ်။ ဒါပေမယ့် ပွဲတိုင်းဂိုးပေးနေရတဲ့ ခံစစ်ပိုင်းကတော့ ရှော်လ်ကေးတိုက်စစ်မှူးတွေကို ထိန်းချုပ်နိုင်ဖို့ ပြင်ဆင်ရဦးမှာပါ။ ရှော်လ်ကေးတို့ကတော့ ပုံမှန်ခြေစွမ်းမရှိပေမယ့် ခြေပေါ်ရင် တိုက်စစ်မှူးတွေက ဟန့်တားထိန်းချုပ်ရခက်ခဲပါတယ်။ အသင်းလိုက်ကစားအားကောင်းသလို တစ်ဦးချင်း စွမ်းဆောင်မှုကောင်းတဲ့ အေဂျက်တို့ပဲ ဒီပွဲမှာ အောင်ပွဲခံသွားပါလိမ့်မယ်။ ။

**❏ မိုးမြင့်လင်းလက် ❏**

## စီးရီးအေမှာ ချန်ပီယံဖြစ်ဖို့ နီးလာတဲ့ ဂျူဗင်တပ်စ်

အီတလီစီးရီးအေ ပွဲစဉ် ၃၁ မှာ ဂျူဗင်တပ်စ်ဟာ အိမ်ကွင်းမှာ ချီယေဗိုကို နှစ်ဂိုးပြတ်နဲ့ နိုင်ခဲ့တဲ့အတွက် စီးရီးအေချန်ပီယံဖြစ်ဖို့ နီးစပ်သွားပြီဖြစ်ပါတယ်။ ဒီပွဲမှာ ဂျူဗင်တပ်စ်အတွက် အနိုင်ဂိုးနှစ်ဂိုးလုံးကို ဟီဂူအင်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်ဟာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ နောက်ပိုင်းကတည်းက အိမ်ကွင်းမှာ ၃၂ ပွဲဆက်တိုက် ရှုံးပွဲမရှိ အနိုင်ရရှိထားတာလည်းဖြစ်ပါတယ်။ ဒီနှစ်မှာလည်း စီးရီးအေချန်ပီယံဖြစ်ဖို့ သေချာနေတဲ့ ဂျူဗင်တပ်စ်တို့ဟာ ဒီနှစ်မှာပါ ဖလားဆွတ်ခူးနိုင်မယ်ဆိုရင် ခြောက်နှစ်ဆက်တိုက်စီးရီးအေချန်ပီယံ ဖြစ်လာမှာဖြစ်ပါတယ်။ ဒီပွဲမှာ ဂျူဗင်တပ်စ်အတွက် ဂိုးသွင်းပေးခဲ့တဲ့ ဟီဂူအင်ကလည်း စီးရီးအေမှာ သွင်းဂိုး ၂၇ ဂိုးနဲ့ ဂိုးအများဆုံးသွင်းယူထားသူ ဖြစ်နေပါတယ်။ဂျူဗင်တပ်စ်ဟာ ဒီပွဲ အနိုင်ရလိုက်တဲ့အတွက် ရမှတ် ၇၇ မှတ်နဲ့ ဒုတိယနေရာက ရိုးမားကို ကိုးမှတ် အသာစီးရထားပြီး ဇယားထိပ်မှာ ဆက်လက်ဦးဆောင်လျက်ရှိပါတယ်။ ရိုးမားက ၆၈ မှတ်နဲ့ ဒုတိယနေရာမှာ ရှိနေပြီး နာပိုလီနဲ့ လာဇီယိုတို့က တတိယနေရာအတွက် အားပြိုင်နေဆဲဖြစ်ပါတယ်။



## စပိန် လာလီဂါမှာ ရှုံးနိမ့်သွားတဲ့ ဘာစီလိုနာ

စပိန်လာလီဂါပွဲစဉ် ၃၁ မှာ ဘာစီလိုနာဟာ မာလာဂါကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်သွားတဲ့အတွက် ဇယားထိပ်ဆုံးက ရီးရဲမက်ဒရစ်နဲ့ အမှတ်ကွာခြားမှု ပိုမြင့်တက်သွားခဲ့ပါတယ်။ ဒီပွဲမှာ ဘာစီလိုနာတိုက်စစ်မှူး နေမာဟာ နှစ်ဝါတစ်နီနဲ့ ထွက်ခဲ့ရတာကြောင့် မေ ၁၅ ရက်မှာ ကစားမယ့် ဆိုစီဒက်နဲ့ပွဲကိုလည်း လွဲချော်နိုင်ဖွယ်ရှိပါတယ်။ နေမာဟာ ဒီနှစ်ရာသီမှာ ဘာစီလိုနာအတွက် ၁၅ ဂိုး သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ မာလာဂါကတော့ ဒီပွဲကို အနိုင်ကစားနိုင်ခဲ့တဲ့အတွက် အမှတ်ပေးဇယားမှာ နံပါတ် ၁၅ နေရာကို တက်လာနိုင်ခဲ့ပါတယ်။

ဘာစီလိုနာ ရှုံးပွဲကြုံရချိန်မှာ ရီးရဲမက်ဒရစ်ကတော့ ပြိုင်ဘက်အက်သလက်တီကိုနဲ့ တစ်ဂိုးစီ သရေကစားနိုင်ခဲ့တဲ့အတွက် ထိုက်တန်တဲ့ ရမှတ်တစ်မှတ်ကို စုဆောင်းနိုင်ခဲ့ပါတယ်။ စပိန်လာလီဂါမှာ ပွဲစဉ် ၃၁ ကစားပြီးချိန်အထိ ရီးရဲမက်ဒရစ်က ၇၂ မှတ်နဲ့ ဦးဆောင်နေပြီး ဘာစီလိုနာက ၆၉ မှတ်နဲ့ အက်သလက်တီကိုက ၆၂ မှတ်နဲ့ အသီးသီး ရပ်တည်လျက်ရှိပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ခုနစ်မှတ်အသာနဲ့ ဆက်လက်ဦးဆောင်နေတဲ့ ချယ်လ်ဆီး



ချယ်လ်ဆီးအသင်းဟာ ဘုန်းမောက်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့အတွက် ဇယားထိပ်မှာ ခုနစ်မှတ်အသာနဲ့ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းအတွက် ဂိုးတွေကိုတော့ စမစ်၊ ဟာဇတ်နဲ့ အလွန်ဆိုတို့က သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒီပွဲဟာ ချယ်လ်ဆီးအသင်းအတွက် လက်ကျန်ပွဲ ခြောက်ပွဲအနက် အခက်အခဲဆုံးပြိုင်ပွဲ ဖြစ်ပါတယ်။

ဒီပွဲပြီးရင်တော့ ချယ်လ်ဆီးက ဖလားရဖို့ အတော်လေးအခြေအနေကောင်းသွားပြီလို့ ဆိုနိုင်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်ကို မထင်မှတ်ဘဲရှုံးနိမ့်ခဲ့ပြီးနောက် နိုင်ပွဲတွေဆက်လက်အနိုင်ရရှိဖို့ ကြိုးစားနေတာတွေ့ရပါတယ်။ ဒီအတောအတွင်းမှာ ချယ်လ်ဆီးရဲ့ အနီးကပ်ပြိုင်ဘက် စပါးက အိမ်ကွင်းမှာ ဝက်ဖို့ဒ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ စပါးရဲ့ ဒီအနိုင် ပွဲဟာ ပရီမီယာလိဂ်မှာ ခြောက်ပွဲဆက်တိုက် အနိုင်ရရှိမှုဖြစ်ပါတယ်။

# နွေရာသီရေပြတ်လပ်မှုမရှိစေရန် ရေပေးဝေရေးရှစ်ခုဖြင့် ဖြန့်ဝေပေးနေ

**မိတ္ထီလာ မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ပေါ်ရပ်ကွက်များ၌ နွေရာသီ ရေပြတ်လပ်မှုမရှိစေရန်အတွက် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေပေးဝေရေးလုပ်ငန်းရှစ်ခုဖြင့် နေ့စဉ် ရေဂါလန် ၂၁ သိန်းကျော် ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ်စည်ပင်သာယာအဖွဲ့အနေဖြင့် မြို့ပေါ်ရပ်ကွက်များအား နေ့စဉ်ရေပေးဝေရာတွင် မိတ္ထီလာကန်ရေဖြင့် လွတ်လပ်ရေးပန်းခြံ ရေသန့်စင်စနစ်မှ တစ်ရက်လျှင် ရေဂါလန် ၁၁ သိန်းကို မြို့မ(၄)၊ ဈေးအရှေ့ပြင်၊ ရတနာမာန်အောင်၊ အောင်ဇေယျာ၊ ရန်မျိုးအောင်၊ သီရိမင်္ဂလာ၊ ဝန်ဇင်းရပ်ကွက်များရှိ ရေတိုင်ပေါင်း ၃၉၇၉ တိုင်သို့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ပေါက်ချောင်းကွက်သစ် ရေသန့်စင်စနစ်မှလည်း ရေဂါလန်ခြောက်သိန်းကို ပေါက်ချောင်း၊ နန်းတော်ကုန်းနှင့် အောင်ဆန်းရပ်ကွက်များရှိ ရေတိုင်ပေါင်း ၁၄၇၀ သို့ နေ့စဉ်ပေးဝေလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးမှ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးက ပြောကြားသည်။



မြေအောက်ရေများဖြင့် ပေးဝေသည့် မဟာစည်ရေပေးဝေရေးမှလည်း တစ်ရက်လျှင် ရေဂါလန်တစ်သိန်းကို အောင်ဇေယျာရပ်ကွက်ရှိ ရေတိုင်ပေါင်း ၃၆၁ တိုင်သို့ဖြန့်ဝေပေးနေပြီး ကျိုးတော်ကုန်း ရေပေးဝေရေးမှလည်း တစ်ရက်လျှင် ရေဂါလန် ရှစ်သောင်းကို ကျိုးတော်ကုန်းရပ်ကွက်အတွင်းရှိ ရေတိုင်ပေါင်း ၇၆၈ တိုင်သို့လည်းကောင်း၊ အောင်ဆန်း(ကျောက်ဖူး)ရေပေးဝေရေးမှ အောင်ဆန်း(ကျောက်ဖူး)ရပ်ကွက်အတွင်းရှိ ရေတိုင်ပေါင်း ၅၃၃ တိုင်သို့ လည်းကောင်း၊ အောင်ဆန်း(မြို့သစ်) ရေပေးဝေရေးမှ မြို့သစ်ရပ်ကွက်အတွင်းရှိ ရေတိုင်ပေါင်း ၆၃၆ တိုင်သို့လည်းကောင်း၊ ရန်မျိုးအောင်(တိုးချဲ့)ရေပေးဝေရေးမှ တစ်ရက်လျှင် ရေဂါလန် ခြောက်သောင်းကို ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိ ရေတိုင်ပေါင်း ၂၈၅ တိုင်သို့လည်းကောင်း နေ့စဉ် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မိတ္ထီလာမြောက်ကန်ရေကိုတင်၍ ရေဖြန့်ဝေပေးသော ပြည်ထောင်စုတိုးချဲ့ရေပေးဝေရေးမှလည်း တစ်ရက်လျှင် ရေဂါလန် သုံးသောင်းကို ပြည်ထောင်စုတိုးချဲ့ရပ်ကွက်အတွင်းရှိ ရေတိုင်ပေါင်း ၁၀၈ တိုင်သို့ နေ့စဉ် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သတင်းတိုများ

### ဒန့်ဒလွန်ပင် တိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်သော ဒန့်ဒလွန်ပင် တိုက်နယ်ဆေးရုံကို မေ ၈ ရက်က ဖွင့်လှစ်ခဲ့သည်။ ဆေးရုံဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် တာဝန်ရှိသူများက ကျန်းမာရေး အသိပညာပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ဒန့်ဒလွန်ပင် တိုက်နယ်ဆေးရုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သိန်း ၆၀၀ ဖြင့် တည်ဆောက်ခဲ့ပြီး အလျား ၁၂၆ ပေ၊ အနံ ပေ ၁၁၀၊ အမြင့် ၁၄ ပေရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **သန်းဝင်းထွန်း(မြို့သစ်)**

### ဝက်လက်မြို့နယ်တွင် မှူခင်းသတင်းထောက်များအသင်း ဖွဲ့စည်း

ဝက်လက်မြို့နယ်တွင် မှူခင်းသတင်းထောက်များအသင်းကို မြန်မာနိုင်ငံမှူခင်းသတင်းထောက်များအသင်း (ဗဟိုအဖွဲ့ချုပ်) ရှုထောင့် (SH) မှူခင်းနှင့် သတင်းထောက်အဖွဲ့ရုံးက မေ ၅ ရက်က ဝက်လက်မြို့ အမှတ်(၁)ရပ်ကွက်၌ ဖွဲ့စည်းခဲ့သည်။ မှူခင်းသတင်းထောက်များအသင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးအဖွဲ့အစည်းများ၏ အရန်အင်အားအဖြစ် ဆောင်ရွက်ရန် မှူခင်းအန္တရာယ် ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် မြို့နှင့်ဝေးကွာသော ကျေးရွာနေပြည်သူများ၏ မှူခင်းအခက်အခဲ ပြဿနာများကို ကူညီဆောင်ရွက်ပေးရန်၊ ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမှူခင်းသတင်းထောက်များအသင်း(ဗဟိုအဖွဲ့ချုပ်) ဥက္ကဋ္ဌ ဦးသက်နိုင်ဦးက ဝက်လက်မြို့နယ် မှူခင်းသတင်းထောက်များအသင်းဖွဲ့စည်းခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။ **နန်းမြင့်(ဝက်လက်)**

# ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း စနစ်ကျ စက်မှုလယ်ယာ ဧက ၁၄၀၀ ကျော် ဖော်ထုတ်

**ရန်ကုန် မေ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ငါးခုတွင် လယ်ယာကဏ္ဍ အဆင့်မြှင့်တင်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် စနစ်ကျ စက်မှုလယ်ယာမြေ ဧက ၁၄၀၀ ကျော်ကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

စနစ်ကျ စက်မှုလယ်ယာမြေများကို ရန်ကုန်တောင်ပိုင်း ခရိုင်အတွင်းရှိ သန်လျင်မြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် ဖော်ထုတ်နေခြင်းဖြစ်ပြီး စုစုပေါင်း ၁၄၃၁ ဧကကို ဖော်ထုတ်မည်ဖြစ်ကြောင်း၊ စနစ်ကျ စက်မှုလယ်ယာမြေများ ဖော်ထုတ်ရေးအတွက် ကုမ္ပဏီ ၁၁ ခုက စက်ယန္တရားများအသုံးပြု၍ မတ်လဆန်းပိုင်းမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ မေလကုန်နှင့် မေလဆန်းပိုင်းအတွင်း လုပ်ငန်းများကို ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စနစ်ကျ စက်မှုလယ်ယာမြေများ ဖော်ထုတ်ရာတွင် ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများ ပါရှိခြင်းကြောင့် လယ်ယာစိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာနှင့် ထုတ်ကုန်များကို တင်ပို့ရောင်းချရေးတွင် ပိုမိုကောင်းမွန်အဆင်ပြေလာမည်ဖြစ်ကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မန်နေဂျာ၏ ပြောကြားချက်အရ သိရသည်။

**သက်ခိုင်(သန်လျင်)**



# သဘာဝဘေး ခိုလှုံရာအဆောက်အအုံ တည်ဆောက်မည်

**ဘားအံ မေ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်များတွင် နှစ်စဉ် ရေကြီးရေလျှံမှုများဖြစ်ပွားလေ့ရှိသဖြင့် ရေဘေးအပါအဝင် အခြားသဘာဝဘေးများဖြစ်ပေါ်လာပါက ပြည်သူများအနေဖြင့် အရေးပေါ်ခိုလှုံနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ သင်တန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်းကောင်း အရေးပေါ်ခိုလှုံရာအဆောက်အအုံ (Cyclone Shelter)ကို တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာရှိ အဆောက်အအုံ တည်ဆောက်မည့်မြေနေရာတွင် မေ ၈ ရက်က အဆောက်အအုံဆောက်လုပ်ရန် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးလင်းထွဋ်နှင့် လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်တို့က ပန္နက်တင်ခဲ့ပေးသည်။ လှိုင်းဘွဲ့မြို့နယ်တွင် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းပါက တောင်ကျရေများကြောင့် အင်းအိုင်မြစ်ချောင်းများ ရေကြီးရေလျှံမှုများကို ပြည်သူများ နှစ်စဉ်ကြုံတွေ့နေရပြီး ရေဘေးကယ်ဆယ်ရေး ယာယီစခန်းများ ဖွင့်လှစ်ပေးနေရသဖြင့် ရေဘေးသင့်ပြည်သူများအနေဖြင့် အရေးပေါ်ခိုလှုံနိုင်ရန် အဆိုပါ အဆောက်အအုံကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ အရေးပေါ်ခိုလှုံရာအဆောက်အအုံ တည်ဆောက်မည့် အမှတ်(၁)ရပ်ကွက် ကြာအင်းအလယ်လမ်း မြေနေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ကရင်ပြည်နယ်တွင် တည်ဆောက်မည့် အဆိုပါအဆောက်အအုံနှစ်ခုကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး လှိုင်းဘွဲ့မြို့နယ်မှ အလျား ပေ ၆၀၊ အနံ ပေ ၆၀၊ အမြင့် ၂၈ ပေရှိ လူဦးရေ ၄၀၀ ကျော်ဆံ့ အဆောက်အအုံကို ကျပ် ၁၁၈ သန်းဖြင့်လည်းကောင်း၊ ဘားအံမြို့နယ်မှ လူဦးရေ ၄၀၀ ဆံ့ အဆောက်အအုံကို ကျပ် ၁၁၆ ဒသမ ၈ သန်းဖြင့်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ငါးသယံဇာတထိန်းသိမ်းရေးအတွက် တိုင်းရင်းငါးမျိုးများစိုက်ထည့်

**ကျုံပျော် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ ဆင်ခေါင်းကြီးကျေးရွာအုပ်စု ကြာမန်း-ပေါက္ကမြောက် အင်းအတွင်း၌ မေ ၈ ရက်က တိုင်းရင်းငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာတွင် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်နှင့် ဝန်ထမ်းများနှင့်အတူ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေရီထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြာမန်းအင်းသူကြီးနှင့် အင်းသားကြီးများ စုပေါင်းကာ ငါးဖမ်းဆီးပြီးသော အင်းရေပြင်ထဲသို့ တိုင်းရင်းငါးမျိုးများ စုပေါင်းစိုက်ထည့်ခဲ့ကြသည်။

မြို့နယ်အတွင်း ငါးသယံဇာတဖွံ့ဖြိုးရေးနှင့် ဂရန်အင်းများ ရေရှည်တည်တံ့ရေးအတွက် တိုင်းရင်း ငါးမျိုးများ စိုက်ထည့်ခြင်းဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းငါးမျိုးများဖြစ်သော ငါးခူ၊ ငါးရံ့၊ ငါးကျည်း၊ ငါးပြေမ စသည့် ငါးမျိုးများကို တစ်နှစ်ပတ်လုံး ရေအစဉ်အမြဲရှိသော အင်းကြီး၊ အိုင်ကြီးများ၌ ငါးမျိုးချန် လိုက်လံစိုက်ထည့်ခြင်းဖြင့် ငါးမျိုးမပြုန်းတီးရေး၊ ငါးအထွက်နှုန်း ကောင်းမွန်ရေးနှင့် ဒေသတွင်းရှိပြည်သူများ ငါးပေါများစွာ စားသုံးနိုင်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# မိုးမခမျှစ်ခါး တူးဖော်ရောင်းချသူများ ဝင်ငွေအဆင်ပြေနေ

**မိုင်းယု မေ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့နယ်အတွင်းမှ ဒေသခံတိုင်းရင်းသားများ၏ အစားအစာတစ်မျိုးဖြစ်သည့် မိုးမခမျှစ်ခါးများကို စားသုံးသူ များပြားလာသည့်အတွက် အဆိုပါ မိုးမခမျှစ်ခါး ရှာဖွေတူးဖော်ရောင်းချသူများအနေဖြင့် ဝင်ငွေအဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုးမခမျှစ်ခါးသည် တစ်နှစ်တွင် တစ်ကြိမ်သာ စားခွင့်ရသော ဒေသအစားအစာတစ်ခုဖြစ်ပြီး သဘာဝအလျောက် အလေ့ကျပေါက်ရောက်ကြောင်း၊ မြေကြီးအတွင်း၌ ရှိနေချိန်တွင် မျှစ်ခါးဖြစ်ပြီး တန်းခူးလနှောင်းပိုင်းနှင့် ကဆုန်လဆန်း ကာလအကြား သင်္ကြန်မိုးကျပြီးနောက်တွင် မျှစ်အစို့စတင်ထွက်ရှိလာချိန်၌ ချိုမြိန်သော မိုးမခမျှစ်ခါးအရသာကို ရရှိကြောင်း၊ သင်္ကြန်မိုးကျပြီးနောက်တွင် မျှစ်ခါး အစို့စတင်ထွက်ပေါ်လာချိန်တွင် ဒေသခံများက တူးယူရောင်းချကြကြောင်း၊ ယခုရက်များတွင် စားသုံးသူများလာသည့်အတွက် မျှစ်ခါးရှာဖွေတူးဖော်ရောင်းချခြင်းဖြင့် ဝင်ငွေအဆင်ပြေကြကြောင်း မျှစ်ခါးရောင်းချသူများထံမှ သိရသည်။

မိုင်းယုမြို့နေ ပြည်သူများအနေဖြင့် မိုးမခမျှစ်ခါးကို မီးဖုတ်၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ၊ တို့စရာဟင်းလျာအဖြစ်လည်းကောင်း၊ ကြော်ချက်၍လည်းကောင်း အမျိုးမျိုးချက်ပြုတ်ကာ မြိန်ယှက်သောဟင်းလျာတစ်ခွက်အဖြစ် စားသုံးကြကြောင်း၊ လက်ရှိဈေးနှုန်းမှာ မျှစ်ခါးငါးချောင်းလျှင် ကျပ် ၁၀၀၀ မှ ၂၀၀၀ ကြား ရောင်းချရကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ်တွင် သင်္ကြန်အကြိုကာလ/ကာမစိတ်ကြွဆေးပြားများနှင့် တားမြစ်ဆေးများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် မေ ၁၀**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားမှု၊ ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးအောင်၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျန်းမာရေးဌာနမှ ကျန်းမာရေးကြီးကြပ် (၂) ဒေါ်သန့်သန့်ဝင်း၊ ဒေါ်စုလှိုင်နှင်းတို့ ပါဝင်သောအဖွဲ့သည် မေ ၈ ရက် နံနက် ၁၀ နာရီက ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် ရာဇဌာနီလမ်းမကြီးဘေးရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များသို့ ကွင်းဆင်းကာ ကာမစိတ်ကြွဆေးပြားများနှင့် တားမြစ်ဆေးများ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကိုကိုရှူပ)**

# စည်းကမ်းပျက်ဆိုင်ကယ်များအား သင်္ကြန်မတိုင်မီအတွင်း ထိရောက်စွာ ဖမ်းဆီးအရေးယူမည်

**ညောင်ဦး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မဟာသင်္ကြန်ကာလ အတွင်း ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရန်နှင့် စိတ်အေးချမ်းသာစွာ နွဲပျော်နိုင်ရန် ရည်ရွယ်၍ စည်းကမ်းပျက်မောင်းနှင်သော ဆိုင်ကယ်များ၊ အသံဆူညံအောင် အိတ်ဇောဖြုတ်မောင်းသော ဆိုင်ကယ်များနှင့် ပါဝါအိတ်ဇော တပ်ဆင်သော ဆိုင်ကယ်များကို ညောင်ဦးခရိုင်ရဲတပ်ဖွဲ့အနေဖြင့် ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးအရေးယူရန် ကြိုတင်အသိပညာပေးသည့်အနေဖြင့် ယခင် ဖမ်းဆီး သိမ်းဆည်းထားသော အမှုများမှ ဆိုင်ကယ် အိတ်ဇောများနှင့် ပါဝါပြောင်းများကိုလည်း မေ ၈ ရက်တွင် ရဲတပ်ဖွဲ့စခန်းအနီး မြေကွက်လပ်၌ ဘူဒိုဇာနှင့်ကျိတ်၍ ဖျက်ဆီးကာ အသိပညာပေး သရုပ်ပြခဲ့သည်။ ယင်းသရုပ်ပြပွဲ တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်း ရေးနှင့် လုံခြုံရေး ကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

ပူးပေါင်းအဖွဲ့သည် သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးနှင့် စည်းကမ်းမဲ့ယာဉ်များကြောင့် ပြည်သူများ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် ယာဉ်မောင်းသူများ လိုက်နာရန် သတိပေးဆိုင်းဘုတ်များကိုလည်း ညောင်ဦးမြို့နယ် မဏိစည်သူဈေး အဝိုင်းအနီးနှင့် ဗိုလ်ချုပ်ပန်းခြံရှေ့တို့၌ စိုက်ထူခဲ့ကြသည်။

ညောင်ဦးမြို့၌ မေ ရက်မှ စတင်ကာ မဟာသင်္ကြန်အကြိုကာလနှင့် သင်္ကြန်ရက်အတွင်း မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာမြည်အောင် ပြုပြင်၍စီးခြင်း၊ နံပါတ်ပြားကိုမမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက်နံပါတ်ပြားမပါဘဲ စီးခြင်း၊ ဆိုင်ကယ်တစ်စီးလျှင် နှစ်ဦးထက်ပို၍စီးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများကို အဆိုပါ ပူးပေါင်းအဖွဲ့အနေဖြင့် စစ်ဆေးဖမ်းဆီး အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



# ပုန်းတလုတ်ရေကန် ရေပြည့်ရေးအတွက် ဇော်ဂျီရေထွက်မှ ရေသွင်းလျက်ရှိ

**ပင်းတယ မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ပုန်းတလုတ်ရေကန်အတွင်းသို့ ပင်းတယမြို့၏မြောက်ဘက် လေးမိုင်ခန့်အကွာရှိ ဇော်ဂျီရေထွက်မှ ရေများသွယ်ယူကာ ကန်အတွင်းသို့ ရေထည့်သွင်းလျက်ရှိကြောင်း သိရသည်။

ပုန်းတလုတ်ရေကန်သည် နှစ်စဉ် နွေရာသီတွင် ရေများခန်းခြောက်လျက်ရှိပြီး မကြာမီ တိမ်ကောပျောက်ကွယ်သွားနိုင်ခြင်းကြောင့် ကန်အတွင်း ရေပြည့်လာစေရန် ပင်းတယမြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်နှင့် အလှူရှင်များက ပုန်းတလုတ်ရေကန် ရေဖြည့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇော်ဂျီရေထွက်မှ ရေများကို ပုန်းတလုတ်ရေကန်အတွင်းသို့ ဖြည့်သွင်းနိုင်ရေးအတွက် ခြောက်လက်မရေပိုက်ဖြင့် ရေသွယ်ယူရန် ဆောင်ရွက်ခဲ့ရာ မေ ၈ ရက်တွင် ပြီးစီးသဖြင့် ထိုရက်မှစ၍ ရေဖြည့်သွင်းလျက်ရှိကြောင်းနှင့် ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ပုန်းတလုတ်ရေကန်တော်ကြီးမှာ မကြာမီ ရေပြည့်လျှံလာကာ သာယာလှပလာတော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကုန်သွယ်ရေးအရအရေးပါသည့် မြဝတီ-မုဒုံလမ်းပေါ် လှိုင်ကွယ်တံတားဖွင့်

**ကော့ကရိတ် မေ ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ မြဝတီ-မုဒုံလမ်းပေါ်မှ ကုန်သွယ်ရေးအရ အရေးပါလှသည့် လှိုင်ကွယ်တံတားဖွင့်ပွဲကို မေ ၈ ရက်က ကျင်းပခဲ့သည်။

တံတားဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းဟန်စိုးက မြဝတီ-မုဒုံလမ်းပေါ်ရှိ တံတားများကို အဆင့်မြှင့်တင်ပြီးစီးပါက မြဝတီ-မုဒုံကုန်သွယ်ရေးတွင် ဘားအံ-မော်လမြိုင်ဘက်သို့ သွားရန်မလိုဘဲ အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ စီးပွားရေးတိုးတက်လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တံတားကိုပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းနှင့် တံတားအထူးအဖွဲ့(၁၄) ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ လှိုင်ကွယ်တံတားသည် ယခင်က သစ်သားတံတားသာရှိပြီး ကြံ့ခိုင်မှုအားနည်းခြင်းကြောင့် ပြည်သူများ စိတ်ချစွာ သွားလာနိုင်ရန်အတွက် နိုင်ငံတော်ရန်ပုံငွေ ကျပ်သိန်း ၇၀၀ ကျော် အကုန်အကျခံကာ လမ်းတံတားအထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

# ကျေးရွာစာကြည့်တိုက်၌ E-Community Center ဖွင့်ပွဲကျင်းပ

**ဘားအံ မေ ၁၀**

နည်းပညာကိုအခြေခံသော အားလုံးပါဝင်အောင်မြင်နိုင်သည့် လူ့အဖွဲ့အစည်း တည်ဆောက်နိုင်ရန်၊ လူငယ်များ ဒီဂျစ်တယ်အတတ်ပညာ၊ အသိပညာနှင့် အမြော်အမြင်များ ရှိလာစေရန်၊ အလုပ်အကိုင်နှင့် လုပ်ငန်းအခွင့်အလမ်းသစ်များ ဖန်တီးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ မြတ်ပညာစာကြည့်တိုက်၌ E-Community Center ဖွင့်ပွဲကို မေ ၇ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနွဲ့နွဲ့ဝင်းနှင့် MIT ကုမ္ပဏီမှ CEO ဦးထွန်းသူရသက်တို့က E-Community Center ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌက စင်တာဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စင်တာဖြစ်မြောက်ရေးအတွက် လက်ပ်တော့ ၁၂ လုံး၊ မိတ္တူကူးစက်နှင့် ပရင်တာ၊ ပရိုဂျက်တာ၊ အဲကွန်းနှင့် အင်တာနက်တပ်ဆင်ခြင်း အပါအဝင် အဆောက်အအုံအတွင်းအပြင် လှူဒါန်းပေးသည့် MIT ကုမ္ပဏီ CEO က လှူဒါန်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။




အဆိုပါ E-Community Center တွင် ဒေသခံလူငယ်များအား ကွန်ပျူတာပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကာ ကွန်ပျူတာအခြေခံ သင်တန်းနှစ်ခုကို အုန်းတပင်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၄ ဦးဖြင့် စတင်ဖွင့်လှစ်နေပြီဖြစ်ပြီး သင်တန်းတွင် ပြည်နယ်ကွန်ပျူတာပညာရှင်များအသင်းမှ ကျွမ်းကျင် ဆရာ ဆရာမများက သင်ကြားပို့ချပေးလျက်ရှိသည်။

အုန်းတပင်ကျေးရွာ မြတ်ပညာစာကြည့်တိုက် E-Community Center ကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ MIT ကုမ္ပဏီ၊ ပြည်နယ်ကွန်ပျူတာပညာရှင်များအသင်းနှင့် ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးနှင့် အစားအသောက်များ ထောက်ပံ့

**ဆိပ်ဖြူ မေ ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ရှိ သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများနှင့် အားဆေးများကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ မေ ၈ ရက်က ဆိပ်ဖြူမြို့သို့ လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မီမီစိုးနှင့်အတူ ပခုက္ကူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်း၊ မြို့နယ်မိခင်နှင့် ကလေးအသင်းဝင်များက ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်ရှိ သက်ကြီးဘိုးဘွားနှစ်ဦးအား အဝတ်အထည်၊ အားဆေးနှင့် အာဟာရဖြစ်စေမည့် အစားအစာများကို နေအိမ်အရောက် သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့နောက် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် တွေ့ဆုံပြီး ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်စဉ် သိရှိလိုက်နာ ဆောင်ရွက်ရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးအတွက် အာဟာရပြည့်ဝသော အစားအစာများအကြောင်း စသည်တို့ကို ရှင်းလင်းဟောပြောကာ ကိုယ်ဝန်ဆောင်အားဆေးနှင့် အင်အားဖြစ်စေမည့် အားဖြည့်အစားအစာများကို ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် ယောဝရပ်ကွက်ရှိ မသန်စွမ်းအမျိုးသမီးငယ်တစ်ဦး၏ နေအိမ်သို့လည်း သွားရောက်၍ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် အစားအစာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**



# သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

**ရန်ကုန် မေ ၁**

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၉ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၈၃၈ ဦး၊ သေဆုံး ၁၃၂ ဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။

၂။ အပျော်လွန်ကြူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။

၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။

၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။

၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရ။

၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများမပြုရ။

၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။

၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက္ကူမြင်နှင့် ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) နိုင်ငံခြားစက္ကူ ၃၀" 45 Gsm(High Bright) - | ၈၀၀၀ | တန် | (နိုင်ငံခြားငွေ) |
| | ၂၀၀၀ | တန် | (မြန်မာငွေ) |
| (ခ) Web Ink | | | |
| Black | ၁၁၀၀၀၀ | ကီလို | (နိုင်ငံခြားငွေ) |
| Cyan | ၉၈၁၀၀ | ကီလို | (နိုင်ငံခြားငွေ) |
| Magenta | ၈၈၀၀၀ | ကီလို | (နိုင်ငံခြားငွေ) |
| Yellow | ၉၈၀၀၀ | ကီလို | (နိုင်ငံခြားငွေ) |
| Fountain Solution | ၁၁၀၀၀ | လီတာ | (နိုင်ငံခြားငွေ) |
| (ဂ) CTP Plate (Fuji System) (889x609x0.3)mm | ၂၅၀၀၀ | ချပ် | (နိုင်ငံခြားငွေ) |
| (ဃ) CTP Plate (Kodak System) (889x577x0.3)mm | ၃၀၀၀၀ | ချပ် | (မြန်မာငွေ) |
| (င) CTP Plate (Kodak System) (889x609x0.3)mm | ၉၅၀၀၀ | ချပ် | (မြန်မာငွေ) |
| (စ) Developer(Fuji System) | ၂၅၀၀ | လီတာ | (နိုင်ငံခြားငွေ) |
| (ဆ) Developer(Kodak System) | ၁၃၀၀၀ | လီတာ | (မြန်မာငွေ) |
| (ဇ) Replenisher | ၁၁၈၀၀ | လီတာ | (နိုင်ငံခြားငွေ) |
| (ဈ) Gum Arabic | ၂၅၀၀ | လီတာ | (မြန်မာငွေ) |
| (ည) Plate Cleaner | ၁၀၀၀ | လီတာ | (မြန်မာငွေ) |
| (ဋ) Sponge | ၆၈၀ | ခု | (မြန်မာငွေ) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၉-၄-၂၀၁၇ရက်မှ ၂-၅-၂၀၁၇ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၅-၂၀၁၇ရက် နံနက် ၉နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ် (၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈** | **ရုံးအမှတ် (၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

---

**REPUBLIC OF THE UNION OF MYANMAR**
**Ministry of Electricity and Energy**
**Myanma Oil and Gas Enterprise (MOGE)**
**Nay Pyi Taw**

**Extension of timeline to submit responses to the Requests for Proposals for Joint Venture in Onshore Seismic Acquisition Services, Onshore Drilling Services and Onshore Pipeline Construction and Maintenance Services with Myanma Oil and Gas Enterprise**

Date: April 7, 2017

Further to the announcements of the Requests for Proposals for Joint Venture in Onshore Seismic Acquisition Services, Onshore Drilling Services and Onshore Pipeline Construction and Maintenance Services with Myanma Oil and Gas Enterprise, published on March 24, 2017, MOGE hereby announces an extension for interested parties to submit their Applications. The Applications shall be submitted no later than 3 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on May 17, 2017 to the following address:

**MOGE Tender Committee for Joint Venture Establishment in Petroleum Services,** Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar.

Interested parties are now invited to submit a second round of questions regarding the RfP and comments on the draft Joint Venture Agreement no later than 12 PM (noon), local time (Nay Pyi Taw, Republic of the Union of Myanmar), on April 26, 2017. MOGE will duly respond to all questions submitted no later than 3 PM local time (Nay Pyi Taw, Republic of the Union of Myanmar), on May 5, 2017. A revised draft Joint Venture Agreement will be issued together with the response to this second round of questions, taking into consideration comments received from both the first and second rounds of comments on the draft Joint Venture Agreement.

MOGE also hereby announces an extension for interested parties to designate an Authorised Representative and a Back-up Representative. Interested parties must designate an Authorised Representative and a Back-up Representative no later than 12 PM (noon), local time (Nay Pyi Taw, Republic of the Union of Myanmar), on April 26, 2017. Any updates to the Joint Venture Partner Selection Process shall be communicated through the designated Authorised Representative and Back-up Representative and published on the official website for the Joint Venture Partner Selection Process (www.mogemm.com).

The RfP may still be purchased by any interested party no later than 12 PM (noon), local time (Nay Pyi Taw, Republic of the Union of Myanmar), April 26, 2017 (excluding Saturdays, Sundays and Public Holidays) at Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar for a non-refundable cash payment of five hundred United States Dollars (USD 500). The purchaser will be provided with a payment acknowledgement when payment is made. Only Applications from Applicants that had purchased the RfP document officially from MOGE will be evaluated.

Myanma Oil and Gas Enterprise
Ministry of Electricity and Energy

---



## လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ(၅)ရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၂၅၃ နေ ဦးမောင်မောင်၏သား မောင်သန့်ထူးဇော်(ခ)ကိုလတ် ၁၂/ဒဂရ(နိုင်)၀၀၉၃၆၈ သည် ၂၈-၃-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင် နေအိမ်မှအပြင်သို့ ထွက်ခွာသွားရာ ပြန်ရောက်လာခြင်းမရှိသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **အန်တီဒေါ်မိမိခိုင်**
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၁၄၆၅၂၊ ၀၉-၅၀၅၃၆၄၀၊ ၀၉-၉၆၅၀၈၀၈၄၆**

## တစ်ဦးတည်းဖြစ်ကြောင်း

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်နေ မကြီး ၁၂/အစန(နိုင်) ၁၀၅၁၆၆နှင့် ဒေါ်လှမြင့်သန်းမှာ တစ်ဦးတည်းဖြစ်ပါသည်။
**ဒေါ်လှမြင့်သန်း(ခ)မကြီး**

---

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့်အောက်ပါ မဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)
(ခ) ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ (MDevS)

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်၊ စာတမ်းများနှင့်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၃-၄-၂၀၁၇ မှ ၉-၅-၂၀၁၇ အထိ ရယူပြီး ၉-၅-၂၀၁၇ ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။
(က) MPAသင်တန်းအတွက် အသုံးချဘောဂဗေဒဌာန(အခန်း-၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။
(ခ) MDevS သင်တန်းအတွက် ဘောဂဗေဒဌာန (အခန်း-၁၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲများကို ၂၀၁၇ ခုနှစ် မေလအတွင်း အောက်ပါနေရာများ၌ ကျင်းပပါမည်။
(က) MPA သင်တန်းစာမေးပွဲ ၁၄-၅-၂၀၁၇၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)။
(ခ) MDevSသင်တန်းစာမေးပွဲ ၁၄-၅-၂၀၁၇၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းနံပါတ် (MPA-၀၁-၅၁၂၆၃၃)၊ (MDevS ၀၁-၅၁၀၂၁၃)တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## အသုံးချစာရင်းအင်းပညာမဟာဘွဲ့သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အသုံးချစာရင်းအင်းပညာ မဟာဘွဲ့(MAS)သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

၂။ အဆိုပါ မဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
သင်တန်းဝင်ခွင့်လိုအပ်ချက်များ-
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(ခ) သင်တန်းဝင်ခွင့်စာမေးပွဲအောင်မြင်ရမည်။
(ဂ) ၁-၆-၂၀၁၇ရက်တွင် အသက် ၃၀ ပြည့်ပြီးသူဖြစ်ရမည်။ လုပ်ငန်းခွင်တွင် လုပ်သက်အနည်းဆုံး (၈)နှစ်ရှိပြီး စာရင်းအင်းဆိုင်ရာနယ်ပယ်အတွေ့အကြုံရှိသူဖြစ်ရမည်။
(ဃ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာတက်ရောက်နိုင်သူဖြစ်ရမည်။
(င) အခြေခံကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
(စ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူ မဖြစ်စေရ။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကိုအောက်ဖော်ပြပါဌာနများ၌ ၃-၄-၂၀၁၇မှ ၉-၅-၂၀၁၇ အထိ ရယူပြီး ၉-၅-၂၀၁၇ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ စာရင်းအင်းပညာဌာန အခန်း ၂၁၂၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) အင်းလျားလမ်း၌ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၄-၅-၂၀၁၇ရက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၌ ကျင်းပပါမည်။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းအမှတ်-(ရုံး-၀၉-၂၆၅၆၁၆၆၇၇)တွင် ရုံးချိန်အတွင်း အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၁၇-၂၀၁၈) ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

၂။ အဆိုပါမဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) လုပ်ငန်းအတွေ့အကြုံ ၂ နှစ်ရှိသူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)ရှိ စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်၌ ၃-၄-၂၀၁၇မှ ၉-၅-၂၀၁၇အထိ ရယူပြီး ၉-၆-၂၀၁၇(အင်္ဂါနေ့) နောက်ဆုံးထား၍ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ၁၄-၅-၂၀၁၇တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)၌ ကျင်းပပါမည်။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း-၀၁-၆၆၁၇၃၆၊ ၀၁-၆၆၄၆၈၄တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၈၆၇၈ Golden Deer S/W ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝေယံ ၆/ရဖန(နိုင်)၀၈၁၉၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/4179 ယာဉ်လက်ဝယ်ရှိသူဒေါ်ပြည့်စုံသူ ၇/တငန(နိုင်)၁၆၂၇၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အရောင်းအဝယ်ပြုလုပ်ရန်ကမ်းလှမ်းသည့် ခြံမြေကွက်ဖြစ်သော တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဝက်ဖြူရေကျေးရွာအုပ်စု၊ ၆၃/နန့်ပန်တက်ရွာမကွင်း၊ ဦးပိုင်အမှတ်(၄၁)၊ ဥယျာဉ်ခြံမြေအမျိုးအစား၊ ဧရိယာ ၅ ဒသမ ၂၅ ဧကခန့်မှန်းရှိ ဥယျာဉ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အုတ်ညှပ်အိမ်တစ်လုံးနှင့် သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား တရားဝင်လက်ရှိထား စီမံခန့်ခွဲအုပ်ချုပ်ပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော ခြံမြေကွက်၏တန်ဖိုးငွေအနက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက ခြံမြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုလှိုင် LL.B, LL.M အထက်တန်းရှေ့နေ (စဉ်-၃၂၈၆၅)**
**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၁၅၈၇၁၅၆၊ ၀၉-၉၇၈၉၀၁၄၈၄၊ ၀၉-၄၂၁၈၉၆၂၄၃**

---

## ပျောက်ဆုံးခြင်း

ကျွန်တော် မောင်အေး(ဘ)ထွန်းမှိန် ၉/တကန(နိုင်)၁၄၀၅၄၅၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။**မောင်အေး**
**ဖုန်း-၀၉-၇၆၂၃၃၁၆၆၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့နယ်၊ အမှတ် ၈ရပ်ကွက်နေ ဦးစိုးလှိုင်၊ ဒေါ်ကြူကြူမြင့်တို့၏သား မောင်ဟိန်းမင်းလတ်သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးစိုးလှိုင်၊ ဒေါ်ကြူကြူမြင့်**

## တောင်ငူတက္ကသိုလ် စားသောက်ဆိုင်ခန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တောင်ငူတက္ကသိုလ် ပရဝဏ်အတွင်းရှိ စားသောက်ဆိုင်ခန်းများကို ငှားရမ်းမည်ဖြစ်ပါ၍ ရုံးချိန်အတွင်း အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တောင်ငူတက္ကသိုလ်၊ ဘဏ္ဍာဌာနတွင် ၂၄-၄-၂၀၁၇ ရက် ရုံးချိန်အတွင်းမှ ၂၈-၄-၂၀၁၇ ရက် မွန်းတည့် ၁၂:၀၀ နာရီအထိ တင်ဒါလျှောက်လွှာများကို တင်သွင်းရန်နှင့် ၂၈-၄-၂၀၁၇ ရက် ၁၃:၀၀ နာရီတွင် အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၄-၂၄၄၁၁၊ ၀၅၄-၂၄၄၁၂၊ ၀၅၄-၂၄၀၀၁ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဆိုင်ခန်းနေရာချထားရေးနှင့် ကြီးကြပ်ရေးကော်မတီ**

**တောင်ငူတက္ကသိုလ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ အောက်ဖော်ပြပါစီမံကိန်းများအတွက် ပစ္စည်းများဝယ်ယူခြင်းနှင့် လုပ်ငန်းများ အပ်နှံခြင်းတို့ကို မြန်မာငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) မဟာဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance ပစ္စည်းများဝယ်ရန်၊

(ခ) မဟာဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော 15 M Concrete Pole များဝယ်ရန်၊

(ဂ) ဓာတ်အားစနစ်ဌာနအတွင်း SCADA System Network တိုးချဲ့တည်ဆောက်ရန်အတွက် မဟာဓာတ်အားလိုင်းများအား OPGW ကြိုးအစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို (Dead Line) နှင့် (Live Line) တို့ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ရန်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၄-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၈-၅-၂၀၁၇ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)ရေဆင်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ရုပ်သံကျွမ်းကျင်(၃) | (၂)နေရာ | (၁၀)တန်းအောင် |
| (ခ) | ဓာတ်ပုံကျွမ်းကျင်(၃) | (၂)နေရာ | (၁၀)တန်းအောင် |

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၄-၄-၂၀၁၇ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၆)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) မွေးသက္ကရာဇ်

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) လျှောက်ထားလိုသည့်ရာထူး

(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်

(ဆ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်

(ဇ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၂)ပုံ

(ခ) (၁၀)တန်းအောင်မြင်သည့် အောင်လက်မှတ်မိတ္တူ

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း

(စ) သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၅။ လျှောက်လွှာကို ၂၄-၄-၂၀၁၇ ရက် တနင်္လာနေ့နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ ၎င်းရာထူးနေရာများကို ကျောထောက်နောက်ခံပြု၍ လစာနှုန်း (ကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)စကေးဖြင့် အလုပ်သင်အဖြစ် ဦးစွာခန့်ထားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုအား ကျေနပ်မှုရှိပါက ကျောထောက်နောက်ခံပြုထားသည့် ရာထူးကိုဆက်လက်ခန့်ထားမည်။

၇။ အခြားသိလိုသော အချက်များကို စုံစမ်းမေးမြန်းလိုပါက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု၊ ရေဆင်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၁၆၅၃၄ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)**
**တံတားအထူးအဖွဲ့(၁)**

## တည်ဆောက်ရေးလုပ်ငန်းတင်ဒါခေါ်ယူခြင်း

**၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်**
**တင်ဒါအမှတ်စဉ်(၁/၂၀၁၇)**

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်မည့် မန္တလာ-မိုးညှင်း-နန့်စီးအောင်လမ်းပေါ်ရှိ တံတားအမှတ်(၆/၇) မြို့ဟောင်းတံတား ချဉ်းကပ်လမ်း နှစ်ဖက်အတွက် မြေကြီးလုပ်ငန်းများ ဆောင်ရွက်လိုပါသည်။

**တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၁၁-၄-၂၀၁၇ ရက်
**တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၂၇-၄-၂၀၁၇ ရက် နံနက် ၉:၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၇-၄-၂၀၁၇ ရက် နံနက် ၁၀:၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဒုညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ဒုညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**တံတားအထူးအဖွဲ့(၁)**

ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၄၄၀၀၀၁၇၁၇၊ ၀၉-၂၅၃၇၈၈၂၀၀

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်၊ ပစ္စည်းထိန်းဌာနခွဲတွင် မော်တော်ယာဉ် ၂၀စီးဆံ့ ကားပါကင်တစ်ခု ဆောက်လုပ်ခြင်းလုပ်ငန်း၊

(ခ) ရန်ကုန်၊ ပစ္စည်းထိန်းဌာနခွဲတွင် ယာဉ်သိုလှောင်ရုံ ၂လုံးတွဲ ၂လုံး အမိုး၊အကာ အကြီးစား ပြုပြင်ခြင်းလုပ်ငန်း၊

(ဂ) နေပြည်တော်၊ ရုံးအမှတ် ၃၂တွင် Bus Stand နှင့် လူသွားစင်္ကြံ ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို ရုံးအမှတ် ၃၂၊ နေပြည်တော်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါပုံစံ တစ်စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ) ဖြင့်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းမည့်ရက်** - ၁၉-၄-၂၀၁၇ရက်မှ ၉-၅-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်

၅။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၁-၅-၂၀၁၇ရက်၊ ၁၃:၀၀နာရီ

၆။ **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၂၆၅၊ ၀၁-၆၅၁၀၃၉

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

## လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန် စိတ်ဝင်စားသော လုပ်ငန်းများအား ဖိတ်ခေါ်ခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၁။ ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်အတွင်း၌ ကျေးလက်လမ်းများ ပြန်လည်ထူထောင်ရေးစီမံကိန်းအတွက် လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်ရန် အထောက်အပံ့သဘောတူညီမှုရရှိပြီး ဖြစ်ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်း၌ အောက်ပါလုပ်ငန်းများအား ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) တံတားအရှည်မီတာ -၂၀၀နှင့်အထက်စီရှိ တံတား (၂)စင်း

(ခ) အရှည်မီတာ-၃၅၀နှင့်အထက်စီရှိ ရေကျော်တံတား(၃)စင်း

(ဂ) ကျေးလက်လမ်း(၂)လမ်း (၅၀ ကီလိုမီတာ)

၃။ စိတ်ပါဝင်စားသော ကန်ထရိုက်တာကုမ္ပဏီများအနေဖြင့် အရည်အသွေးစိစစ်ချက်အထောက်အထား သတ်မှတ်ပုံစံများနှင့်အတူ အောက်ဖော်ပြပါလိပ်စာများသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ပုံစံဖြင့် ၂၅-၅-၂၀၁၇ရက် ညနေ ၄ နာရီထက်နောက်မကျဘဲ လာရောက်လျှောက်ထားနိုင်ပါသည်။

၄။ ပဏာမအရည်အသွေးစိစစ်ရွေးချယ်ခြင်းခံထားရသော ကုမ္ပဏီများအား တင်ဒါတင်ခြင်းအတွက် ဆက်လက်၍ ဖိတ်ခေါ်ပါမည်။ လုပ်ငန်းဆောင်ရွက်ခွင့်အား တင်ဒါစိစစ်ရွေးချယ်ရေးဗဟိုကော်မတီအဖွဲ့မှ ခွင့်ပြုပေးသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိသည်များကို တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

(က) **ညွှန်ကြားရေးမှူး၊ ကျေးလက်လမ်း၊ တံတားဌာနကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် ၁၄၊ နေပြည်တော်**
**ဖုန်း/ဖက်စ် -၀၆၇-၄၀၉၄၁၀၊ ၀၆၇-၄၀၉၂၁၀**

(ခ) **ဒုတိယညွှန်ကြားရေးမှူး၊ ဝယ်ယူဖြန့်ဖြူးရေးနှင့်ထောက်ပံ့ရေးဌာန**
**ဖုန်း/ဖက်စ် -၀၆၇-၄၀၉၀၂၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေးကုန်စိမ်း/ကုန်စုံဆိုင်ခန်းရုံအမှတ်(၂၂)၊ ဆိုင်ခန်းအမှတ် (၀၃၁)အား နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဦးကျေးရပ်ကွက်နေ ဒေါ်ခင်မျိုးလွင် ၉/တသန(နိုင်)၁၁၅၂၆၄ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၊ တိုက်(A-၂)၊ အခန်း ၀၆ နေ ဦးဉာဏ်ကြည်လင်း ၅/မရန(နိုင်)၁၄၇၄၀၈ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေးကုန်စိမ်း/ကုန်စုံဆိုင်ခန်းရုံအမှတ်(၂၂)၊ ဆိုင်ခန်းအမှတ် (၀၃၂)အား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူ(၁၀)ရပ်ကွက်နေ ဦးထွန်းသန်းဦး ၉/ပမန(နိုင်)၂၁၉၃၆၄ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၊ တိုက်(A-၂)၊ အခန်း ၀၆ နေ ဦးဉာဏ်ကြည်လင်း ၅/မရန(နိုင်) ၁၄၇၄၀၈ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာသင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် စီမံအုပ်ချုပ်မှု ပညာဒီပလိုမာ (DMA) သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

၂။ အဆိုပါဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူ မဖြစ်စေရ။

(ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) သင်တန်းများသို့ အစိုးရဌာနများမှ ဘွဲ့ရ အရာထမ်းများအပြင် ပြင်ပပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ဘွဲ့ရပုဂ္ဂိုလ်များပါလျှောက်ထားနိုင်သည်။

(င) ၁-၆-၂၀၁၇ရက်တွင် အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

၃။ ဝင်ခွင့်စာမေးပွဲအတွက် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) ကျောင်းသားရေးရာဌာနတွင် ၃-၄-၂၀၁၇မှ ၉-၅-၂၀၁၇အထိ ရယူပြီး ၉-၅-၂၀၁၇ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၇ခုနှစ် မေ ၁၄ရက် (တနင်္ဂနွေနေ့) တွင်ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)၌ ကျင်းပပါမည်။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း-၀၁-၅၂၆၆၁၃၊ ၀၁-၆၆၁၇၃၆၊ ၀၁-၆၆၄၆၈၄တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ဝန်ထမ်းအလိုရှိသည်

ချယ်ရီမေတ္တာဖောင်ဒေးရှင်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ ရုံးအုပ် (၁)ဦး

ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
အစိုးရရုံးများနှင့်အဆက်အသွယ်ပြုလုပ်နိုင်သူဖြစ်ရမည်။
ရုံဖန်ရုံခါနယ်သို့ခရီးထွက်နိုင်သူဖြစ်ရမည်။
အသက်(၄၅နှစ်)အထက်ဖြစ်ရမည်။
ရုံးလုပ်ငန်းများကိုကျွမ်းကျင်စွာဆောင်ရွက်နိုင်သူဖြစ်ရမည်။
ပရဟိတလုပ်ဆောင်သောအသင်းဖွဲ့ဖြစ်သဖြင့် ပရဟိတစိတ်ဖြင့် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ စာရင်းကိုင် (၁)ဦး

စာရင်းဘွဲ့(သို့မဟုတ်)စာရင်းလက်မှတ်တစ်ခုခုရရှိထားသူဖြစ်ရမည်။
လချုပ်ဆွဲနိုင်ရမည်။
ရုံဖန်ရုံခါနယ်သို့ခရီးထွက်နိုင်သူဖြစ်ရမည်။

အထက်ပါအရည်အချင်းနှင့်ပြည့်စုံသူများသည် ချယ်ရီမေတ္တာဖောင်ဒေးရှင်း အမှတ်-၁၂၊ မနောရမ်းလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်သို့ ၂၅-၄-၁၇ ရက် နောက်ဆုံးထား၍ CV ပုံစံများလာရောက်တင်ထားနိုင်ပါသည်။

အသေးစိတ်သိလိုပါက ဖုန်း-၀၁-၅၂၂၅၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(ဦးမြင့်သန်း)**
**ရုံးအဖွဲ့မှူး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ် ၂၂၊ ဆိုင်ခန်းအမှတ် ၀၃၀အား နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဦးကျေးရွာ ရပ်ကွက်နေ ဒေါ်ချိုမာလွင် ၉/ဝတန(နိုင်)၀၆၇၀၆၄ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်စည်ပင်ဝန်ထမ်းအိမ်ရာဝင်း တိုက်(A-၂)၊ အခန်း (၀၆) နေ ဦးဉာဏ်ကြည်လင်း ၅/မရန(နိုင်)၁၄၇၄၀၈သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးခြင်း

ကျွန်တော် ဟံဇော်မင်း(ဘ)ဦးဟံကြိုင် ၉/တကန(နိုင်)၁၈၆၃၁၀၈၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဟံဇော်မင်း**

**ဖုန်း-၀၉-၄၀၁၅၃၄၉၁၀**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ် ၂၈၊ ဦးပိုင်အမှတ် ၄၈၊ မြေဧရိယာ ၀ဒသမ၀၈၇ဧကကို ဦးကျော်ရွှေ ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက် ရရှိထားပြီး အဆိုပါမြေဧရိယာ ၀ဒသမ၀၈၇မှ ၀ဒသမ၀၂၇ဧကကို ဦးရဲနိုင်ထွန်း-ဒေါ်အေးအေးခိုင်တို့က ဝယ်ယူခဲ့ရာ ၂၂-၂-၂၀၁၃ရက်တွင် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဦးကျော်ရှိန်အမည်မှ ဦးရဲနိုင်ထွန်း ၁၄/ကလန(နိုင်)၀၇၇၇၇၆-ဒေါ်အေးအေးခိုင် ၁/ဗမန(နိုင်)၀၄၆၀၄၀ အမည်သို့ဦးပိုင်ခွဲ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဇန်းမော်မြို့နယ်**

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၄၁၊ ဦးပိုင်အမှတ် ၁၀၅၊ မြေဧရိယာ ၀ဒသမ၀၉၄ဧကကို ဒေါ်အုန်းကြည် ပိုင်ဆိုင်၍ဦးပိုင်အမည်ပေါက် ရရှိထားပြီး အဆိုပါမြေကွက်ကို ဦးတင်ညွန့်က ဝယ်ယူခဲ့ရာ ၁၈-၁၀-၁၉၈၉ရက်တွင် မြို့ယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဒေါ်အုန်းကြည်အမည်မှ ဦးတင်ညွန့် ၁/ဗမန(နိုင်)၁၆၆၆၃၂ အမည်သို့ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဇန်းမော်မြို့နယ်**

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း၂၊ မြေကွက်/ဦးပိုင်အမှတ် (၁၅၂၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးမြကျော် အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်အေးအေးသိန်း ၉/ပမန(နိုင်)၁၇၀၈၂၄ (ဘ)ဦးကြည်မောင်မှ မြို့မြေတိုးချဲ့ရေးကော်မတီငွေသွင်းပြေစာမူရင်း အရောင်းအဝယ်စာချုပ်မူရင်း၊ ပိုင်ဆိုင်ကြောင်း၊ ရောင်းချကြောင်းကျမ်းကျိန်မူရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်မူရင်း၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## အသိပေးအကြောင်းကြားခြင်း


မြန်မာ UPA ကုမ္ပဏီလီမိတက် (MUPA)စီမံကိန်းအဆိုပြုသူသည် မတ် ၂၈ ရက် ၂၀၁၆ တွင် တနင်္သာရီတိုင်းဒေသကြီး ကံပေါက်မြို့နယ်ရှိ လျှပ်စစ်ဝန်ကြီးဌာနနှင့် ချုပ်ဆိုထားသော လျှပ်စစ်ဓာတ်အား ဝယ်ယူရေးစာချုပ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးရန် ၂၀၀ မီဂါဝပ် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအား 200MW Combined Cycle Power Plant (CCPP) ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။ ယခင် ၂၀၁၄တွင် ပြုလုပ်ခဲ့သော ပတ်ဝန်းကျင်နှင့်လူမှုစီးပွားထိခိုက်မှုဆန်းစစ်ခြင်း လေ့လာမှုအား ၂၀၁၆ ခုနှစ်တွင် ပြန်လည်ဆန်းစစ်ခြင်းပြုလုပ်နိုင်ရန် SEM နှင့် ERM ကုမ္ပဏီလီမိတက်တို့မှ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော သက်ဆိုင်သူများနှင့် ဈေးစပ်ညှိနှိုင်းခြင်း လုပ်ဆောင်ရန် ERM နှင့် SEM တို့သည် သက်ဆိုင်သူများနှင့် ဈေးစပ်ညှိနှိုင်းခြင်း အစီအစဉ်ကို ၂၀၁၇ ခုနှစ် မတ် ၂၈ရက်မှ ၃၁ ရက်အတွင်း အောက်ဖော်ပြပါရွာများတွင် ကျင်းပပြုလုပ်ပြီး ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

- ၂၀၁၇ ခုနှစ် မတ် ၂၈ရက် နံနက် ၉:၀၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးရုံး
- ၂၀၁၇ ခုနှစ် မတ်လ ၂၈ ရက် ညနေ ၃:၀၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ အိန္ဒာရာဇာကျေးရွာ၊ ကျေးရွာချာ့ချ်ခန်းမ
- ၂၀၁၇ ခုနှစ် မတ် ၂၉ ရက် နံနက် ၉:၃၀နာရီတွင် ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးရုံး၊
- ၂၀၁၇ ခုနှစ် မတ် ၂၉ ရက် မွန်းလွဲ ၂:၀၀နာရီတွင် ရေဖြူမြို့နယ်၊ ရေင်ဆိပ်ကျေးရွာ၊ ဘုန်းကြီး
- ၂၀၁၇ ခုနှစ် မတ် ၃၀ ရက် နံနက် ၉:၃၀နာရီတွင် ရေဖြူမြို့နယ်၊ ပြင်ကြီးကျေးရွာ၊ မူကြိုကျောင်း
- ၂၀၁၇ ခုနှစ် မတ် ၃၀ ရက် မွန်းလွဲ ၂:၀၀နာရီတွင် ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာ၊ ကျေးရွာမွှောရုံ
- ၂၀၁၇ ခုနှစ် မတ် ၃၁ ရက် နံနက် ၉:၀၀နာရီတွင် ရေဖြူမြို့နယ်၊ ဂန့်ဂေါ်တောင်ကျေးရွာ၊ မူကြိုကျောင်း

အစီရင်ခံစာအပေါ် တုံ့ပြန်မှုများကို MUPA ရုံးသို့ အောက်ဖော်ပြပါ အီးမေးလိပ်စာသို့လိပ်မူ၍ ဆက်သွယ်ရေးသားပေးပို့နိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
**မြန်မာယူပီအေကုမ္ပဏီလီမိတက် (MUPA)**
**၅၉၉၅၊ လှိုင်ကော်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**e-mail: admin@ united powerofasia.com**
**website: http://www.unitedpowerofasia. com/en/business/power-business**










### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၁၃ယ/၇၁၇၇၀ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဘဟိန်း ၁၀/ရမန(နိုင်)၀၅၇၅၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/1909 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/9890 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## မစုလှိုင် (ခ) မမိမေယုလှိုင် နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်(င-၆)၊ ဦးပိုင်(၆၆) နေထိုင်ပြီး ဇေရာကမ္ဘာ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌ ဦးသိန်းစိုး (ဘ)ဦးပေါက်ကျော် ၁/မညန(နိုင်)၁၁၃၃၉၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးသိန်းစိုး၏ ဇနီး မစုလှိုင်(ခ)မမိမေယုလှိုင် (ဘ) ဦးငွေသိန်း ၁၀/ပမန(နိုင်) ၁၄၃၉၁၂ သည် ၂၉-၃-၂၀၁၇ ရက်တွင် ဇေရာကမ္ဘာ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်မှ အဖိုးတန်ကျောက်မျက်ရတနာများကိုယူဆောင်၍ နေအိမ်မှ ထွက်ခွာသွားခဲ့ကြောင်း သိရပါသည်။ ၎င်းနှင့်အတူ သားကြီး မောင်ကျော်သူရဟိန်း (၆)နှစ်၊ သားလတ် မောင်နေသူရအောင် (၄)နှစ်နှင့် သမီးငယ် မသဲစုစံ (၂)နှစ်တို့ကိုပါ ခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

မစုလှိုင် (ခ) မမိမေယုလှိုင်အနေဖြင့် ယခုကြော်ငြာပါသည့်ရက်မှ နေအိမ်သို့ ကောင်းမွန်စွာပြန်လာရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။ မစုလှိုင် (ခ) မမိမေယုလှိုင် ယူဆောင်သွားသောကျောက်မျက်ရတနာများအားလည်း ရောင်းချခြင်းမပြုရန်နှင့် အများပြည်သူအနေဖြင့်လည်း ရောင်း/ဝယ်ခြင်းမပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဇနီး မစုလှိုင် (ခ) မမိမေယုလှိုင်နှင့် သားသမီးများ လက်ခံထားခြင်းမပြုရန်နှင့် လက်ခံထားသူများရှိလျှင်သော်လည်းကောင်း၊ နေအိမ်သို့မပြန်နိုင်ရန် တားဆီးနှောင့်ယှက်သူများရှိလျှင်သော်လည်းကောင်း သွေးဆောင်ဖြားယောင်း ထိန်းသိမ်းထားသူများရှိလျှင်သော်လည်းကောင်း၊ ထိုသူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးသိန်းစိုး**
**၁/မညန(နိုင်)၁၁၃၃၉၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်လင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၃၃/၂၀၁၃)**
**E-၁၆၊ ထွေအုပ်တိုက်တန်း၊**
**၆၈လမ်း၊ ၂၉×၃၀လမ်းကြား၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၆၀၃၄၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ အိုင်၊ မြေကွက်အမှတ် V Class ၁၅၃၊ မြေကွက်တည်နေရာအမှတ် ၁၆၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ် ဦးချို ၁၂/အလန(နိုင်)၀၂၈၁၅၆ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးချိုသည် ၅-၄-၂၀၁၂ ရက်တွင်လည်းကောင်း၊ မိခင် ဒေါ်တင်ရွှေသည် ၁၁-၆-၁၉၈၃ ရက်တွင်လည်းကောင်း ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းနွဲ့ ၁၃/လရန(နိုင်)၀၂၀၆၁၀၊ ဒေါ်တင်တင်အေး ၁၂/အလန(နိုင်)၀၂၈၁၆၄၊ ဒေါ်ဥမ္မာချို ၉/မတန(နိုင်)၀၀၁၉၄၇၊ ဦးစောအောင် ၁၂/အလန(နိုင်)၀၂၈၁၅၈၊ ဒေါ်စန္ဒာချို ၁၂/အလန(နိုင်)၀၂၈၁၅၉၊ ဦးမောင်မောင်အောင် ၁၂/အလန(နိုင်)၀၂၈၁၆၀၊ ဦးညီညီအောင် ၁၂/အလန(နိုင်)၀၂၈၁၆၁တို့သည် သားသမီးများတော်စပ်ကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံသူမရှိကြောင်း ကျမ်းကျိန်လွှာအမှတ် ၈၇၅/၁၈-၁-၂၀၁၇၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( L.၁၇/ ၆၀)၊ မြေကွက်အမှတ်( ၂၀၃၅ )၊ မြေကွက်တည်နေရာအမှတ်(၂၀၃၅)၊ ( L.၁၇/ ၆၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) **(ဦးတင်မောင်ဝင်း)**အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်မောင်ဝင်း (၁၂/လမန(နိုင်) ၀၀၀၃၈၈)ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနတွင် ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ထရံကာသွပ်မိုး၊ အဆောက်အဦးရှိပါသည်။ သို့ဖြစ်ပါ၍ ဦးတင်မောင်ဝင်း ၏ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးအောင်ချစ် (ငြိမ်း)
### အသက်(၈၇)နှစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်-ဒေါ်သန်းသန်းချို(ညွှန်ကြားရေးမှူး၊ ငြိမ်း)တို့၏ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်ကြီးအောင်ချစ်(ငြိမ်း)သည် ၈-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး
ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ

## ဒေါ်လှလှမြင့်
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက် ၃၃၄၊ အခန်း ၁၁နေ (ဗိုလ်မှူး စိုးတင့်)၏ဇနီး၊ ဦးကျော်စိုး၊ ဦးသိန်းစိုး-ဒေါ်အေးအေးမော်တို့၏မိခင်၊ မအိမ့်ကြည်ဖြူ၊ မမှူးပြည့်စံတို့၏အဘွားသည် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အနောက်ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
## ဦးထွန်းသောင်း အသက်(၆၁)နှစ်
### မြို့မကျောင်းသားဟောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၇လမ်း၊ အမှတ်(၅၇ B.3)နေ မြို့မဆရာ(ဦးဘသောင်း-ဒေါ်ခင်ကြည်)တို့၏သား၊(ဒေါ်သိန်းသိန်းဝင်း)၏ခင်ပွန်းသည် ၈-၄-၂၀၁၇ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မူမူညွန့်(ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း) အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ခွန်နီလမ်းသွယ်(၂)၊ အမှတ် ၁၀၀နေ (ဗိုလ်မှူးမောင်မောင်-ဒေါ်ခင်ခင်)တို့၏သမီး၊ ဦးအေးကျော်(မြန်မာ့လေကြောင်း၊ ငြိမ်း)-ဒေါ်ချိုချိုညွန့်(ပျားမွေးမြူရေး၊ ငြိမ်း)၊ ဒေါ်ဆွေဆွေညွန့်(တရားလွှတ်တော်ရှေ့နေ)တို့၏ညီမသည် ၈-၄-၂၀၁၇ရက် (စနေနေ့) ည ၁၁း၀၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၉-၄-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်မြိုင် (တိုက်ကြီးမြို့)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ ၁၂လမ်း၊ အမှတ် ၂၅၉နေ(ဦးမြသင်-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးလှခိုင်)၏ဇနီး၊ ဒေါ်စန်းစန်းလှ၊ ဦးငွေမြင့်-ဒေါ်အေးအေးသိန်း၊ ဦးမောင်မောင်အေး-ဒေါ်သန်းသန်းဝင်း၊ ဦးမောင်မောင်စိုး-ဒေါ်မြင့်မြင့်အေး၊ ဦးထွန်းသိန်းအောင်- ဒေါ်သန်းသန်းဆွေ၊ ဦးဇော်မင်းနိုင်-ဒေါ်အေးသန္တာ၊ ဦးကျော်နိုင်စိုး-ဒေါ်မြမြသန်းတို့၏မိခင်သည် ၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက်တွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်မြိုင် (တိုက်ကြီး)
### အသက်(၈၃)နှစ်

အမေရိကန်နိုင်ငံ၊ မေရီလင်းပြည်နယ်၊ Gaithersburg မြို့နေ ဦးထွန်းသိန်းအောင်-ဒေါ်သန်းသန်းဆွေတို့၏မိခင်၊ မောင်ဇင်မင်းဟန်-Whendy၊ မောင်မင်းသူရ၊ မောင်နိုင်ထွဏ်းအုပ်တို့၏ဘွားဘွား၊ Samantha Hope ၏ ဘွားဘွားကြီးသည် ၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါကြောင်း မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်တင်နှစ် အသက်(၇၈)နှစ်
### ကွမ်းခြံကုန်းမြို့၊ ရေတိမ်ကျေးရွာ

ရန်ကုန်မြို့နေ (ဦးဖိုးထန်-ဒေါ်ဇော်ခင်)တို့၏သမီး၊ (ဦးစံရာ-ဒေါ်မြစိန်)တို့၏သမီးချွေးမ၊ ဦးနရိန္ဒ (မအူပင်ခရိုင်၊ ရွှေဟင်္သာ ဓမ္မာရုံရွှေကျင်ကျောင်းခြောက်ရွာ)၏မယ်တော်၊ (ဦးဖေတင်)-ဒေါ်ကျော့ရင်၊ (ဦးဖေကျင်)-ဒေါ်ခင်တင့်၊ ဒေါ်တင်မြ၊ (ဦးကြီးမောင်-ဒေါ်တင်ကြည်)၊ (ဒေါ်တင်မှီ)၊ ဒေါ်တင်ရီ၊ ဒေါ်တင်ယုံ၊ (ဦးတင်ငွေ)-ဒေါ်ကြည်လှ၊(ဦးတင်နွယ်)၊ ဦးသန်းထွေး-(ဒေါ်ညွန့်တင်)တို့၏ညီမ၊ ဦးသိန်းဟန်-ဒေါ်တင်ချစ်တို့၏အစ်မ၊ တူ၊ တူမ ၁၉ယောက်တို့၏အဒေါ်သည် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[အမှတ် ၁၃၆၊ ၃၆လမ်း၊ ဦးစိုးအောင် (မိုးကောင်းကင်စာပေ)နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်တင်နှစ်
### ကွမ်းခြံကုန်းမြို့၊ ရေတိမ်ကျေးရွာ
### အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးဖိုးထန်-ဒေါ်ဇော်ခင်)တို့၏သမီး၊ (ဦးစံရာ-ဒေါ်မြစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း၊ အမှတ် ၁၃၆(မြေညီ)နေ ဦးစိုးအောင်(မိုးကောင်းကင်စာပေ)၏ချစ်လှစွာသောဇနီး၊ ဦးနရိန္ဒ(မအူပင်ခရိုင် ၊ ရွှေဟင်္သာဓမ္မာရုံ ရွှေကျင်ကျောင်းခြောက်ရွာ)၏မယ်တော်၊ ဒေါ်စိုးစိုးဝင်း (ဒုတိယဌာနမှူး၊ လေကြောင်းပညာသိပ္ပံ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)၏မိခင်သည် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ပွား (မြိတ်)
### စတုဘုမ္မိက(ယောဂီ)
### အသက်(၉၀)

မြိတ်မြို့နေ ဦးနီယား-ဒေါ်စိန်ယွေတို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၆လမ်း၊ အမှတ် ၂၃နေ(ဦးဘတိတ်)၏ဇနီး၊ ဦးချိုချို-ဒေါ်စန်းစန်းနု၊ ဦးသိန်းဝင်း-ဒေါ်ရီရီမြင့်၊ ဦးထွန်းထွန်းမင်း - ဒေါ်သန်းသန်းမြင့်၊ ဦးဝင်းယု-ဒေါ်တင်တင်နွယ်၊ ဦးလင်းငွေ-ဒေါ်စိုးစိုးမြတ်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၀ -၄-၂၀၁၇ရက် ၂း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သီ
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်းအမှတ် ၁၁၇၊ ပ-ထပ်နေ(ဦးကျော်မြင့်)၏ဇနီး၊ဒေါက်တာသန်းလွင်-ဒေါ်အေးသိန်း၊ ဦးကျော်ထူး၊ ဦးစိန်မွေး-ဒေါ်ခင်ခင်အေးတို့၏မိခင်၊ မောင်သီဟထက်၊ မယွန်းမြတ်သွယ်၊ မောင်ကျော်စွာလင်း၊ မအိပန်းဖြူမွန်တို့၏အဘွားသည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေး ဖူကျုန့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိန်
### အထက်တန်းပြဆရာကြီး(ငြိမ်း)၊ ဒိုက်ဦးမြို့
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် ၄၂/က၊ ၁၁၈ ကံ့ကော်မြိုင်လမ်းနေ (ဦးညွန့်-ဒေါ်သိန်းမြ)တို့၏သား၊ ဦးခင်ထွဋ်-ဒေါ်ခင်မေသန်း၊ (ဒေါက်တာမြသန်း၊ တွဲဖက်ပါမောက္ခ)-ဒေါ်နုနုခင်၊ (ဦးသန့်ဇင်)-ဒေါ်ခင်မြနွယ်တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၇ရက် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### R.I.P
## ဦးခင်မောင်မြင့် (MR. RANDOLPH MONTCLAR)
### ဒုလက်ထောက် အင်/ယာ၊ ဆသရ(ငြိမ်း)
### အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှတ် ၂၀နေ(MR,GD. MONTCLAR-MRS.DOROTHY. MONTCLAR)တို့၏သား၊ ဒေါ်စွိထိန်(MRS.HELEN MONTCLAR)၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်သန်းသန်းယဉ်၊ ဦးလှမြင့်-ဒေါ်ကြည်ကြည်၊ ဦးစိုးမြင့်-(ဒေါ်ဆွေဆွေဝင်း)၊ ဦးမိုးမြင့်-ဒေါ်စန္ဒာဝင်း၊ (ဒေါ်သန်းသန်းမြင့်)၊ ဦးစိုးမြင့်သိန်း-ဒေါ်အေးအေးမြင့်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် စိန့်ဖရန်စစ်ဇေးဗီးယားဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး သန်လျင်အမိုးနီသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဆွေဝင်း
### B.Sc (Forestry) 5th-Batch, H.G.P
### ရေနံချောင်းမြို့နယ်၊ ချောင်းဆုံရွာ
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် ၁၆/၅၈နေ ဒေါ်အေးအေးသန်း၏ခင်ပွန်း၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံရွာနေ (ဦးချစ်ထွေး-ဒေါ်ရွှေယု)တို့၏သား၊ တောင်ကြီးမြို့နေ (ဦးညီထွေး-ဒေါ်လှတင်)တို့၏သားသမက်၊[ဦးသိန်းမင်း(ဦးစီးမှူး၊ ဆည်မြောင်းဦးစီးဌာန)]၊ ဦးဝင်းမောင်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)၊ ဒေါ်နီလာဝင်း [မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်)]တို့၏ဖခင်၊ မောင်ငြိမ်းဆွေဝင်း၊ မောင်မိုးဆွေဝင်းတို့၏ဘိုးဘိုးကြီးသည် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၀၀း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ရွှေ(ခ)ငနီဂျာ
### မြေပုံ/ကျောက်ဖြူ
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ် ၁၆၊ ငါးလွှာ (A)နေ (ဦးတင်နု - ဒေါ်ရွှေစိန်ဦး)တို့၏သား၊ (ဦးမောင်စိန်အေး - ဒေါ်စိန်ညွန့်)တို့၏သားသမက်၊ ဒေါ်လှအေးသိန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်သုမင်းရွှေ(သက်ကို)-မရီရီသန်း၊ မအေးနန္ဒာရွှေ(မီးမီးချော)တို့၏ဖခင်၊ ဒေါ်တင်တင်ဦး၏မောင်၊ဒေါ်တင်တင်ရွှေ၊ဒေါ်တင်တင်ထွေးတို့၏အစ်ကို၊ ဦးချမ်းမြ-ဒေါ်လှအေးကြည်(ပုမ)၊ ဦးစိုးမြင့်သူ-ဒေါ်လှသိန်းကြည်တို့၏ခဲအို၊ မောင်ဖြိုးဇေယျာတို့၏အဘိုးသည် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်နှင့် တာမွေအဝိုင်းထိပ်တို့မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက် (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ဒါယိကာမကြီး
## ဒေါ်နုနုရီ အသက်(၅၄)နှစ်
### အထက်တန်းပြ(ငြိမ်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၃၇-က၊ လေးလွှာနေ(ဦးသောင်းတင်၊ ငွေစာရင်းအရာရှိ၊ ဆလရ)-ဒေါ်ကြင်သိန်းတို့၏ချစ်လှစွာသောသမီး၊ ပြည်မြို့၊ ဝက်ထီးကန်မြို့နေ [ဦးဝင်းမောင်(ရဲတပ်ကြပ်ကြီး၊ ငြိမ်း) - ဒေါ်သန်းသန်းနွဲ့(မူလတန်းပြဆရာမ)]တို့၏ချွေးမ၊ ဦးတင်ထွဋ်-ဒေါ်ခင်နုဆွေတို့၏ညီမ၊ ဦးဝင်းမောင်-ဒေါ်နုနုအေး၊ဦးမင်းလွင်-ဒေါ်နုနုသင်း၊ဒေါ်နုနုဝင်း၊ ဦးမောင်မောင်စိုးနိုင်၊ ဦးညီညီစိုးလှိုင်-ဒေါ်လှမွေး၊ ဦးကျော်စွာအောင်-ဒေါ်နုနုလင်းတို့၏အစ်မ၊ မန္တလေးမြို့၊ ရဲအရာရှိအတတ်သင်ကျောင်းဝင်းနေ ရဲအုပ်ဦးနိုင်ဝင်း(နည်းပြအရာရှိ)ချစ်လှစွာသောဇနီး၊မောင်ချိုကိုနီ-မနှင်းအိလှိုင်တို့၏ချစ်လှစွာသောမိခင်၊ မောင်ဝါဆိုမောင်၊ မောင်လဝန်းမောင်တို့၏ဘွားဘွား၊ တူ၊ တူမ ၁၁ယောက်တို့၏အဒေါ်သည် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် ဗဟိုရ်ရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဦး (ပုသိမ်)
### Senior Advisor
### International Committee of The Red Cross
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်ကွန်ဒို၊ အမှတ် OO H နေ (ဦးခင်မောင်တိုး-ဒေါ်ညွန့်ညွန့်သန်း)တို့၏သား၊ ဦးကြိုင်ထွန်း-ဒေါ်ခင်ကြည်တို့၏ သားသမက်၊ ဒေါ်ခင်မျိုးလွင်(ခ)ငယ်ငယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မြင့်မြတ်(Future Kidz International School)၏ဖခင်သည် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုအောင်တင့်လွင်
### MRTV-4
### (For Sport, Presenter)
### အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊တိုက် ၆၊ အခန်း ၂၊ စက်မှု(၁)အရာရှိရိပ်သာနေ ဦးစိုးမြင့်-ဒေါ်ခင်ဝင်းမြင့်၊ (ဦးအေးဖေ)-ဒေါ်ဝါဝါတင်တို့၏သား၊ ဦးဇော်ထွဋ်-ဒေါ်ခင်မြင့်ကျော်၊ ဦးသန်းအုန်း-ဒေါ်မို့မို့တင်တို့၏တူ၊ ဦးပြည့်စုံ-ဒေါ်စန္ဒာမြင့်(သုတေသနဌာန၊ စက်မှုဝန်ကြီးဌာန)၊ ဒေါ်ရွှေစင်အိ(တော်ဝင်ဂါးဒင်းဟိုတယ်)၊ ဦးဇွန်မောင်မောင်-ဒေါ်စုမွန်ထွေး(MRTV-4)တို့၏မောင်၊ ကိုပြည့်စုံအောင်-မဆုသဲဖြူတို့၏အစ်ကို၊ မောင်ပြည့်ဖြိုးမောင်၊ မဆုပြည့်သံစဉ်တို့၏ဦးလေးသည် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်နွဲ့
### အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ အမှတ်(၆)၊ သီတာရေမြောင်း(တောင်)လမ်းနေ (ဦးစိုးနွဲ့ - ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးစိန်-ဒေါ်လူစီ)တို့၏ချွေးမ၊ ဦးလှငွေး၏ဇနီး၊ကိုမင်းမင်းသိမ်း-မညီမီလွင်တို့၏မိခင်၊ မခြူးနဒီခင်၊ မပန်းကြာဖြူခင်တို့၏အဘွားသည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၄-၂၀၁၇ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာလာမြင့်
### B.A (Law) LL.B
### အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း
### (အိမ်တွင်းမှုစာပေတိုက်)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဗိုလ်ကြီးမောင်မြင့် - ဒေါ်စောကြည်)တို့၏သမီး၊ (ဦးရဲညွန့်-ဒေါ်ခင်ဆိုင်)တို့၏ချွေးမ၊ဦးကြည်မြင့်-ဒေါ်ယဉ်ယဉ်နွယ်၊ ဦးညီညီငြိမ်း-ဒေါ်ခင်သက်မြင့်တို့၏ညီမ၊(ဦးသက်တင်)-ဒေါ်ခင်သီတာမြင့်၊ ဦးချိုမြင့်အောင်-ဒေါ်သောင်းသောင်းအေးတို့၏အစ်မ၊ (ဦးစန်းယု)၏ဇနီး၊ ဒေါ်ယဉ်မင်းဦး၊ ဦးမြတ်ဟိန်း-ဒေါ်မြတ်သူဇာတို့၏မိခင်၊ မမြတ်ပန်းရနံ့လှိုင်တို့၏ဘွားဘွားသည်၁၀-၄-၂၀၁၇ရက် မွန်းလွဲ ၂း၄၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တိုက် ၆၇-စီ၊ အခန်း ၆-ဒီ၊ ယုဇနကွန်းဒို၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ခင်
### ပျဉ်းမနား (မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး၊ ငြိမ်း)
### အသက်(၇၆)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့နေ (ဦးဘကြည်-ဒေါ်ရွှေသိန်း)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သံပုံးစက်ဝင်း၊ အမှတ် ၁၆၉နေ ဒေါ်ခင်ဆွေ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးသီတာကျော် (အထပြ၊ ထ-၁၊ လှိုင်သာယာ)၊ ဦးသူရကျော်(MGW Co., Ltd)၊ ဒေါ်သူဇာကျော် (ဦးစီးအရာရှိ၊ ပညာရေးသုတေသန)၊ ဦးဇော်မြင့်ကျော်-ဒေါ်ခင်နှင်းပွင့်ဖြူ၊ ဒေါ်သိန်းသိန်းကျော်(YU ကျောင်းသားရေးရာ)တို့၏ဖခင်၊ မောင်ဘုန်းမင်းခန့်၏အဘိုးသည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၄-၂၀၁၇ရက် (စနေနေ့) နံနက်တွင် အထက်ပါ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်ဦး
### Senior Advisor (ICRC)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်ကွန်ဒို၊ အမှတ် 00H နေ (ဦးခင်မောင်တိုး-ဒေါ်ညွန့်ညွန့်သန်း)တို့၏သား၊ ဒေါ်ခင်မျိုးလွင်(ခ)ငယ်ငယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မြင့်မြတ်၏ ဖခင်၊ ဗိုလ်မှူးကြီးဖုန်းနိုင်(ငြိမ်း)-ဒေါ်မေနွယ်ချော၊ဦးအောင်အောင်ကျော်၊ဦးဖြိုးသူရ-ဒေါ်အေးအေးကြည်တို့၏ အစ်ကိုသည် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာယဉ်(ခ)ချန့်ယွိလမ်
### အသက်(၈၄)နှစ်

သုံးဆယ်မြို့နေ (ဦးထောင်-ဒေါ်ကျင်မေ)တို့၏သမီး၊ မုံရွာမြို့နေ (ဦးဝါရိန်-ဒေါ်ရှင်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးခင်မောင်) ရွှေပုပ္ပါးကင်မရာ၏ဇနီး၊ ဦးစိန်ဝင်း-(ဒေါ်ယဉ်ယဉ်ထွန်း)၊ ဦးစိန်ထွန်း Director, Myanmar EHB (Mdy)-ဒေါ်ဥမ္မာလှိုင် Director, A-12 Myanmar၊ ဒေါ်မိုးမိုးကြင်-ဦးမောင်မောင်သိန်း(USA)၊ ဦးစိန်ဟန်၊ ဒေါ်သီတာမိုး-ဦးတင်မောင်ထူး(USA)တို့၏မိခင်၊ မသိမ့်သိမ့်လှိုင်ထွန်း၊ မောင်အောင်အောင်ဦး၊ Monalisa, Vivian, မဖြူဖြူလှိုင်ထွန်း၊ Thomas တို့၏အဘွားသည် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)ည ၇း၄၅နာရီတွင် Fremont, San Francisco မြို့၌ ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာယဉ်(ခ)ချန့်ယွိလမ်
### အသက်(၈၄)နှစ်

သုံးဆယ်မြို့နေ (ဦးထောင်-ဒေါ်ကျင်မေ)တို့၏သမီး၊ မုံရွာမြို့နေ (ဦးဝါရိန်-ဒေါ်ရှင်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ [ဦးခင်မောင် (ရွှေပုပ္ပါးကင်မရာ)]၏ဇနီး၊ (ဦးကြင်စိန်-ဒေါ်ခင်မာလှိုင်)တို့၏ညီမ၊ (ဦးဝင်းမောင်-ဒေါ်ခင်မာရီ)၊ ဦးအောင်စိုး-ဒေါ်ခင်မာဝင်း၊ (ဦးမျိုးလွင်)-ဒေါ်ကင်စွန်း၊ (ဦးတင့်လွင်)၊ (ဦးတင်ရှင်း)-ဒေါ်ခင်မာဝေ၊ (ဦးသက်လွင်)-ဒေါ်မြင့်မြင့်ငွေး၊ ဒေါ်သီလစာရီတို့၏အစ်မသည် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၇း၄၅နာရီတွင် Fremont, San Francisco မြို့၌ ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒုဗိုလ်ဇော်ကိုထက်
### (ကြည်း-၇၀၉၁၇)
### အသက်(၂၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကန်ဦးရပ်၊ ကျည်တော်ကုန်းနယ်မြေ၊ မိတ္ထီလာမြို့၊ အမှတ် ၁၁၁၊ ဆက်သွယ်ရေးတပ်ရင်း၊ မော်တော်ယာဉ်တပ်စု ဒုတပ်ကြပ်(ငြိမ်း) ဝင်းကိုကို-ဒေါ်တင်မာကြည်တို့၏သားသည် ၇-၄-၂၀၁၇ရက်တွင် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်၌ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးအက်စ်တီထန်ရှင်းတန် (ကျန်းမာရေးမှူး၊ ငြိမ်း)
### U,S Thang Sian Taang(Sukte Beh)Tuithang(H.A Retired)
### အသက်(၈၁)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ တွီးထန်ကျေးရွာနေ(U Sim Tung Nung-Daw Zen Naing)တို့၏သား၊ (U Rev. Dr.Kam Khaw Thang, B.Th,DD)-Daw Niang Khan Ciin,(Daw Cing Lian Man-U Khen Do)တို့၏ညီမောင်၊ (U Lam Za Langh)-Daw KhualKhaw Cing, U Pum GoCin-DawNing Heh Cing,U Hau Vai Kham-(Daw Ning Khan Man)-Daw Man Lun Cing,Daw Cing Khan Mang-(U Mang Khaw Hau),DawKam Ngaih Cing- U Ai Khen Thang,U Vei Suan Pau -Daw Niang Zam Mang တို့၏အစ်ကို၊ ဦးထွန်းထွန်းဦး-ဒေါ်အေးမြင့်စန်း၊ ဒေါ်ခင်သီတာ@ DawNiang Lian Dim -ဦးအောင်သူရ၊ ဦးခင်မောင်ချင်း @ U Thang Cin Khai -နော်တင်တင်ဆိုင်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ကြည်သန်း၏ချစ်လှစွာသောခင်ပွန်း၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၉-၄-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ဗဟိုရ်ရဲစည်ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌သင်္ဂြိုဟ်ပါမည်။ [TBCY ဘုရားကျောင်း၊ စမ်းချောင်း Emanuel ဘုရားကျောင်းရှေ့၊ယုဇနေ ပိတောက်ကွေ့၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ် နေအိမ်တို့မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း အသက်(၈၀)
### ဗိုလ်မှူး၊ တပ်မတော်-ရေ(ငြိမ်း)
### မြို့နယ်တရားသူကြီးဥက္ကဋ္ဌ(ငြိမ်း)
### ရေကြောင်းပြမှူးကြီး (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ငြိမ်း)
### တောင်တွင်းကြီးအသင်း နာယကအဖွဲ့ဝင်

တောင်တွင်းကြီးမြို့နေ (ဦးမောင်ကြီး-ဒေါ်သန်းတင်)တို့၏သား၊ (ဒေါ်ခင်မြိုင်)၊ (ဒေါ်ခင်ကြိုင်)၊ ဒေါ်ခင်ကြည်၊ (ဒေါ်ခင်အုန်း)တို့၏မောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၄၄ (လေးလွှာ)နေ ဒေါ်ယဉ်မေသိန်း၏ခင်ပွန်း၊(ဦးကျော်မြင့်သိန်း)၊ဦးအောင်မြင့်သိန်း(ဗိုလ်မှူး၊ တပ်မတော်-ရေ၊ ငြိမ်း)၊ ဒေါ်သူဇာယဉ်(အထက်တန်းရှေ့နေ)၊ ဦးမျိုးမြင့်သိန်းတို့၏ဖခင်၊ မောင်ဘုန်းမြတ်နိုင်(ရန်ကုန်တက္ကသိုလ်)၏ဘိုးဘိုးကြီးသည် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပြည်တွင်းသာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး၏
## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
## ဦးမောင်လှဖေ(စစ်တွေမြို့) အသက်(၇၄)နှစ်

(ဦးမောင်ရွှေစိုး-ဒေါ်နန်းစိန်ဦး)တို့၏သား၊ (ဒေါ်မဝင်းကြည်)၏ခင်ပွန်း၊ အရှင်ကုမာရ(ခ)ဦးပဏ္ဍင်းဘီလူး(အလိုတော်ပြည့်ကျောင်းတိုက်)၊ ဦးဝင်းမောင်-ဒေါ်ခင်သန်းရီ၊ ဦးအေးကျော်-ဒေါ်လှနွယ်၊ မငွေးငွေးနွယ်၊ မအေလှ၊ မချိုမာနွယ်၊ မောင်ဖိုးဇော်၊ မနွယ်မာလွင်၊ မဖြိုးကေသီနွယ်တို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၂း၁၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၄၅၊ လေးလွှာ/B နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် အဓိကကျ




ဒုတိယသမ္မတ ဦးမြင့်ဆွေ  မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့်  ပဉ္စမအကြိမ် ပုံမှန်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်

**နေပြည်တော်  မေ  ၁၀**

လုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနအသီးသီးမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပဉ္စမအကြိမ် ပုံမှန်တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်မှာ ယခုဆိုလျှင် ပဉ္စမအကြိမ် ရှိပြီဖြစ်ပါကြောင်း၊ ထိုသို့တွေ့ဆုံ ဆွေးနွေးရာတွင် ပထမအကြိမ်၌ ဆုံးဖြတ်ချက် ၂၇ ချက်၊ ဒုတိယအကြိမ်၌ ဆုံးဖြတ်ချက် ၁၁ ချက်၊ တတိယအကြိမ်၌ ဆုံးဖြတ်ချက် ၁၆ ချက်နှင့် စတုတ္ထအကြိမ်၌ ဆုံးဖြတ်ချက် ၁၁ ချက် စုစုပေါင်း ၆၅ ချက်ကို ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါဆုံးဖြတ်ချက် ၆၅ ချက်အနက် ၅၄ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် လုပ်ငန်းကော်မတီများက

*စာမျက်နှာ ၆ ကော်လံ ၄* ❍

## သကြင်္ကန်ကာလအတွင်း လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခြင်းမပြု

**နေပြည်တော်  မေ  ၁၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ Partial Shut-down လုပ်ငန်းအား မေ ၁၂ ရက်မှ ၁၆ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ရတနာကမ်းလွန် Shut-down ဆောင်ရွက်ခြင်းကြောင့် တစ်နိုင်ငံလုံးတွင် ဓာတ်အားထုတ်လုပ်မှုအနည်းငယ် လျော့နည်းသွားမည်ဖြစ်သော်လည်း သကြင်္ကန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ခြင်းမပြုဘဲ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သကြင်္ကန်ရထားခရီးစဉ် လက်မှတ်ဝယ်ယူသူများ ကြိတ်ကြိတ်တိုး၊ ခရီးစဉ် လိုအပ်မှုအရ သကြင်္ကန်အထူးရထားတစ်စင်း ထပ်မံတိုးချဲ့ပြေးဆွဲ

စာ » ၁၁

## ထူးခြားသည့် နေ့အပူချိန်များ

**၁၀-၄-၂၀၁၇**

| | | |
|---|---|---|
| ချောက်မြို့ | ၄၆ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ မကွေးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ မြင်းခြံမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မန္တလေးမြို့ မြင်းမူမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်းမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |

## အာရှဖလားအမျိုးသမီးခြေစစ်ပွဲအောင်ရန် မြန်မာနှင့်ဗီယက်နမ် ယနေ့အဆုံးအဖြတ်ကစားမည်

**သတင်း- ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF**

**ဟနွိုင်း  မေ  ၁၀**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာရှဖလားအမျိုးသမီးခြေစစ်ပွဲ အုပ်စု(ဃ) နောက်ဆုံးနေ့ကို မေ ၁၁ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရန် မြန်မာနှင့်အိမ်ရှင်ဗီယက်နမ်တို့ အဆုံးအဖြတ်ကစားရမည်ဖြစ်သည်။

မေ ၉ ရက်ပွဲစဉ်များအပြီးတွင် မြန်မာနှင့် အိမ်ရှင်ဗီယက်နမ်အသင်းတို့ သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်စီဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✪



မြန်မာအမျိုးသမီးအသင်းကို တွေ့ရစဉ်

